၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။
www.transcomjournal.com


ပို့ဆောင်ရေးသတင်း

TRANSCOM NEWS JOURNAL

သတင်းဂျာနယ်

အတွဲ (၈)၊ အမှတ် (၁၅)

၂၀၁၈ခုနှစ်၊ ဩဂုတ် (၈)ရက်



ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ရထားလမ်းနှင့် တံတားဘုတ် ၇၄မြေပြင်နေရာ၊ ဘီးလင်းချောင်း ပြုပြင်ရန် ညှိနှိုင်း၊ ကျိုက်ထို-စစ်တောင်း မြစ်ကမ်းဆီနှုန်းလုပ်ငန်း ကြည့်ရှုစစ်ဆေး



စာ-၁၇



တွံတေးတူးမြောင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

စာ-၇



နေပြည်တော်-ပဲခူးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေး လုပ်ငန်း ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

စာ-၁၅



ပဲခူးမြို့နယ်ရှိ ရထားလမ်းပိုင်းများပျက်စီးမှုကြည့်ရှု၊ ရောင်ရောက်ခဲ့သည့် ဝန်ထမ်းအိမ်ရာမှ မိသားစုများအား ထောက်မ

စာ-၁၅



အယ် ဒီ ဒဏ္ဍ အာ ဧည်

သဘာဝဘေးနှင့် ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု ခွန်အား

မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးဌာန၏ ဇူလိုင်လ (၂၁) ရက်၊ ညနေ (၄)နာရီထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိခဲ့သည်။ အိန္ဒိယနိုင်ငံဘလာဆော (Balasore) မြို့၏ အရှေ့တောင်ဘက် (၆၆) မိုင်ခန့်၊ ဒီဂါ (Digha) အရှေ့တောင်ဘက် (၄၆) အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေခဲ့သည်။ ၁၈၃၀ ချိန်တွင် ဩရိသကမ်းခြေမြောက်ပိုင်းကို ဘလာဆောမြို့နှင့် ဒီဂါမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်သွားခဲ့သည်။

ဇူလိုင်လ (၂၂)ရက်မှစတင်၍ ရခိုင်၊ ကရင်၊ မွန်ပြည်နယ်တို့တွင် ဒေသအလိုက်မိုးကြိုးခဲ့သည်။ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများတွင် နေရာကွက်၍မိုးကြိုးခဲ့သည်။ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ တောင်ပိုင်းဒေသအချို့ရှိ မြို့များ၏ မိုးရိပ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိခဲ့သည်။ ဇူလိုင် (၂၃) နှင့် (၂၄) ရက်တွင် ရွာသွန်းသောမိုးကြောင့် ဘီးလင်းမြို့တွင် ၁၀၀၇ စင်တီမီတာ၊ ဇူလိုင် (၂၅) ရက်တွင် ပဲခူးတိုင်း ဒေသကြီး ဇောင်းတူမြို့၏ မိုးရေချိန်သည် နှစ်ပေါင်း (၃၀) အတွင်း အမြင့်ဆုံးစံချိန်သစ်အဖြစ် (၇) ဒသမ (၇၉) လက်မသို့ ရောက်ရှိခဲ့သည်။ စံချိန်ဟောင်းမှာ (၅) ဒသမ (၆၇) လက်မဖြစ်သည်။

ဇူလိုင်လ (၂၃)ရက်မနက်တွင် ဘီးလင်းမြို့၏ မိုးရိပ်ရေမှတ် (၁၀၂၂)စင်တီမီတာ အနီးသို့ ရောက်ရှိလာခဲ့သည်။ မြို့ပေါ်ရပ်ကွက် (၂)ခုနှင့် ကျေးရွာ(၂)ရွာတို့တွင် ရေဝင်ရောက်လာသဖြင့် ရေဘေးသင့်ပြည်သူ (၈၀၀) ကျော်ကို စတင်ရွှေ့ပြောင်းခဲ့ရသည်။ ဖွန်လအတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ် (၇) ခုတွင် ရေကြီးရေလျှံခဲ့သော်လည်း ဘီးလင်းမြို့တွင်ရေကြီးရေလျှံမှု မဖြစ်ပေါ်ခဲ့သော်လည်း တောင်ကျရေနှင့် မြစ်ရေတို့ကြောင့် ယခုနှစ်အတွင်း ပထမဆုံးအကြိမ်ရေကြီးခြင်းဖြစ်ကြောင်းသိရသည်။

ထိုအချိန်မှစ၍ ရန်ကုန်- မော်လမြိုင်လမ်းတွင် ဘီးလင်းနှင့် ကျိုက္ကော်အကြားတွင် ကားလမ်းရေကျော်မှု တစစမြင့်တက်လာခဲ့သည်။ နှစ်ဘက် ကားကြိုး၊ ကားငယ်ရာချီ၍ စောင့်ခဲ့ကြရသည်။ ဇူလိုင်လ (၂၅)ရက်မှစ၍ ပြည်နယ်အစိုးရမှ ကားလမ်းဖြတ်ကျော်ခွင့် မပေးတော့ချေ။ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်တိုင်အနီးကပ်ကွင်းဆင်းကွပ်ကဲ ဆောင်ရွက်ခဲ့သည်။

ကယ်ဆယ်ရေးစခန်းများတိုးချဲ့ဖွင့်လှစ်ခြင်း၊ ရေဘေးသင့်ဒေသခံများကို ရွှေ့ပြောင်းနေရာချခြင်းတို့ အရှိန်မြင့်ဆောင်ရွက်ခဲ့သည်။ ဇူလိုင် (၂၈) ရက်တွင် ရေဘေးရှောင်လူဦးရေမှာ (၇၆၅၀)ကျော်ရှိရာမှ ဇူလိုင် (၂၉) ရက်တွင် (၉၉၄၀) အထိ မြင့်တက်လာခဲ့သည်။ ရေဘေးသင့်ဒေသခံများကို ကယ်ဆယ်ရေး၊ ရွှေ့ပြောင်းနေရာချထားရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သံလွင်ဌာနခွဲ (မွန်ပြည်နယ်၊ မော်လမြိုင်အခြေပြု) တို့ ပါဝင်ပူးပေါင်းဆောင်ရွက်ရန် တာဝန်ပေးအပ်လာခဲ့သည်။ ထိုအချိန်တွင် ကားလမ်းပေါ်တွင် နှစ်ဘက်အစုန်အဆန်သွားကြမည့် ယာဉ်ကြီး၊ ယာဉ်ငယ်တစ်ထောင်ကျော် ရပ်တန့်နေပြီဖြစ်သည်။ ဇူလိုင်လ (၂၈) ရက်တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရောက်ရှိလာပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကာတွေ့ဆုံအားပေးစကားပြောကြားခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ ထိုအချိန်တွင် ရန်ကုန်-မော်လမြိုင်ရထားလမ်းမှာ ရေကျော်သဖြင့် ခရီးစဉ်များ ရပ်ဆိုင်းထားခဲ့ရသည်။

ဇူလိုင်လ (၂၈)ရက်၊ နေ့လည်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ဘူတာသို့သွားရောက်ခဲ့သည်။ ဘူတာနှင့် ဝန်ထမ်းအိမ်များရေဝင်ရောက်နေမှုနှင့် ရေဘေးသင့်ဝန်ထမ်းများကို ကြည့်ရှုအားပေးခြင်းနှင့် ထောက်ပံ့ရေးပစ္စည်းနှင့် ငွေကြေး များပေးအပ်ခဲ့သည်။ ပဲခူးဘူတာကြီးတွင် ဝန်ထမ်းများအား လုံးစားသောက်ရေးအတွက်စီမံဆောင်ရွက်နေသည်လည်း ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။

အလားတူစွာ ကျိုက်ထို၊ နှင်းပုလဲဘူတာတို့တွင် ရထားလမ်းရေကျော်၍ ရပ်တန့်ထားခဲ့ရသဖြင့် ရထားပေါ်ပါ ရဟန်းရှင်သူ၊ ပြည်တွင်းပြည်ပခရီးသွားများအား လုံးကို နားနေရေးနှင့် စားသောက်ရေးတို့ကို ဆိုင်ရာဘူတာမှ ဝန်ထမ်းများက လမ်းဖွင့်သည်အထိ ပြန်လည်ကူညီစောင့်ရှောက်မှုပေးခဲ့ကြသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မွန်ပြည်နယ်ဌာနခွဲမှ ရေယာဉ်အုပ်နှင့် ဝန်ထမ်းများသည် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းအားဖြည့်ရန် ဘီးလင်းတွင်အခြေပြုကွပ်ကဲနေသည်။ ပြည်နယ်ဝန်ကြီးချုပ်အား သတင်းပို့ပြီး ရေဘေးသင့်ရွာများမှ ဒေသခံများကိုရွှေ့ပြောင်းခြင်း၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်ပေးခြင်း၊ စက်လှေပဲ့ချိတ်များဖြင့် ဘီးလင်းမြစ်ကူးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်-မော်လမြိုင်ကားလမ်းရက်ရှည်ပိတ်ထားရသည့်အတွက်ဒေသခံပြည်သူများသွားလာရေး အထောက်အကူဖြစ်စေရေး လေကြောင်းပို့ဆောင်ရေးမှ အားဖြည့်ကူညီရန် ပြည်ထောင်စုဝန်ကြီး၏ လုပ်ငန်းလမ်းညွှန်ချက်အရ မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် ရွှေမြန်မာလေကြောင်းလိုင်းမှ အထူးခေါက်များတိုးချဲ့ပျံသန်းသယ်ယူပို့ဆောင်ပေးခဲ့သည်။

ဇူလိုင် (၃၀) ရက်တွင် ရေများပြန်လည်ကျဆင်းစပြုပြီဖြစ်သဖြင့် လမ်းတံတားများကို စစ်ဆေးပြီးနောက် မွန်းလွဲ (၂) နာရီခွဲမှစ၍ သထုံမှဘီးလင်းအပိုင်းနှင့် ညနေ (၄) နာရီတွင် ကျိုက်ထိုမှ ဘီးလင်းအပိုင်းတို့အား ပြန်လည် ဖွင့်လှစ်ပေးခဲ့သည်။

ဩဂုတ်လ (၄) ရက်၊ နံနက် (၈) နာရီတွင် ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် နှင်းပုလဲဘူတာနှင့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ရထားလမ်းနှင့် တံတားအမှတ် (၇၄)ပြုပြင်နေမှု အခြေအနေကိုကြည့်ရှုစစ်ဆေးခဲ့သည်။ ဘီးလင်းချောင်းပြုပြင်ရန်ပဏာမဆန်းစစ်လေ့လာရေးအတွက် ညှိနှိုင်းခြင်း၊ နှင်းပုလဲကမ်းထိန်းလုပ်ငန်းနှင့် ပဲခူး-စစ်တောင်းတူးမြောင်းရေလမ်းကြောင်း အခြေအနေများအား တာဝန်ရှိသူများနှင့်အတူကြည့်ရှုစစ်ဆေးခဲ့သည်။

သဘာဝဘေးဟူသည်ဖြစ်ပေါ်ရာဒေသတွင်းရှိ ပြည်သူများကို တိုက်ရိုက်ပျက်စီးဆုံးမှုဖြစ်ပေါ်စေသကဲ့သို့ သွားလာရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်စည်ဈေးဆင်းမှု၊ စားဝတ်နေရေးလုံခြုံရေးဆိုင်ရာ ကဏ္ဍများကိုလည်းသွယ်ဝိုက်ထိခိုက်စေပါသည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် မူရင်းတာဝန်များအပြင် နိုင်ငံအဝန်းကြုံတွေ့ရသည့် သဘာဝဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဖြည့်ဆည်းအားကူရန် အသင့်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

၂၀၁၈ခုနှစ်၊ ဩဂုတ်လ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ ကမ္ဘလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၇)ရက်မှ (၉)ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင်(၄)ရက်မှ (၆)ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၅-ပေမှ ၇-ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့တို့တွင် ၃-ပေမှ ၅-ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဇလွန်မြို့တို့တွင် ၂-ပေမှ ၃-ပေခန့်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်ပြင်မြို့တို့တွင် ၆-ပေမှ ၈-ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၄-ပေမှ ၆-ပေခန့်မြင့်တက်လာနိုင်ပါသည်။

မိုး/ဇလ

ထိခိုက်ပျက်စီးယာဉ်အား သက်ဆိုင်ရာရုံးတွင် ခွင့်ပြုချက်တောင်းပြုပြင်နိုင်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထိခိုက်မှုကြောင့် ပျက်စီးသွားသောမော်တော်ယာဉ်အား ပြုပြင်ပြောင်းလဲလိုပါက သက်ဆိုင်ရာမှတ်ပုံတင်ရုံးများသို့ကြိုတင်သွားရောက်အသိပေးပြီး ခွင့်ပြုချက်ရအစိတ်အပိုင်းသာပြုပြင်ရမည်ဖြစ်ကြောင်း ဩဂုတ်လ၁ရက်ကအသိပေးကြေညာချက်ထုတ်ပြန်ခဲ့သည်။

မူလမှတ်ပုံတင်ထားသော မှတ်တမ်းဝင်ယာဉ်၏ Chassic နံပတ်အား အခြားမှတ်ပုံတင်မည့်ယာဉ်၏ဘော်ဒီတွင် ဖောက်ထည်၊ဖြတ်ဆက်ထားခြင်းကို Body Coach ပြောင်းထားသည့်ယာဉ်ဟုသတ်မှတ်ကြောင်း Saloon၊ Micro Bus၊ Hatch Back အစရှိသည်ယာဉ်များ၊ မူလဖရိန်နံပါတ်သို့မဟုတ် Chassic နံပါတ်ပါ Member တန်းပြန်လည်တွဲဆက်ပြီးပြောင်းလဲတပ်ဆင်ထားခြင်း၊ သီးခြားဖရိန်ပါသော Pick up၊ Station Wagon၊ Mini Bus၊ အစရှိသည့်ယာဉ်များအနေဖြင့် မူလဖရိန်အမှတ်အား အခြားယာဉ်တွင်ဖောက်ထည်၊ ဖြတ်ဆက်ပြီးပြောင်းလဲခြင်းသို့မဟုတ် ဖရိန်အမှတ်ဖောက်ထည်ခြင်းမရှိဘဲမူလဖရိန်ပေါ်၌ အခြား Body Coach ပြောင်းလဲတပ်ဆင်ခြင်းဟုသတ်မှတ်ထားခြင်းဖြစ်သည်။

မော်တော်ယာဉ်တွင် ဖြုတ်တပ်နိုင်သည့်အင်ဂျင်အဖုံး (Bannet)၊ ဘမ်းဘား၊ တံခါး၊ ထိုင်ခုံ၊ ဝါးခြမ်း၊ ရှလ်၊ မီးခွက်စသည်တို့ ယာဉ်တိုက်မိမှု(သို့မဟုတ်) ထိခိုက်မှုတို့ကြောင့် အစားထိုးပြောင်းလဲခြင်းအား Body Coach ပြောင်းလဲခြင်းသတ်မှတ်မည်မဟုတ်ကြောင်းသိရသည်။

ယာဉ်တစ်စီးကို အစိတ်အပိုင်းမှန်ဘဲတစ်စီးနှင့် တစ်စီးဖောက်စွပ်ခြင်းသည် ပြောင်းလဲတာဖြစ်ကြောင်း၊ ပြောင်းလဲထားခြင်းတွေ့ရှိရလျှင်၊ ထုတ်ပေးထားသည့် စာရွက်စာတမ်းနှင့် ယာဉ်မှတ်ပုံတင်ဇျက်သိမ်းခြင်းခံရမှာဖြစ်ပြီး လိုင်စင်မဲ့ယာဉ်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်



ရထားသင်တန်းသူ၊ သင်တန်းသားများ လုပ်ငန်းခွင်လက်တွေ့သွားရောက်လေ့လာ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း (မိတ္ထီလာ)၊ ရထားသင်တန်းဌာနခွဲမှဖွင့်လှစ်သည့် အရာထမ်းစက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာ (အထူး)သင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းသူ၊ သင်တန်းသားများ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင်လက်တွေ့လေ့လာရန် ဩဂုတ်လ (၂)ရက်၊ နံနက်(၇)နာရီခွဲက ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)သို့သွားရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းသူ၊ သင်တန်းသားများကို ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)မှ အထွေထွေမန်နေဂျာ ဦးဝင်းဦးက သင်တန်းစတင်ဖြစ်ပေါ်လာပုံ၊ လုပ်ငန်းခွင်အကြောင်းရှင်းလင်းပြသခဲ့ပြီး၊ သင်တန်းသူ၊ သင်တန်းသား (၂၁)ဦးမှ သိလိုသည်များမေးမြန်းရာ သင်တန်းတာဝန်ရှိသူများက လက်တွေ့ပြသရှင်းလင်းခဲ့ကြောင်းသိရသည်။ ကျော်ကျော်

လစဉ်အထူးနေ့လည်စာကျွေး၊ သရုပ်ပြဆောင်များ လိုက်လံစစ်ဆေး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း (မိတ္ထီလာ)၌ လစဉ်အထူးနေ့လည်စာတစ်ရက်ကျွေးမွေးလျက်ရှိရာ ဩဂုတ်လ(၂)ရက်နေ့က ကျောင်းစားသောက်ဆောင်တွင် ကျွေးမွေးခဲ့ရာ ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးမှ သင်တန်းသူ၊ သင်တန်းသားများအား လိုက်လံကြည့်ရှုနှုတ်ဆက်အားပေးခဲ့သည်။

ထို့အတူ ကျောင်းအုပ်ကြီး ဦးမင်းချစ်ဦးနှင့်ဒုတိယကျောင်းအုပ်ကြီး ဦးဝင်းနိုင်တို့သည် ဩဂုတ်လ(၃)ရက်နေ့က ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းဝန်းအတွင်းရှိကျောင်းဆေးပေးခန်း၊ သင်တန်းသားသက်သာဆဲသဆိုင်၊ မော်တော်ယာဉ်သရုပ်ပြဆောင်၊ ရထားသင်တန်းသရုပ်ပြဆောင်၊ သရုပ်ပြရထားစက်ခေါင်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သင်ထောက်ကူပစ္စည်းများ ခေတ်နှင့်အညီတပ်ဆင်ထားရှိနိုင်ရေး ညွှန်ကြားခဲ့ကြောင်းသိရသည်။

ကျော်ကျော်

MPT
ရှေ့သို့လှမ်းမြဲမြန်မာပြည်

ဖုန်းဝယ် အပို FACEBOOK ဒေတာရယူလိုက်



E-topup (သို့မဟုတ်) **Mobile Banking** ဖြင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပြီး Facebook နှင့် အခြားလူမှုကွန်ရက်များအတွက် ဒေတာ အပိုလက်ဆောင်များ ရယူလိုက်ပါ။

ငွေဖြည့်ကဒ်ဖြင့် ဖြည့်သွင်းသူများအနေနှင့် **MPT4U App** မှတစ်ဆင့် ဖြည့်သွင်းပေးမှသာ အပိုလက်ဆောင်များ ရရှိနိုင်မည်ဖြစ်ပါသည်။

Promotion ကာလ ပြီးဆုံးမည့်အချိန်ကို **MPT** ၏ တရားဝင် **Website** တွင် ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday



မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-ဗုဒ္ဓဂါယာ စင်းလုံးငှားခရီးစဉ် တစ်ပတ်သုံးကြိမ်ပျံသန်းမည်

မြန်မာအမျိုးသားလေကြောင်းလိုင်း MNA အနေနှင့်ဂါယာခရီးသွားလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပြီး ရန်ကုန်-ဗုဒ္ဓဂါယာ စင်းလုံးငှားခရီးစဉ်ကို တစ်ပတ်သုံးကြိမ်ပျံသန်းမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းက ဇူလိုင်လ ၂၃ ရက်တွင်အသိပေးထုတ်ပြန်လိုက်သည်။

အဆိုပါစင်းလုံးငှားခရီးစဉ်ကို Boeing 737-800 လေယာဉ်အမျိုးအစားဖြင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလမှစ၍ ၂၀၁၉ ခုနှစ်၊ ဧပြီလအထိ ခရီးစဉ်များကိုစီစဉ်ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး ဂါယာခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း MNA လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

လက်ရှိညှိနှိုင်းဆွေးနွေးလျက်ရှိသည့် ကုမ္ပဏီများမှာ ပေါ်ပြုလာစတား၊ နေရောင်လရောင်သွန်း၊ ရွှေတော်ဝင်၊ မြတ်မောဓိ၊ MTM Travels & Tours၊ Nilar Travels & Tours Amazing Land Tours သစ်ရွှေစင်၊ သာကီနွယ်၊ မေသူမောင်၊ ဗုဒ္ဓဂါယာ၊ အောင်ချမ်းသာကုမ္ပဏီတို့ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း MNA အနေနှင့်ရန်ကုန်-ဗုဒ္ဓဂါယာ စင်းလုံးငှားခရီးစဉ်ကို ၂၀၁၇ ခုနှစ်ကစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းထံမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း MNA သည် ပြည်တွင်းခရီးစဉ်များဖြစ်သည့် ရန်ကုန်၊ နေပြည်တော်၊ ပုဂံ၊ ညောင်ဦး၊ မန္တလေးစသည့် ဥဒုံ မြို့နယ်နှင့်ပြည်ပခရီးစဉ်များဖြစ်သည့် စင်ကာပူ၊ ဟောင်ကောင်၊ ဘန်ကောက်၊ ချင်းမိုင်၊ ဖူးခက်ခရီးစဉ်များကို ART 72၊ EMBRAER -190၊ Boeing 737-800 စသည့် လေယာဉ်အမျိုးအစားများဖြင့် ပြေးဆွဲလျက်ရှိကြောင်းသိရှိရသည်။

တင်မောင်(ဝို့/ဆက်)
အိမ်စည်

မန္တလေး-ပုဂံညရထားတစ်စီး တိုးချဲ့ပြေးဆွဲ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှ မန္တလေး-ပုဂံမီးရထားလမ်းပိုင်းအား သြဂုတ်လ (၁)ရက်ကစတင်ပြီး ရထားတစ်စီးထပ်မံတိုးချဲ့ပြေးဆွဲခဲ့ကြောင်းသိရသည်။

ယခင်ကမန္တလေးမှပုဂံသို့ ရထားတစ်စီးပုံမှန်ပြေးဆွဲလျက်ရှိရာ ရထားတစ်စီးထပ်မံတိုးချဲ့ပြေးဆွဲခဲ့ကြောင်း၊ ယခင်ပြေးဆွဲလျက်ရှိသောရထားမှာ မန္တလေးမှညည (၈) နာရီ (၁၅)မိနစ်ထွက်သည့်ရထားသည် ပုဂံသို့ညနေ (၃) နာရီရောက်ရှိကြောင်း၊ ပုဂံမှနေကင်နေနံနက် (၇)နာရီတွင် ပြန်လည်ထွက်ပြီး၊ မန္တလေးသို့ညနေ (၄)နာရီ (၅၀)မိနစ်တွင် ရောက်ရှိကြောင်း၊ အသစ်တိုးချဲ့ပြေးဆွဲသည့်ရထားမှ မန္တလေးမှ ညနေ (၉)နာရီထွက်ပြီး ပုဂံသို့နံနက် (၅)နာရီ (၅)မိနစ်တွင် ရောက်ရှိကြောင်း၊ ထိုနေ့ည (၉)နာရီတွင် ပုဂံမှပြန်လည်ထွက်ပြီး မန္တလေးသို့နံနက် (၅)နာရီ (၂၅)မိနစ်တွင်ရောက်ရှိကြောင်းသိရသည်။

မန္တလေးမှပုဂံသွားလည်သူတွေ အဆင်ပြေစေရန်နှင့် တည်ခိုခန်းဈေးမကုန်ချင်သူတွေ တစ်ရက်တည်းနှင့်အချိန်ပေးလည်ပတ်လို့ရနိုင်ကြောင်း မြန်မာ့မီးရထားမှသိရသည်။

အဆိုပါ မန္တလေး-ပုဂံရထားခရီးစဉ်တွင် ရိုးရိုးတန်း (၁ တ္ဘဝ)ကျပ်၊ အထက်တန်း (၂၉၀၀)ကျပ်နှင့် အိပ်စင် (၄၀၀၀) ကျပ်တို့ဖြစ်ပြီး ရိုးရိုးတန်းသုံးတွဲ၊ အထက်တန်းနှစ်တွဲနှင့်အိပ်စင် တစ်တွဲပါဝင်ကြောင်းသိရသည်။

ကျော်ကျော်

မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၈၃ ခု ရာနှုန်းပြည့်ပြီးစီး

မကွေးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ်ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၁၀)ခုကို တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၁၅၅၂ ဒသမ ၉၁ သန်း ဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှစ်ခုမှာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဇရပ်နီကျေးရွာ ချင်းတွင်းမြစ်ရေတိုက်စားမှု၊ ပေါက်မြို့နယ်သမားတော်ကျေးရွာ ရေပြာချောင်းတိုက်စားမှု၊ ပွင့်ဖြူမြို့နယ်မဲဇာလီကျေးရွာအုပ်စု ထူးပေါက်အင်းကုန်းကျေးရွာ ကမ်းပြိုမှု၊ ငဖဲမြို့နယ် နယ်ဇောကျေးရွာမန်းချောင်းရေတိုက်စားမှု၊ ပေါက်မြို့နယ် ချောင်းကူးကျေးရွာကမ်းပြိုမှု၊ ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာ ပင်းချောင်းရေတိုက်စားမှု၊ စလင်းမြို့နယ် ဆင်မကျွန်းကျေးရွာ ကမ်းပြိုမှုအောင်လံမြို့နယ်၊ ရွာထောင်ရပ်ကွက် အ.ထ.ကကျောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ချောင်းရေတိုက်စားမှု၊ ဆင်ပေါင်ဝဲမြို့နယ်၊ စည်တိုင်ကျေးရွာကမ်းပြိုမှု၊ ကံမမြို့နယ်ရေနံသာကျေးရွာ မန်ချောင်းရေတိုက်စားမှုတို့အတွက် ကမ်းပြိုမှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ပြီး လုပ်ငန်းရှစ်ခုမှာပြီးစီးနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်က ပြောသည်။

"ဆင်ပေါင်ဝဲမြို့နယ်၊ စည်တိုင်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းက ၉၀ ရာခိုင်နှုန်းပြီးနေပါပြီ။ ကံမမြို့နယ်ရေနံသာကျေးရွာ မင်းတုန်းချောင်းရေတိုက်စားမှုလုပ်ငန်းကတော့ ရေတက်နေလို့ ၇၀ ရာခိုင်နှုန်းလောက်ပဲပြီးပါသေးတယ်။ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၀ ခုကိုးခုက ချောင်းရေတိုက်စားတာကြောင့်ဖြစ်ပြီး မြစ်ရေတိုက်စားလို့ ကမ်းပြိုတာကတော့တစ်ခုပဲရှိပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာ နှစ်အတွင်း မကွေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၆ ခု ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ထံတင်ပြထားပြီး တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုပြီးဖြစ်ကာ တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေ ၃ ဘီလျံခန့်သုံးစွဲဆောင်ရွက်နိုင်ရန်ရှိကြောင်း သိရသည်။

သတင်းအဖွဲ့

SME Member Card အား Online Registration ဖြင့်လျှောက်ထားနိုင်ပြီ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ SME ဥပဒေအရအကျုံးဝင်သည့် စီးပွားရေးလုပ်ငန်းများကို SME Member ကဒ်များထုတ်ပေးလျှက်ရှိရာ SME လုပ်ငန်းရှင်များအနေဖြင့် Member ကဒ်များကို Online မှလည်းလျှောက်ထားနိုင်ပြီ ဖြစ်သည်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ Member ကဒ်များထုတ်ပေးလျှက်ရှိရာ SME လုပ်ငန်းရှင်များအနေဖြင့် SME Member ကဒ်များကို မိမိတို့ဒေသရှိသက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးများသို့ သွားရောက်လျှောက်ထားနိုင်သည့်အပြင် ယခုအခါ www.moisme register.gov.mm သို့ ဝင်ရောက်၍ Online မှလည်း လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

SME လုပ်ငန်းများအနေဖြင့် Online တွင် ဝင်ရောက်လျှောက်ထားမည်ဆိုပါက လျှောက်ထားရန်အတွက် လိုအပ်သည့်အချက်များ၊ လျှောက်ထားပုံအဆင့်များ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များကို အဆိုပါ Website တွင် အသေးစိတ်ဖော်ပြထားပြီး လျှောက်ထားလိုသူများအနေဖြင့် မိမိ E-mail Account နှင့် ကြိုက်နှစ်သက်ရာ Password ပေးချိတ်ရောက်လျှောက်ထားနိုင်မည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ အသိပေးထားသည်။

အိမ်စည



ပို့ဆောင်ရေးဂျာနယ် TRANSCOM NEWS JOURNAL

စီမံခန့်ခွဲရေးအရာရှိ
ဦးနီအောင်

စာတည်းမှူးချုပ်
မောင်ကြင်နာ

အုပ်ချုပ်ရေးအရာရှိ
ထိန်လင်း

မျက်နှာဖုံးဒီဇိုင်း
ဝင်းထိုက်

စာမျက်နှာဒီဇိုင်း
နေလင်း
မြတ်ထူးဇော်
ဇင်ဘိုထွန်း

ကွန်ပျူတာ
ခိုင်ယုသွယ်
မင်းခန့်ဇော်
အောင်ကောင်းဆက်
မေသဇွာဌေး

လက်ထောက်စာတည်း
တင်မောင်

သတင်းထောက်ချုပ်
ကျော်ကျော်လှိုင်

သတင်း (ရထား)
အောင်ဆန်းဦး

သတင်း (ဆက်သွယ်ရေး)
လှမျိုး

ဌေးရင်းအရာရှိ
ကျော်သူရ

ကာတွန်းသရုပ်ဖော်
မောင်တင်ယု

သတင်းထောက်
အိမ်စည်
သဇင်ဖူး
ပိုးဟေမာ

ထုတ်ဝေသူ
နီအောင်
၀၀၄၉၆

ပုံနှိပ်
မင်းပြည့်စုံ
၀၀၁၀၃

ဖြန့်ချိရေး
ကိုကိုမြတ်၊ ဘိုဘို

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့
လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊
ကဗျာ များအား ပေးပို့နိုင်ပါကြောင်း
အသိပေးအကြောင်းကြား အပ်ပါသည်။

တိုက်တည်နေရာ- ၈၃/၉၁ ဒိုလ်အောင်ကျော်လမ်း (အောက်)
ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၈၆၁၀၁၉၂၊ စာတည်းမှူးချုပ် ၀၁-၃၇၅၄၄၃၊

email-thetransportnews@gmail.com

ကြော်ငြာများထည့်သွင်းလိုပါက- ဖုန်း၊ ၀၁-၈၆၁၀၁၉၁၊ ၀၉-၄၂၀၀၃၃၆၆၇

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အရာထမ်းများနှင့် IMO Audit ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဩဂုတ်လ ၅ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအစည်းအဝေးခန်းမတွင် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အရာထမ်းများနှင့် တွေ့ဆုံ၍ IMO Audit ကိစ္စရပ်များညှိနှိုင်းဆွေးနွေးခဲ့သည်။


ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်နှင့်သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) မှ ပေးပို့လာသော Interim Reports အရ ရေးဆွဲပြင်ဆင်ထားသည့် Corrective Action Plan နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးတက်ရောက်လာကြသူများမှ ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းကြိုင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းအဖွဲ့)



အာကာသအတွင်း ဆက်သွယ်ရေးဂြိုလ်တုလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်



ဆက်သွယ်ရေးဂြိုလ်တုတစ်လုံး ပတ်လမ်းပေါ်ရောက်ရှိပြီးနောက် ပုံမှန်လည်ပတ်လျှက်ရှိသည့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ပုံကို ဖော်ပြရာတွင် ဆက်သွယ်ရေးဂြိုလ်တုတွင် Satellite Bus ဟုခေါ်ဆိုသော ဂြိုလ်တုကိုယ်ထည်ပိုင်းနှင့် Communications Payload ဟုခေါ်ဆိုသော ဆက်သွယ်ရေးစက်ပစ္စည်းအပိုင်းများဟူ၍ ခွဲခြားထားသည်။

Satellite Bus ဆောင်ရွက်ပုံအဆင့်တွင်

(၁) Control System

ဂြိုလ်တုစနစ်များကို ထိန်းချုပ်သောစနစ်။

(၂) Propulsion System

ဂြိုလ်တုကို 3 axis control (အလျား၊ အနံ၊ အမြင့်) ရွေ့လျားနိုင်စေရန် သက်ဆိုင်ရာ Direction Wheel များကို ဓါတုဗေဒ လောင်စာဖြင့် တွန်းကန်လည်ပတ်ကာ ဂြိုလ်တုကိုရွေ့ လျားစေသည့်စနစ်။

(၃) Power

ဂြိုလ်တုတွင်တပ်ဆင်ထားသော Solar Panel ပြားများမှ နေရောင်ခြည်စွမ်းအင်ကိုယူ၍ Battery များကို အားသွင်းခြင်းနှင့် Communication Payload ဟုခေါ်ဆိုသော ဆက်သွယ်ရေးစက်ပစ္စည်းများကို Power ပေးသည့်စနစ်။

(၄) Thermal

ဂြိုလ်တုဆက်သွယ်ရေး စက်ပစ္စည်းများ ပုံမှန်လုပ်ငန်းလုပ်ဆောင်နိုင်စေရန် အပူချိန်ကိုထိန်းညှိပေးသည့်စနစ်

(၅) TT & C (Satellite Telemetry, Tracking and Control System)

ဂြိုလ်တုကို ပုံမှန်ပတ်လမ်းပေါ်တွင် တည်ငြိမ်နေစေရန် မြေပြင်ရှိ ဂြိုလ်တုထိန်းချုပ်စခန်းမှ ထိန်းချုပ်နိုင်စေသော စနစ်တို့ပါဝင်သည်။

Communications Payload ဟုခေါ်ဆိုသော ဆက်သွယ်ရေးစက်ပစ္စည်းအပိုင်းတွင် -

(၁) Antennas

မြေပြင်မှလွှတ်တင်သော လှိုင်းများကိုဖမ်းသော အင်တင်နာများနှင့် မြေပြင်သို့လွှင့်ချပေးသော အင်တင်နာများ တပ်ဆင်ထားသည်။

(၂) Receivers & Transmitter

မြေပြင်လှိုင်းများကို ဖမ်းယူသောစက်များနှင့် မြေပြင်သို့လွှင့်ချပေးသော ထုတ်လွှင့်စက်များ။

(၃) IMUX

အဝင်လှိုင်းများကို ပေါင်းစပ်ပြုပြင်သောစနစ်

(၄) Converters

မြေပြင်မှ ထုတ်လွှင့်လိုက်သော Uplink Frequency ထုတ်လွှင့်လှိုင်းကို Down Link Frequency အဖြစ် လှိုင်းနှုန်းချပေးသောစနစ်။

(၅) Amplifier

လှိုင်းများကို ချဲ့ပေးသောစနစ်။

(၆) Filters

လှိုင်းများကို ခွဲခြားစစ်ထုတ်ပေးသောစနစ်။

(၇) OMUX

အထွက်လှိုင်းများကို ပေါင်းစပ်ပြုပြင်သောစနစ် တို့ပါဝင်သည်။

ဂြိုလ်တုသည် အထက်ပါလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ရသည့်အပြင် Beacon Signal (၂)ခုကို မြေပြင်သို့ ထုတ်လွှင့်ချပေးသည်။

ပထမ Beacon Signal သည် ဆက်သွယ်ရေးအသုံးပြု ဂြိုလ်တုမြေပြင်စခန်းများ ဂြိုလ်တုကိုတိတိကျကျ ချိန်ညှိနိုင်စေရန်ဖြစ်ပြီး၊ ဒုတိယ Beacon Signal သည် TT & C ဂြိုလ်တုထိန်းချုပ်စခန်းမှ ဂြိုလ်တု၏အထက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက်များ အခြေအနေကို သတင်းပေးပို့ရန်နှင့် ဂြိုလ်တုကိုထိန်းချုပ်နိုင်စေရန် ဖြစ်ကြောင်း အာကာသအတွင်း ဆက်သွယ်ရေးဂြိုလ်တုလုပ်ငန်းဆောင်ရွက်ပုံများကို အများပြည်သူသိရှိနိုင်စေရန် ဖော်ပြအပ်ပါသည်။

ဝင်းအောင်ITCS









အင်ဂျင်ငါးလုံးတပ်ထားတဲ့ ဘိုးရင်း 747 လေယာဉ်

JUMBO Jet လို့ခေါ်တဲ့ Boeing 747 လေယာဉ်ကြီးတွေဟာ Engine (၄) လုံးရဲ့စွမ်းအားနဲ့ မောင်းနှင်ပျံသန်းနေတဲ့ Multi Engine Type အမျိုးအစား လေယာဉ်ဘဲဖြစ်ပါတယ်။

ဒါပေမယ့် Boeing 747 လေယာဉ်ဟာ သူ့ကိုယ်ထည်မှာ အင်ဂျင်(၅)လုံးအထိ တပ်ဆင်လို့ရတယ်ဆိုတာကိုရော သိကြပါလား။

ဟုတ်ပါတယ်။ တစ်ခါတရံမှာ Boeing ကုမ္ပဏီထုတ် Jumbo Jet ကြီးတွေဟာ ပုံမှန် Passenger Flight တွေမှာတင်ဘဲ အင်ဂျင် (၅)လုံးတပ်ဆင်ပြီး ပျံသန်းတတ်ကြပါတယ်။

ဒါပေမယ့် အဲ့လိုတပ်ဆင်ထားတဲ့ အင်ဂျင်(၅)လုံးအနက် တကယ်တန်း လည်ပတ် အလုပ်လုပ်နေတာက မူလအင်ဂျင် (၄)လုံးသာဘဲဖြစ်ပြီး အပိုအင်ဂျင်ကတော့ စက်လည်ပတ်ခြင်းမပြုလုပ်ပါဘူး။

ဘာ့ကြောင့်လည်းဆိုတော့ အဲ့ဒီအပိုအင်ဂျင်တပ်ဆင်ထားခြင်းဟာ တစ်နေရာမှ တစ်နေရာသို့ အင်ဂျင်တုံးကို ကူးပြောင်းသယ်ဆောင်ပေးရန်အတွက်သက်သက်ဘဲ တပ်ဆင်ထားခြင်းဖြစ်လို့ပါ။

Boeing ကုမ္ပဏီအနေနဲ့ ၎င်းတို့ ကုမ္ပဏီမှထုတ်လုပ်လိုက်တဲ့ လေယာဉ်များအတွက် အင်ဂျင်များ အသစ်လဲလှယ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းစသဖြင့် လိုအပ်ချက်များအတွက် လေယာဉ်အင်ဂျင်များကို တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသယ်ယူသည့်အခါမှာ အဆင်ပြေလွယ်ကူစေရေးအတွက် Boeing 747 လေယာဉ်ရဲ့ (port side) ဘယ်ဘက်အတောင်ပံ၏ အတွင်းဆုံးနေရာမှာ အပိုအင်ဂျင်တပ်ဆင်နိုင်မည့် နေရာတစ်ခုကို ထည့်သွင်းတပ်ဆင်ထားခဲ့ပါတယ်။

ယင်းကဲ့သို့ စီစဉ်ပြုလုပ်ထားမှုကြောင့် အလေးချိန် (၆)တန်ခန့် လေးသော Boeing လေယာဉ်ရဲ့ အင်ဂျင်တစ်လုံးကို ပုံမှန်ခရီးစဉ်(Schedule Flight) ကို အသုံးပြု၍ တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ပေးနိုင်ပြီးအချိန်ကုန်ငွေကုန်သက်သာခြင်း ထိခိုက်ပျက်စီးမှုသက်သာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိပါနိုင်ပါတယ်။ ။

မြင့်မိုရ်ဦး

နည်းပညာ သိမှတ်ဖွယ်ရာများ ထွန်းသက်ကို

မိုးတွင်းမှာ ဖုန်းရေမစိုအောင် အသုံးပြုခြင်း





မိုးရာသီမှာအဖြစ်များဆုံး ပြဿနာတစ်ခုကတော့ဖုန်းရေစိုတာပါပဲ။ ရေစိုမှုကြောင့် ဖုန်းပျက်စီးမှုတွေ မဖြစ်ရအောင် ကာကွယ်ရမယ့်နည်းလမ်းတွေရှိပါတယ်။ မိမိရဲ့ ဖုန်းရေစိုသွားရင်ပဲဖြစ်ဖြစ် ရေမစိုချင်ရင်ပဲဖြစ်ဖြစ် အဲဒီနည်းလမ်းတွေကိုအသုံးပြုနိုင်ပါတယ်။

(၁) ဖုန်းပြောဖို့အတွက်ပဲအသုံးပြုပါ

မိုးရာသီမှာ ဖုန်းမှာနားကြပ်သီချင်းနားထောင်တာတို့ လမ်းမှာဖုန်းနဲ့ဂိမ်းကစားတာမျိုးမလုပ်ဖို့ ရှောင်ရှားရမှာဖြစ်ပါတယ်။ မိုးရွာနေတာကြောင့် မိုးရေတွေဖုန်းထဲကိုအလွယ်တကူဝင်သွားနိုင်ပါတယ်။ မိုးဒဏ် လေဒဏ် ကာကွယ်တဲ့အဆောက်အဦးအတွင်းကလွဲရင် ကျန်တဲ့နေရာတွေကို ဖုန်းကိုဖုန်းပြောဖို့အတွက် သပ်သပ်ပဲ အသုံးပြုရမှာဖြစ်ပါတယ်။

(၂) ဖုန်းရေစိုရင် ဆန်အိုးထဲခဏစိမ်လိုက်ပါ

အကယ်၍များ ဖုန်းထဲကိုရေဝင်တဲ့လက္ခဏာပြလာရင် ဖုန်းကိုပါဝါပိတ်ပြီး ဆန်အိုးထဲကိုခုနစ်နာရီလောက် စိမ်ထားဖို့လိုပါတယ်။ အဲဒီနောက်မှာတော့ ဖုန်းပါဝါကို ပြန်ဖွင့်လိုက်တာနဲ့ ပြန်လည်အသုံးပြုလို့ရပါပြီ။

(၃) အလွယ်တကူပြုတ်ကျနိုင်တဲ့နေရာမှာမထားပါနဲ့

လွတ်ကျ ပြုတ်ကျတာမျိုးဆိုရင် အခြားရာသီဥတုထက်ပိုဆိုးပါတယ်။ နေရာတိုင်းမှာ မိုးရေတွေအိုင်နေတာကြောင့် ဖုန်းလွတ်ကျသွားခဲ့ရင် မြေကြီးပေါ်က မိုးရေတွေနဲ့ထိပြီး ရေဝင်သွားနိုင်ပါတယ်။ ဒါကြောင့် ပြုတ်ကျလွတ်ကျနိုင်တဲ့နေရာမှာ အလွယ်တကူမထားပါနဲ့။

(၄) ရေစိုခံတဲ့ဖုန်းကိုရွေးချယ်ဝယ်ယူပါ

မိုးရာသီမှာ ဖုန်းဝယ်မယ်ဆိုရင် အခြားလုပ်ဆောင်ချက်တွေထက် ရေစိုခံတဲ့လုပ်ဆောင်ချက်ပါတဲ့ဖုန်းကို ရွေးချယ်ဝယ်ယူစေချင်ပါတယ်။ ရေစိုခံဖုန်းတွေက အခြားဖုန်းတွေထက် စျေးတော့ပိုကြီးတတ်ပါတယ်။

(၅) ရေစိုခံအိတ်အသုံးပြုပါ

မိမိသွားလာရမယ့်နေရာက မိုးနဲ့မဖြစ်မနေရင်ဆိုင်ရတော့မယ်ဆိုရင်တော့ ရေစိုခံအိတ်အသုံးပြုတာ အကောင်းဆုံးပါပဲ။ လုံးဝရေလုံတဲ့အိတ်ကို ရွေးချယ်အသုံးပြုဖို့တော့လိုပါတယ်။

(၆) ပါဝါကိုချက်ချင်းပိတ်ပါ

ဖုန်းရေစိုလာရင် အရင်ဆုံးလုပ်ရမှာက ပါဝါကို ချက်ချင်းပိတ်ဖို့ပဲဖြစ်ပါတယ်။ ရေတွေခြောက်သွားတဲ့အခါမှာပဲ ပါဝါကိုပြန်ဖွင့်ရမှာပါ။ ရေခြောက်အောင် အဝတ်စနဲ့သုတ်တာပဲဖြစ်ဖြစ် ဖုန်းအတွင်းထဲကိုရေဝင်ရင် ဆန်အိုးထဲထည့်ထားတာဖြစ်ဖြစ်ပြုလုပ်ရမှာဖြစ်ပြီး Dryer နဲ့မှုတ်တာမျိုးတော့ လုံးဝရှောင်ကျဉ်ဖို့လိုပါတယ်။

Browser မှ Tab များစွာကို သွက်လက်စွာအသုံးပြုနိုင်မယ့် HP Envy 13 လက်ပ်တော့

Window®10 Home License ပါဝင်ပြီး ဒီဇိုင်းရေးဆွဲသူတွေအတွက် စိတ်တိုင်းကျဖြစ်စေမယ့် NVIDIA Geforce MX150 2GB Graphics Card ကို HP Envy 13 မှာ တပ်ဆင်အသုံးပြုထားပါတယ်။ 4GB LPDDR3 ဖြစ်ပြီး 256GB SSD အသုံးပြုထားပါတယ်။ အဲဒီ HP Envy 13-ad037TX မှာ 7th Generation Intel Core i5-7200U Processor (2.5GHz, 3MB Cache) ကိုအသုံးပြုထားပါတယ်။ Screen Size 13.3" Diagonal Full HD IPS BrightView Micro-Edge WLED-backlit display တပ်ဆင်ထားတာကြောင့် ကြည်လင်ပြတ်သားတဲ့ ရုပ်ပုံများကို မြင်တွေ့ရမှာဖြစ်ပါတယ်။

LAN, Wi-Fi, USB 3.1, Bluetooth 4.2, HP Wide Vision HD Camera များ ပါဝင်ပြီး 3 Cell Battery ဖြစ်ပါတယ်။ တစ်နှစ်အာမခံသက်တမ်းဖြစ်ပြီး တန်ဖိုးဒေါ်လာ ၁၀၃၅ ဖြစ်ပါတယ်။ အမြို့မြို့အနယ်နယ် ရှိကွန်ပျူတာဆိုင်တွေမှာဝယ်ယူနိုင်ပါတယ်။

၂၀၁၈ ခုနှစ် နှစ်ဝက်အတွင်း နည်းပညာနှင့် အင်ဂျင်နီယာ အလုပ်အကိုင် ထောင်နှင့်ချီခေါ်ယူခဲ့

အလုပ်အကိုင်ရှာဖွေရေး ဝက်ဘ်ဆိုက် Job Net.com.mm အနေဖြင့် နှစ်ဝက်တာကာလအတွင်း နည်းပညာနှင့် အင်ဂျင်နီယာဆိုင်ရာအလုပ်အကိုင်ပေါင်း ထောင်နှင့်ချီပြီးခေါ်ယူနိုင်ခဲ့ကြောင်းသိရသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ ၃၁ ရက်နေ့ထိ ကာလအတွင်း www.jobnet.com.mm၏ အလုပ်အကိုင်ရှာဖွေရေးဝက်ဘ်ဆိုက်မှ တစ်ဆင့် နည်းပညာနှင့် အင်ဂျင်နီယာဆိုင်ရာအလုပ်အကိုင်ပေါင်း တစ်ထောင်ကျော်ကို မြန်မာ့ထိပ်တန်းကုမ္ပဏီကြီးများက ခေါ်ယူခဲ့ကြကြောင်း Job Net.com.mm ၏အုပ်ချုပ်မှုဒါရိုက်တာ Mr. Matt De Lucau ပြောသည်။

JobNet.com.mm တွင် ဒီဇိုင်းနှင့် ဗီသုကာပညာရပ်ဆိုင်ရာ၊ Hardware နှင့် Software အင်ဂျင်နီယာများ၊ Web နှင့် Mobile Developer များ၊ Q A ,သိပ္ပံနှင့်နည်းပညာ၊ အင်ဂျင်နီယာနှင့် နည်းပညာစသည့် အလုပ်အကိုင်အမျိုးမျိုးကို ခေါ်ယူလျက်ရှိကြောင်းသိရသည်။

"စီးပွားရေးလုပ်ငန်းတွေဟာ ပိုမိုကြီးထွားလာတာနဲ့အမျှ နည်းပညာပိုင်းတွေကို ပြစ်ပယ်လို့မရပါဘူး။ ဒါကြောင့်ပဲ ဖွံ့ဖြိုးတိုးတက်လာတဲ့ စီးပွားရေးနဲ့အညီ နည်းပညာပိုင်းဆိုင်ရာအလုပ်အကိုင်တွေကလည်း ခေါ်ယူမှုမြင့်တက်လာနေပါတယ်။အနာဂတ်မှာလည်း ဒီထက်ဒီထက်ပိုပြီးတိုးတက်လာမှာဖြစ်ပါတယ်။ JobNet နေနဲ့လည်း နည်းပညာနဲ့အင်ဂျင်နီယာအလုပ်အကိုင်တွေ ပေါ်ထွက်လာအောင် ပိုမိုလုပ်ဆောင်လျက်ရှိပါတယ်" ဟု Mr.Justin Sway ကပြောသည်။

ယင်းကြောင့်ပင် နည်းပညာနှင့် အင်ဂျင်နီယာဆိုင်ရာ အလုပ်အကိုင်ပြပွဲနှင့် ဆွေးနွေးပွဲကိုဩဂုတ်လ ၁၂ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီမှည နေ့ ၆ နာရီအထိ ဆီဒိုးနားဟိုတယ်တွင်ပြုလုပ်မည်ဖြစ်ကြောင်း www.jobnet.com.mm မှသိရသည်။

အဆိုပါနည်း ပညာနှင့်အင်ဂျင်နီယာဆိုင်ရာ အလုပ်အကိုင်ပြပွဲနှင့် ဆွေးနွေးပွဲ Technology&Engineering Career Conference တွင်နည်းပညာနှင့် အင်ဂျင်နီယာနယ်ပယ်မှ ထိပ်တန်းအဆင့်ကျွမ်းကျင်သူများစွာက ဟောပြောဆွေးနွေးမှုများလည်း ပါဝင်မည်ဖြစ်သည်။ ထို့ပြင်အဆိုပါ အလုပ်အကိုင်ပြပွဲတွင် QS, QA နှင့် စီမံကိန်းစီမံခန့်ခွဲသူများ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာများ၊ ဓာတုဗေဒ၊ မက်ကယ်ထရောနစ်၊ အီလက်ထရောနစ်အင်ဂျင်နီယာများ၊ဒီဇိုင်းအင်ဂျင်နီယာများ စသည့်အင်ဂျင်နီယာပေါင်းများစွာကို ခေါ်ယူမည်ဖြစ်ကြောင်းသိရသည်။ အိမ်စည်

JobNet
.com.mm

ဂျပန်နှင့် ကိုရီးယားနိုင်ငံများအတွက် ဗီဇာဖြေလျော့ပေးရေး အစီအစဉ်များကို (၁)နှစ် စမ်းသပ်ဆောင်ရွက်မည်



ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့်ခရီးသွားမြှင့်တင်ရေး Digital marketing အကောင်အထည်ဖော်ဆောင်ရေး၊ Visa ဖြေလျော့ပေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် JATA Tourism Expo ၂၀၁၈ နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၈ရက်နေတွင် ရန်ကုန်မြို့ရှိ Inya Lake Hotel ၌ ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဆိုပါအမှာစကားတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံသို့ တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများမှ ခရီးသွားဧည့်သည်ရောက်ရှိမှုတိုးတက်နေသဖြင့် အဆိုပါနိုင်ငံများမှ ခရီးသွားဧည့်သည်များအတွက် ဗီဇာဖြေလျော့ပေးရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဥရောပနိုင်ငံများမှ ခရီးသွားဧည့်သည်များ နည်းပါးခဲ့ခြင်းတွင် အာဆီယံ မိတ်ဖက်နိုင်ငံများဖြစ်သောတရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်စေရေး Target ထားရန် ရည်မှန်းထားပါကြောင်း၊ ဗီဇာဖြေလျော့ပေးရေး အစီအစဉ်များကို ဂျပန်၊ ကိုရီးယားနိုင်ငံများအတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၁) ရက်နေ့မှ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိ စမ်းသပ်ကာ(၁)နှစ်စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့်တောင်ကိုရီးယားနိုင်ငံသား ခရီးသွားဧည့်သည်များအားဗီဇာကင်းလွတ်ခွင့်နှင့် တရုတ်နိုင်ငံသားခရီးသွားများအနက် နိုင်ငံတကာလေဆိပ်မှ လေကြောင်းဖြင့်လာရောက်သည့် ခရီးသွားဧည့်သည်များအား ဆိုက်ရောက်ဗီဇာခွင့်ပြုပေးနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူပြီးဖြစ်ပါကြောင်း၊ ဗီဇာဖြေလျော့ပေးမှုများအား အဆိုပါ နိုင်ငံသားများသိရှိနိုင်ရေးအတွက် နိုင်ငံအလိုက် ဘာသာစကားများဖြင့် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ဖော်ပြခြင်းနှင့် Digital Marketing လုပ်ငန်းစဉ်များကို ကမ္ဘာကသိရှိအောင်မြှင့်တင်ကြော်ငြာသွားမည် ဖြစ်ပါကြောင်း၊ပြန်ကြားရေးဝန်ကြီးဌာနမှ တစ်ဆင့်လည်း သတင်း၊ မီဒီယာများ၊ TV များတွင် လွှင့်တင်ကြော်ငြာသွားမည် ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

အဆိုပါ အစည်းအဝေးတွင်ခရီးသွားမြှင့်တင်ရေး Visa ဆိုင်ရာဆောင်ရွက်နေမှု အခြေအနေများအား ဟိုတယ်နှင့် ခရီးသွားယာဉ်ကြားမှုဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါ်ခင်သန်းဝင်းက ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ခရီးသွားလုပ်ငန်းဆောင်ရွက်နေကြသူများ၊ နိုင်ငံတကာလေကြောင်းလိုင်းများနှင့် Digital Marketing ဆောင်ရွက်နေကြသည့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များစုစုပေါင်း (၇၀) ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

အိမ်စည်











ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်
တံတေးတူးမြောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် ဖူလိုင်လ (၂၉) ရက်၊ နံနက် (၈)နာရီတွင် ဝန်ကြီးဌာနအောက်ရှိ ဌာနအကြီးအကဲများလိုက်ပါကာ နန်းသီတာဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တံတေးတူမြောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေလမ်းကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တံတေးတူးမြောင်း (၃.၅)မိုင်အကောက်စခန်းနှင့် လက်ပံကုန်းကျေးရွာအနီး ကမ်းပါးထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေလမ်းထိန်းသိမ်းရေး လုပ်ငန်းများဌာန (အောက်မြန်မာပြည်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲသွေးအောင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးမှ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

အဆိုပါနေရာတွင် လုပ်ငန်းခွဲ (၆)ခုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ပံကုန်းကျေးရွာဘက်တွင် လုပ်ငန်း (၄)ခု အလျား (၃၂၀၀)ပေနှင့် အကောက်ခွန်စခန်းဘက်အခြမ်းတွင် လုပ်ငန်း (၂)ခု အလျား (၈၁၇)ပေဖြစ်ရာ စုစုပေါင်း အလျားပေ (၄၀၁၇)အား ကာကွယ်ထိန်းသိမ်းထားပြီးဖြစ်သည်။ ထို့ပြင် အဆိုပါလုပ်ငန်းနှင့် တဆက်တည်း တံတေးတူမြောင်း (၃.၅)မိုင်နှင့် (၇)မိုင်အကြားတွင် အခြေထိန်းကွန်ကရစ်ပိုင်တိုင်တန်းနှင့် PVC Sheet Pile များဖြင့် စုစုပေါင်းအလျား (၉၇၇၀)ပေ ကာကွယ်ထိန်းသိမ်းပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တံတေးတူးမြောင်း (၁၅)မိုင်ရှိ အောင်စေတီဘုရားကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် တံတေးတူးမြောင်းအရှေ့ဝဲ/ယာရှိ Jetty ရေကာများကို လည်းကောင်း၊ (၂၁)မိုင်ရှိ တံတေးတူးမြောင်းနှင့် တိုးမြစ်ဆုံရာ နေရာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများနှင့် ရေလမ်းကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းလှိုင်က ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ရေကြောင်းသွားလာမှုပြုနိုင်သော တူးမြောင်းများအနက် တံတေးတူးမြောင်းသည် အရေးပါဆုံးတူးမြောင်းတစ်ခုဖြစ်သည်။ ထိုတူးမြောင်းသည် မအူပင်မြို့၊ ဒေးဒဲမြို့တို့ကို ဖြတ်သန်းစီးဆင်းလာသော တိုးမြစ်နှင့် ရန်ကုန်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော တူးမြောင်းဖြစ်သည်။ ရန်ကုန်မြစ်အတွင်း စီးဝင်သော ခနောင်တိုချောင်းနှင့် တိုးမြစ်အတွင်းစီးဝင်သော ပသီချောင်းတို့ကို ဆက်သွယ်ထားသော တံတေးတူမြောင်းကို ၁၈၇၃ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ စတင်ဖောက်လုပ်စဉ်က ဒီရေသက်ရောက်မှုဖြင့်သာ သွားလာနိုင်သော တံတေးတူးမြောင်းကို အကျယ်ပေ (၃၀၀)၊ အနက် (၉)ပေ ရရှိစေရန်အတွက် ၁၉၁၃ ခုနှစ်မှစ၍ (၄)နှစ်ကြာ ချဲ့ထွင်ဖောက်လုပ်ခဲ့ပြီး ထိုသို့ဖောက်လုပ်ရာတွင် လက်ပံကုန်း အကောက်စခန်းမှ (၀)မိုင်ထိရှိသော တံတေးတူးမြောင်းဖြတ်မြောင်းကိုပါ တပါတည်း ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ တိုးမြစ်မှ ရေစီးဝင်မှုများပြားလာသဖြင့် တူးမြောင်းတစ်လျောက်ကမ်းပြိုမှုများနှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည့်အတွက် ရေးစီးဝင်မှုလျော့ကျစေသော ရေကာတာများဖြင့် (၂၁)မိုင် တံတေးမြို့အနီးတွင်လည်းကောင်း၊ (၃.၅)မိုင်အနီးတွင်လည်းကောင်း ကမ်းပြိုကာကွယ်ရေး၊ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ (သတင်းအဖွဲ့)



မြန်မာအမျိုးသားလေကြောင်းဌာန၏ (၁၉)ကြိမ်မြောက် မိသားစုဝါဆိုသင်္ကန်းကပ်လှူ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီး ဒေါက်တာခင်သန်းအေးအား အမှူးထား၍ မြန်မာအမျိုးသားလေကြောင်း၏ (၁၉)ကြိမ်မြောက် မိသားစုဝါဆိုသင်္ကန်းကပ်လှူပွဲကို သြဂုတ် (၃)ရက်၊ နံနက် (၁၀)နာရီအချိန်တွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်း ရုံးချုပ်တွင် ကျင်းပပြုလုပ်သည်။

ထို့နောက်အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ပေးပြီး ရွှေဘုန်းပွင့်ဆရာတော်ဘုရားထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ၎င်းနောက် ဧည့်ပရိသတ်များက ရွှေဘုန်းပွင့်ဆရာတော်ဘုရားထံမှ ပရိတ်တရားတော်များနာကြားကြသည်။ ယင်းနောက် မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းမှ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ အားလည်းကောင်း Board of Director များ၊ ဌာနမှူးများနှင့်ဇနီးတို့မှ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအားလည်းကောင်း အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် ရွှေဘုန်းပွင့်ဆရာတော်ဘုရားထံမှ သာဓုအနုမောဒနာတရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနိစိရံတိဌတု (၃)ကြိမ် ရွတ်ဆိုဆုတောင်း၍ ရှပ်သိမ်းလိုက်သည်။ အခမ်းအနား အပြီးတွင် ရွှေဘုန်းပွင့်ဆရာတော်ဘုရားနှင့် ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းအဖွဲ့)





ဦးတိုးအောင်လင်း
တိုင်းဒေသကြီးဦးစီးမှူး
မန္တလေးတိုင်းဒေသကြီး
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၆၆ နည်းနည်းလေးပဲတာနဲ့ အိမ်တွေဘာတွေကပါမှာဆိုတော့ ဒါတွေကိုလည်း တတ်နိုင်သလောက် နိုင်ငံတော်ကချေပေးတဲ့ ရန်ပုံငွေနဲ့လုပ်ဆောင်နေပါတယ်။။။ ၅၅

မေး။ ။အရင်ဆုံးအနေနဲ့ ဆရာတို့ဌာနကနေလုပ်ဆောင်နေတဲ့ လုပ်ငန်းတွေကိုမိတ်ဆက်ပေးပါဦးဆရာ။

ဖြေ။ ။ကျွန်တော်တို့ဌာနအနေနဲ့ မန္တလေးတိုင်းထဲမှာအဓိကလုပ်နေတာကတော့ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ရန်ပုံငွေနဲ့ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းတွေရှိတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေနဲ့တိုင်းထဲမှာရှိတဲ့ မြစ်ချောင်းတွေရဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေလုပ်တယ်။ နောက်ပြီးတော့ ရုံးဘတ်ဂျက်ကနေပြီးတော့ ရေယာဉ်တွေအနေနဲ့ ရာသီမရွေးအန္တရာယ်ကင်းစွာ သွားလာနိုင်ဖို့အတွက် ရေကြောင်းပြအမှတ်အသားတွေချပေးတာကိုလုပ်တယ်။ နောက်ပြီးတော့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြစ်တွေချောင်းတွေရဲ့အနေအထားတွေ ကမ်းပြိုမှုရှိလား ရေလမ်းကြောင်းပြောင်းမှုရှိလား စသည်ဖြင့်တိုင်းတာရေးလုပ်ငန်းတွေကိုလည်း လုပ်ရပါတယ်။ အဓိကကတော့ ရေလမ်းကြောင်းကောင်းမွန်ရေးနဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေလုပ်တယ်လို့ ပြောလို့ရပါတယ်။

မေး။ ။ဆရာတို့ရဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် လတ်တလောဆောင်ရွက်နေတာတွေကိုလည်း ရှင်းပြပေးပါဦးရှင်။

ဖြေ။ ။ရေလမ်းကြောင်းကောင်းမွန်ရေးအတွက်ကို နှစ်စဉ်ကတော့ ကျွန်တော့်ရဲ့ရေလမ်းနယ်မြေက ကသာမြို့ကနေ ဧရာဝတီမြစ်တစ်လျှောက်ဆင်းလာရင် ကြားမှာရှိတဲ့မြို့တွေအပါအဝင် ပုဂံ-ညောင်ဦးအထိ အဲ့ဒီရေလမ်းမိုင်အတွင်းမှာ ခုနကပြောတဲ့ရေယာဉ်တွေ အန္တရာယ်ကင်းစွာသွားလာနိုင်ဖို့ ရေကြောင်းပြအမှတ်အသားတွေလုပ်တယ်။ ဘဏ္ဍာနှစ်အလိုက်ပြောရမယ်ဆိုရင် အခုကတော့ မိုးတွင်းဖြစ်နေတဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကသာရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေနဲ့လုပ်ခဲ့တယ်။ နောက်တစ်ခုကနိုင်ငံတော်သမ္မတသီးသန့်ရန်ပုံငွေ (အရေးပေါ်ရန်ပုံငွေ) နဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှစ်ခုလုပ်ခဲ့တယ်။ နောက်တစ်ခါ ကမ်းပြိုကာကွယ်ရေးအတွက်ကိုပဲ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ ၁၉ နေရာလုပ်ခဲ့တယ်။ ပြည်ထောင်စုအနေနဲ့က ၃ နေရာရှိတယ်။ နောက်တစ်ခါဘာလုပ်သေးလဲဆိုရင် လယ်ယာစိုက်ပျိုးရေးနဲ့ဆည် မြောင်းဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မြစ်ရေတင်လုပ်ငန်းတွေလုပ်တဲ့ ရေအရင်းအမြစ်အသုံးချရေးဌာနကအပ်နှံတဲ့ လုပ်ငန်းတွေဖြစ်တဲ့ မြစ်ရေတင်စက်များ ရေရရှိရေး လုပ်ငန်းတွေကိုလည်းလုပ်တယ်။ အဲ့ဒီဌာနက ဘာလုပ်ငန်းတွေအပ်နှံသလဲဆိုရင် သူတို့ရေတင်စက်တွေရှိတဲ့ရေလမ်းမှာ နွေကျရင်သောင်ထွန်းနေတာတို့ဖြစ်တဲ့အတွက် ရေတင်စက်ရှိတဲ့နေရာအထိ ရေရရှိဖို့သောင်တူးတာတွေလုပ်ပေးရပါတယ်။ အထူးသဖြင့် ညောင်ဦးက လောကနန္ဒာမြစ်ရေတင်စက် ရေရရှိရေးအတွက် နှစ်စဉ်လုပ်ပေးရတာဆိုရင် ဆယ်စုနှစ် တစ်ခုစာမကတော့ဘူး။ အဲ့ဒီရေတင်စက်နေရာမှာ နွေဆိုရင် နှစ်စဉ်သောင်ထွန်းလို့ ရေတင်စက်ရေရရှိရေးအတွက် နှစ်တိုင်းတူးပေးရတယ်။ အဲ့ဒီလုပ်ငန်းက (၅)ခုရှိတယ်။ အဲ့ဒီတော့ ပေါင်းလိုက်ရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ မန္တလေးတိုင်းဒေသကြီးအနေနဲ့ လုပ်ငန်းပေါင်း(၂၇)ခုလုပ်ခဲ့တယ်။ ၂၀၁၈-၂၀၁၉ မှာကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေနဲ့စဉ်းကူးမှော်ဦးရေလမ်းမှာရှိတဲ့ ဆီသည်ရေလမ်းကောင်းမွန်ရေးကို ဆောင်ရွက်ပေးဖို့လျာထားပါတယ်။ ရေနည်းချိန်မှာ လုပ်မှာပါ။ ဒုတိယတစ်ခုက မှော်ဦးမန္တလေးရေလမ်းထဲမှာရှိတဲ့ သူငှေးကုန်းရေလမ်းကောင်းမွန်ရေး လုပ်ငန်းလုပ်ဖို့ရှိပါတယ်။ဒါတွေကတော့ ပြည်ထောင်စု အစိုးရအဖွဲ့ရန် ပုံငွေနဲ့လုပ်သွားမှာပါ။ တိုင်းဒေသကြီးရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာကျတော့ ကမ်းပြိုကာကွယ် ရေးလုပ်ငန်းကို ရွာပေါင်း(၁၅) ရွာမှာ လုပ်ပေးဖို့အတွက် လျာထားပါတယ်။ ဒါတွေအားလုံးကို ၂၀၁၈ ပွင့်လင်းရာသီ ဖြစ်တဲ့ ဒီဇင်ဘာလောက်မှာစပြီး ဆောင်ရွက်ပေးဖို့လျာထားပါတယ်။ ဒါတွေအတွက် ဒီဇင်ဘာလလောက်မှာ တင်ဒါတွေခေါ်ပါမယ်။ ဒီလိုတင်ဒါခေါ်တဲ့နေရာမှာလည်း နိုင်ငံတော်ကထုတ်ပြန်ထားတဲ့ ၁/၂၀၁၇ အတိုင်းလိုက်နာဆောင်ရွက်မှာပါ။ဌာနကလုပ်တဲ့ လုပ်ငန်းအတွက်ဆိုရင် လုပ်ငန်းသုံးပစ္စည်းတင်ဒါခေါ်မယ်။ ကုမ္ပဏီတွေကိုပေးမယ့် လုပ်ငန်းဆိုရင်လည်း လုပ်ငန်းတင်ဒါခေါ်မယ်။ ဒါတွေပြီး သွားတာနဲ့ လုပ်ငန်းစတင်မှာဆိုတော့ နောက်အကျဆုံးကတော့ ရေနည်းချိန်ဖြစ်တဲ့ ၂၀၁၉ ဇန်နဝါရီလဖြစ်ပါမယ်။

မေး။ ။ဆရာတို့ရဲ့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာပါဝင်တဲ့မြစ်တွေနဲ့ သူတို့အတွက် ဆောင်ရွက်ပေးနေမှုတွေကိုလည်း ရှင်းပြပေးပါဦးရှင်။

ဖြေ။ ။မန္တလေးပတ်ဝန်းကျင်အနေနဲ့ပြောရရင် နံပါတ်(၁) ဦးစားပေး လုပ်ဆောင်ပေးနေရတာကတော့ ဧရာဝတီမြစ်ပါ။ရေလမ်းကောင်းမွန်ရေးရော ကမ်းပြိုကာကွယ်ရေးကိုပါ ဆောင်ရွက်ပေးနေရပါတယ်။ နံပါတ်(၂)ကတော့ ဒုဌဝတီ မြစ် (မြစ်ငယ်မြစ်လို့လည်းခေါ်ကြပါတယ်)။ ဒုဌဝတီမြစ်က မန္တလေးတိုင်းတစ်ခုတည်းမှာရှိတာတော့ မဟုတ်ဘူး။ရှမ်း ပြည်နယ်ကနေဆင်းလာတာဖြစ်တယ်။ မန္တလေးတိုင်းထဲကိုတော့ ပြင်ဦးလွင်ကျော်လာရင်မန္တလေးတိုင်းထဲရောက်လာပြီးတော့ ဧရာဝတီမြစ်နဲ့ ပေါင်းသွားတာပါ။ အဲ့ဒီမြစ်ကိုတော့ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းသီးသန့် လုပ်ရပါတယ်။ ဒုဌဝတီမြစ်ထဲမှာ သဘော်ကြီးတွေဝင်ထွက်သွားလာလို့မရတဲ့ ရေကြောင်းသွားလာမှုမရှိတဲ့အတွက် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစရာမလိုဘဲ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုဘဲ ဆောင်ရွက်ပေးနေရပါတယ်။ နောက်တစ်ခုကတော့ ပန်းလောင်မြစ်ထဲမှာလည်း ကမ်းပြိုကာကွယ်ရေးလုပ်ပေးရတာတွေ ရှိပါတယ်။ နောက်တစ်ခုကတော့ ချောင်းမကြီးချောင်း (သူကဆည်တော်ကြီး ဆည်ပိတ်ထားတဲ့ချောင်း) အဲ့ဒီချောင်းကလည်း ဧရာဝတီမြစ်ထဲ ကိုလာပေါင်းတာပါ။ အဲ့ဒီချောင်းတွေမှာလည်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေ လုပ်ပေးနေပါတယ်။ ဒါတွေကတော့ အဓိကလုပ်ဆောင်ပေးနေရတာတွေပါ။

မေး။ ။ဒီလိုလုပ်ငန်းတွေအတွက် ဘတ်ဂျက်ရရှိမှုအခြေအနေလုံလောက်မှုရှိလားဆိုတာကိုလည်း ရှင်းပြပေးပါဦးဆရာ။

ဖြေ။ ။ဒုဌဝတီတို့ ပန်းလောင်တို့ကတော့ သိပ်ပြီးပြဿနာမရှိဘူး။ ဒုဌဝတီရဲ့အထက်မှာဆိုလည်း ရဲရွာဆည်ပိတ်ထားတယ်။ ချောင်းမကြီးချောင်းရဲ့အထက်မှာဆိုလည်း ဆည်တော်ကြီး ဆည်ပိတ်ထားတယ်။ ပန်းလောင်ဆိုရင်လည်း မြစ်ရဲ့အဖျားမှာဆည်ပိတ်ထားတယ်။ အဲ့ဒီတော့ ဆည်တွေပိတ်ထားတဲ့ချောင်းတွေ မြစ်တွေမှာတော့ ရေကြီးရေလျှံမှုကို အတတ်နိုင်ဆုံးထိန်းချုပ်ပြီးသားဖြစ်တဲ့အတွက် ကမ်းပြိုကာကွယ်ရေးလုပ်ပေးရတာနည်းပါတယ်။ ကျွန်တော်တို့လုပ်ပေးနေရတယ်ဆိုတာကလည်း လတ်တလောမှာ ဖြစ်လို့မဟုတ်ဘူး။ ဒုဌဝတီဆိုရင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းမစခင်မှာဆိုရင် သူကတောင်ပေါ်ကဆင်းလာတဲ့ ချောင်းဖြစ်တဲ့အတွက် ရေစီးကြမ်းတယ်။ အဲ့ဒီတော့ ရေဦးတည့်ရာထိုးပြီးတော့ ကမ်းတွေပြိုတာများတယ်။ အခုက အဲ့ဒီလိုမပြိုတော့ပေမဲ့လည်း အဲ့ဒီနေရာတွေက နည်းနည်းလေးမှ အပဲ့မခံနိုင်တော့ဘူး။ နည်းနည်းလေးပဲတာနဲ့ အိမ်တွေဘာတွေကပါမှာဆိုတော့ ဒါတွေကိုလည်း တတ်နိုင်သလောက်နိုင်ငံတော်ကချေပေးတဲ့ ရန်ပုံငွေနဲ့လုပ်ဆောင်နေပါတယ်။ အထူးသဖြင့် လုပ်ရမှာကတော့ ဧရာဝတီမြစ်ဖြစ်ပါတယ်။ သူကပြောမယ်ဆိုရင် ရတဲ့ရန်ပုံငွေက သိပ်နည်းလွန်းတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဧရာဝတီမြစ်က ကျွန်တော်တို့မန္တလေးတိုင်းတစ်တိုင်းထဲလုပ်နေလို့မရဘူး။ သူမြစ်ကြောင်းတစ်လျှောက် ဧရာဝတီတိုင်းအထိ လုပ်ရတာပါ။ အဲ့ဒီတော့ ဒါတွေအားလုံးအတွက် ရေလမ်းကြောင်းကောင်းဖို့ကို ပြည်ထောင်စုရန်ပုံငွေကနေပြီး လုပ်နေရတာပါ။ ပြည်ထောင်စုမှလည်း ဘတ်ဂျက်ခွဲဝေပေးတဲ့နေရာမှာ ဧရာဝတီမြစ်တစ်ခုတည်းကို စဉ်းစားလို့မရဘူး။ လေကြောင်းကလွဲ၊ ရထား၊ ဆက်သွယ်ရေး စသည်ဖြင့်ရှိတော့ ဘတ်ဂျက်ကိုခွဲရတာဖြစ်တဲ့အတွက် ဧရာဝတီမြစ် ပြုပြင်ထိန်းသိမ်းရေးအတွက် ရတဲ့ငွေက တကယ်တန်းကျတော့ တော်တော်နည်းပါတယ်။ ဥပမာကမ်းပြိုကာကွယ်ရေးဆိုရင် မန္တလေးတိုင်းထဲမှာဆိုရင် မနှစ်ကကျွန်တော်တို့လုပ်ခဲ့တဲ့ သာမန်ရေဖြည့်စွက်ရန်ပုံငွေရောပေါင်းလိုက်ရင် ငါးဘီးလျံနီးနီးလောက်ရှိတယ်။၂၀၁၈-၂၀၁၉ မှာလည်းငါးဘီးလျံလောက်ရှိတယ်။ ဒါက ကမ်းပြိုကာကွယ်ရေးအတွက်ပဲ။ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက်ကျတော့ ဧရာဝတီမြစ်အစကနေအဆုံး တစ်နိုင်ငံလုံးမှာမှငါးဘီးလျံမပြည့်ဘူး။ ကမ်းပြိုကာကွယ်ရေးက မန္တလေးတိုင်းမှာတင်ကို ဒီလောက်လုပ်နိုင်တယ်။ မကွေးလည်း အဲ့ဒီလောက်နီးနီးလုပ်နိုင်တယ်။ အောက်မှာ ပဲခူးလည်းအများကြီးလုပ်နိုင်တယ်။ ကမ်းပြိုကာကွယ်ရေးကဧရာဝတီမြစ်ပေါ်မှာ အများကြီးလုပ်နိုင်တယ်။ ရန်ကုန်တိုင်းမှာ ကျွန်ပြည်နယ်တိုင်းတွေထက် ပိုတောင်များသေးတယ်။ ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ရတဲ့ဘတ်ဂျက်တွေက လုပ်ရမယ့် ပမာဏထက်စာရင် တော်တော်ကိုနည်းလွန်းတယ်။အရေးအကြီးဆုံးနောက်တစ်ချက်က ရေလမ်းကြောင်းတွေတည်ငြိမ်နေရင် ကမ်းပြိုမှုကသက်သာတယ်။ ကမ်းပြိုမှုတွေသက်သာရင် ရွာတွေလည်းဒုက္ခမရောက်ဘူး။ စိုက်ပျိုးမြေတွေလည်းမဆုံးရှုံးဘူး။ နိုင်ငံတော်လည်း အဲ့ဒီလောက်ဘတ်ဂျက်မသုံးရတော့ဘူး။ အဲ့ဒီတော့အဓိကက ရေလမ်းကြောင်းကောင်းမွန်ရေးအတွက် ဦးစားပေးပြီး လုပ်ဖို့လိုတယ်။ ရတဲ့ဘတ်ဂျက်ကတော့ တော်တော့်ကိုနည်းနေတယ်။ အဲ့ဒီလိုဖြစ်နေပါတယ်။ တကယ်တန်းကတော့ ထိထိရောက်ရောက်လုပ်နိုင်ရင်ပိုကောင်းပါတယ်။

မေး။ ။ဘတ်ဂျက်ကတော့ မလုံလောက်သေးဘူး သို့သော်လည်း ဆရာတို့ဌာနအနေနဲ့ ထိထိရောက်ရောက်လုပ်ချင်တဲ့အရာကိုပြောပါဆိုရင် ဘာဖြစ်မလဲဆရာ။

ဖြေ။ ။အဓိကကတော့ ဧရာဝတီထဲမှာဆိုရင် ဆည်တွေဆောက်ဖို့ဆိုတာကလည်း မဖြစ်နိုင်သေးဘူးဆိုတော့ ဘယ်လိုလုပ်ချင်သလဲဆိုရင် ရေလမ်းကြောင်းမတည်ငြိမ်တဲ့နေရာတွေ၊ ရေကြောင်းမကောင်းဘူး။ ရေအနက်မရလို့ သဘော်တွေသွားရတာ ရေကြောင်းကျပ်တည်းတဲ့နေရာတွေကို ဦးစားပေးအနေနဲ့ မပြေလည်နေတဲ့အခြေအနေမှာ ဒါတွေကိုဦးစားပေးပြီးတော့ လုပ်သင့်တယ်လို့မြင်ပါတယ်။ တကယ်လည်း အဲ့ဒီအပေါ်မှာစဉ်းစားပြီး လုပ်နေကြတာပါ။ နိုင်ငံတော်လည်းတတ်နိုင်လို့ လုပ်နိုင်တဲ့အချိန်ကျတော့ Master Plan အတိုင်းသွားရုံရှိတာပါ။

မေး။ ။ဒီလိုမျိုး ဘတ်ဂျက်လုံလောက်မှုမရှိတဲ့အခြေအနေမှာ အကောင်းဆုံးဖြစ်မယ့် အခြားနည်းလမ်းများရှိရင်လည်း အကြံပေးပါဦးဆရာ။

ဖြေ။ ။အဓိကကတော့ ဖျက်ဆီးတဲ့အဖွဲ့နဲ့ ပြုပြင်တဲ့အဖွဲ့ပေါ့နော်။ မြစ်တွေချောင်းတွေရဲ့ သဘာဝကအနည်တွေတအားကြီးမများဘူးဆိုရင် ရေစီးကြောင်းကလည်း ဟိုပြောင်းဒီပြောင်း သိပ်ပြီးမဖြစ်ဘူး။ အဲ့ဒီတော့အနည်တွေဘာဖြစ်လို့များလာသလဲဆိုတော့ ဒီမြစ်တွေထဲကိုစီးဝင်လာတဲ့ ရေဝေရေလဲဇရိယာထဲမှာရှိတဲ့ သစ်တောသစ်ပင်တွေပြုန်းတီးတာလည်းပါတယ်။ နောက်ပြီးတော့ အဲ့ဒီဒေသမှာပဲ ရွှေထုတ်တာတို့ ကျောက်တွေတူးတာတို့ရှိတယ်။ ဒါတူးတော့ဘာဖြစ်သလဲဆိုရင် လောဘဇောနဲ့မတရားထုတ်မတရားတူးမယ်။ အဲ့ဒီကနေထွက်လာတဲ့မြေစာတွေကို ပစ်ချင်တဲ့နေရာပစ်မယ်။ အဲ့ဒီလိုပုံချင်သလို ပုံလို့ ဖားကန့်မှာဖြစ်တယ်ဆိုတာကလည်း အဲ့ဒီလိုပဲလေ။ အဲ့ဒီအပုံတွေကမိုးရွာတဲ့အခါ မြစ်ထဲရောက်လာရော။ ဒီလိုမျိုးမြစ်ထဲရောက်လာတဲ့အခါ မြစ်ထဲမှာအနည်တွေကများလာပြီး သောင်တွေထွန်းလာတယ်။ သောင်ထွန်းလာတော့ ရေကြောင်းကအဲ့ဒီသောင်ကိုပတ်ပြီး သွားနေရတော့ အဲ့ဒီဘေးမှာရှိတဲ့ရွာတွေကို ဦးတည်ပြီး ရေတိုက်စားရော။ အဲ့ဒီတော့ မြေတွေပြိုတယ်။ ပြိုတဲ့မြေကြီးတွေကလည်း ဘယ်ကိုရောက်သလဲဆိုရင် ဒီမြစ်ထဲကိုပဲပြန်ရောက်တယ်။ အဲ့ဒါကြောင့် အနည်သံသရာလည်ပြီးတော့ ရေကြောင်းတွေ ကမောက်ကမဖြစ်ကုန်ရော။ ဆိုလိုတာက ပြုပြင်ထိန်းသိမ်းမှုက နဂိုကမှ ဘတ်ဂျက်အခြေအနေအရ လုပ်ပေးနိုင်တာနည်းသေးတဲ့ပြဿနာမှာ ဒါတွေကိုမြစ်တွေထဲကို မတရားထပ်ပြီးမဆင်းလာအောင်ဆိုတာမှာ တစ်ယောက်တည်းလုပ်လို့မရဘူး။ ကျွန်တော်တို့တစ်ဌာနတည်းလုပ်လို့မရဘူး။ အဲ့ဒီတော့ မြစ်ဝှမ်းဇရိယာထဲမှာရှိတဲ့ သစ်တောသစ်ပင်တွေမပြုန်းတီးအောင်ရယ် ပြန်လည်ဖြစ်ထွန်းအောင်ရယ် ဒါတွေကိုဌာနဆိုင်ရာတွေ NGO တွေ ဒေသခံတွေရောလုပ်ရပါမယ်။ နောက်ပြီးတော့ တရားမဝင်တူးနေတဲ့ ရွှေတို့ကျောက်တို့ပြဿနာတွေကိုလည်း တော်ကြီးထိန်းချုပ်ရမယ်။ ခွင့်ပြုချက်နဲ့တရားဝင်လုပ်ကြတဲ့သူတွေကိုလည်း ဒီလိုပြဿနာတွေ မဖြစ်အောင် စည်း

စာ-၂၂ »





ကုန်းတောင်ခရီးသွားလမ်းရှိ မလိခတ်တား ကွန်ကရစ်တံတားကြီး



ပထဝီအနေအထားပြောကြားရပါရင်... မြောက်ဘက်တောင်ကုန်းဒေသခွင်... ခရီးစဉ် တစ်ထောက်နား... မြစ်ကြီးနားရောက်ရင်... ဝေဟင်ခရီးလေယာဉ်စီးကာပင်... ရေခဲပြင်... ဖုံးလွှမ်းနေတဲ့ တောင်တန်းကြီးတွေ ဖြတ်ကျော်ကာ အစဉ်...

ပူတာအို စခန်းမြို့... လှမ်းမို့နော် ပျော်ပျော်ရွှင်... ရှေ့ခရီးဆက်ကာပင်... မော်တော်ကားနဲ့အရောက်သွားပါရင်... မလိခမြစ်ကမ်းနဘေးက မချမ်းဘော့ရွာကလေးအေးချမ်းလှပါသရင်...

လေယာဉ်ပေါ်မှဆင်း၍ မြေပြင်သို့ ခြေချမိသည်နှင့် တေးသံရှင် ရွှေဝါစိန်၏ ချိုအေးကြည်မြပီသလှသည့် တေးသွားနှင့် ဂီတသံများက ကြည်နူးဆွတ်ပျံ့ဖွယ်ကြားယောင်မိသည်။ တေးစာသားများက နားဝင်ပီယံဖြစ်ရုံမျှမက ဒေသမြင်ကွင်းကို စိတ်ပြုတင်း၌ ပီသကြည်မြစွာမြင်ယောင်စွမ်းရှိစေသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ခရီးစဉ်တစ်ခုဖြစ်သည့် ရန်ကုန်- မြစ်ကြီးနား- ပူတာအိုဖြင့် ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်အဖွဲ့ လိုက်ပါလာခဲ့ခြင်းဖြစ်သည်။ ATR 72-600 သည် ရန်ကုန်မှ ထွက်လာသည်နှင့် မှုံတစ်လှည့် မှောင်တစ်လီဖြင့် မိုးတိမ်ထုလိုင်းဆင့်ကြီးများအတွင်း ခက်ခဲစွာ မောင်းနှင်ပို့ဆောင်ပေးသည့် လေယာဉ်မှူးကြီးနှင့်တကွ လေယာဉ်အဖွဲ့သားအား ခရီးသွားများက လေးစားကျေးဇူးတင်စွာ နှုတ်ဆက်ကြသည်။ ငယ်ရွယ်နုပျိုအပြုံးချို့ကာ ဇည်ဝတ်ကျေပွန်ကြသည့် လေယာဉ်မောင်/မယ်များလည်း ပြန်လည်ဆုံတွေ့ဖို့ ဖိတ်ခေါ်စကားဖြင့် ပြန်လည်နှုတ်ဆက်ကြသည်။

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်အဖွဲ့သားများသည် ဝေးလံခေါင်သီလှသည့် ဒေသများသို့ အချိန်မရွေး ဝေဟင်ခရီးစဉ်များအား လေယာဉ်ကြီးငယ်များဖြင့် သယ်ယူပို့ဆောင်ပေးနေသည့် ဝန်ဆောင်မှုများ ဒေသအသိုးသိုးရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီး၊ လုပ်ငန်းအဖွဲ့အစည်းများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေသည်များအား ကွင်းဆင်းလေ့လာပြီးပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တွင်မှတ်တမ်းတင်ဖော်ပြနိုင်ရန် ရည်ရွယ်၍ ဌာနဆိုင်ရာများ၏ ပံ့ပိုးကူညီမှုဖြင့် အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

ပူတာအိုမြေသို့ သတင်းအဖွဲ့ခြေချမိသည်နှင့် လေဆိပ်တာဝန်ခံ ဦးဝင်းမြင့်နှင့် မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ တာဝန်ခံ ဦးလှမြင့်နှင့် ဝန်ထမ်းများ၏ နွေးထွေးချမ်းမြေ့လှသည့် အပြုံးက ဧည့်သည်ဖြစ်သူတို့အတွက် အမောပြေ၊ ခွန်အားတိုးစေပါသည်။ အဆင်းခရီးသည်နှင့် ပစ္စည်းများချိုးသည်နှင့် အတက်ခရီးသည်နှင့် ပစ္စည်းများတင်ဆောင်ကာ မြစ်ကြီးနားသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ရာ သတင်းအဖွဲ့သားများအား နေရာစုံ၊ ထောင့်စုံမှ ရိုက်ကူးမှတ်တမ်းတင်ခြင်း၊ သိလိုသည်များမေးမြန်းခြင်းများ ဇယ်ဆက်သလို ဆောင်ရွက်ကြရသည်။ ပူတာအိုလေဆိပ်မှ အားယူပျံတက်သွားသည့် မြန်မာအမျိုးသားလေကြောင်းလိုင်း၏ နတ်မြင်းပျံ ATR 72-600 ကောင်းကင်မြင့်ကွင်းမှ ဝေးကွာပျောက်ကွယ်သွားသည်အထိ ကင်မရာစုံဖြင့် ဝိုင်းဝန်းမှတ်တမ်းတင်ကြသည်။

ထိုသို့သော လုပ်ငန်းစဉ်များ ပြီးဆုံးချိန်၌တွင် ပူတာအို လေယာဉ်ကွင်းနှင့် ဝန်းကျင်ကို တရှိုက်မတ်မတ် ငေးမောကြည့်မိသည်။ ညို့မှိုင်းနေသော မိုးတိမ်ထုကြီး အုပ်မိုးထားသည့်အောက်တွင် မှိုင်းညို့ပြာလဲ့နေသည့် တောင်စဉ်တောင်တန်းကြီးများ။ တောင်ခြေမြေပြန့်.လွင်ပြင်နှင့် မြို့ပြသင်္ကေတများ၊ ရိုးသားအေးချမ်းစွာနေထိုင်သွားလာနေကြသည့် ဒေသခံတိုင်းရင်းသား ညီအကိုမောင်နမများ၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များနှင့် လျှပ်စစ်ပစ္စည်း၊ ပို့ဆောင်ရေး၊ ဒေသရိုးရာစားသောက်ဆိုင်များကို တွေ့ရသည်။

ပူတာအိုမြို့သည် အရှေ့နှင့်အနောက် ၁၀မိုင်ခန့်.ကျော်တောင်နှင့် မြောက် မိုင် ၃၀ခန့်ကျယ်ပြန့်သည့် လွင်ပြင်ဒေသဖြစ်သည်။ ယခင်က ခမ်းတီးလုံလွင်ပြင်ဟုခေါ်ခဲ့သည်ကို သတိရမိသည်။ မြို့နယ်အကျယ်အဝန်း စတုရန်းမိုင် ၁၉၁၆.၃၅ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ၁၃၄၂ပေ အမြင့်တွင် တည်ရှိသည်။ အရှေ့ဘက်တွင် မချမ်းဘော့မြို့နယ် အနောက်ဘက်တွင် အိန္ဒိယ၊ မြောက်ဘက်တွင် အိန္ဒိယနှင့် မချမ်းဘော့မြို့နယ်၊ တောင်ဘက်တွင် ဆွမ်ပရာဘွန်မြို့နယ်နှင့် တန်းမြို့နယ်တို့ရှိသည်။

မိုးကာလဖြစ်၍ သတင်းအဖွဲ့မျော်လင့်ခဲ့ကြသည့် ရေခဲဖုံးနေသည့် တောင်တန်းကြီးများကို မြင်ခွင့်မရခဲ့ပေ။ ထိုတောင်တန်းကြီးသည် ပေပေါင်း ၁၀၃၀၃ပေမြင့်သည်။ လုန်ခရမာဒင်ရေခဲတောင်ကြီးဖြစ်သည်။ ထိုတောင်တန်းတွင် ဖုန်ကန်ရာဇီရေခဲတောင်ကြီးလည်းပါဝင်သည်ဟု သိရသည်။

ပူတာအိုမြို့တွင် မြို့မရဝ်ကွက်၊ အောက်ချိုင့်ခေါ် ဟိုခိုရဝ်ကွက်၊ ပန်းလိုင်၊ ကောင်ကထောက်၊ ပါအင်း၊ တုံလီထု၊ တပ်သစ်ရပ်ကွက်အပါအဝင် ကျေးရွာအုပ်စုပေါင်း ၂၂ခု ပါဝင်ဖွဲ့စည်းထားသည်။ လီဆူးလူမျိုး ၄၄ရာခိုင်နှုန်း ရတမ်လူမျိုး ၃၀ရာခိုင်နှုန်း၊ ခန္ဒီးရှမ်းလူမျိုး ၁၀ရာခိုင်နှုန်း၊ ကျိမ်းဖော့လူမျိုး ၈ရာခိုင်နှုန်းနှင့် အခြားလူမျိုး ၈ရာခိုင်နှုန်းနေထိုင်ကြကြောင်းသိရသည်။

ဗြိတိသျှတို့သည် ၁၉၁၀ခုနှစ်ပြည့်နှစ်မှစတင်ပြီး ပူတာအိုဒေသသို့ စုံစမ်းရေးအဖွဲ့များစေလွှတ်ပြီး ၁၉၁၄ခုနှစ်တွင် ပူတာအိုနယ်မြေအတွင်းဝင်းရောက်ခဲ့သည်။ ထိုစဉ်က ခန္ဒီးရှမ်းတို့၏ လုပ်ခွန်စော်ဘွားနေထိုင်ရာ ပူတောင်းရွာအနီးရှိ ကွင်းပြင်တွင် စခန်းချခဲ့သည်။ ၁၉၁၆ခုနှစ်တွင် လက်ရှိမြို့တည်နေရာသို့ပြောင်းရွှေ့ခဲ့သည်။ မြို့ကိုလည်း ယခင်က ပူတောင်းမည်ကိုအစွဲပြုပြီး (ပူတောင်း။ PU= ပူ၊ Tao= တောင်း)ဟုခေါ်ခဲ့သည်။ ပူတောင်းဟူသည်မှာ ခန္ဒီးရှမ်းစကားအမည်ဖြစ်ပြီး (ပူ= အဖိုးအို၊ တောင်း= မျော်သည်) အဖိုးမျော်ဟု အဓိပ္ပာယ်ရပြီး "အဖိုးမျော်သည့် နေရာ" ဟုဆိုနိုင်ပါသည်။

ဗြိတိသျှတို့သည် ပူတာအိုဒေသကို ခရိုင်ဖွဲ့အုပ်ချုပ်ပြီး ခရိုင်ဝန်အဖြစ် မစ္စတာ ဟတ်ဖ်ကို ခန့်ထားခဲ့သည်။ ၁၉၁၈ခုနှစ်တွင် မစ္စတာ ဟတ်ဖ်ကို အစွဲပြုပြီး (FORT HERTZ) (ဟတ်ဖ်ခံတပ်မြို့) ဟုပြောင်လဲခဲ့သည်။ ဝေးလံခေါင်သီပြီး စရိတ်စကများပြားလှသဖြင့် ၁၉၂၅ခုနှစ်တွင် ခရိုင်အဆင့်ဖြုတ်ပြီး မြစ်ကြီးနားခရိုင်အတွင်း သွင်းခဲ့သည်။ ၁၉၅၆ခုနှစ်နောက်ပိုင်းတွင် "ပူတာအို" ဟုပြောင်းလဲခေါ်ခဲ့ကြသည်။

၁၉၇၃ခုနှစ်မှ စတင်၍ ပူတာအိုနယ်မြေတွင် အထူးစပါးစိုက်ပျိုးခဲ့ကြသည်။ ပူတာအို၊ မချမ်းဘော့၊ နောင်မွန်နှင့် ခေါ်ဘူဒဲ လေးမြို့နယ်၏ အဓိကဆက်သွယ်ရေးလမ်းကြောင်းမှာ လေကြောင်းခရီးတစ်ခုတည်းသာရှိခဲ့သည်။ ယခင်က ခရီးသည် ၁၉ယောက်တင်နိုင်သည့်တွင်အော်တာလေယာဉ်ငယ်ကလေးဖြင့်သာ ပို့ဆောင်နိုင်ခဲ့သော်လည်း ယခုအခါတွင် မြန်မာ့အမျိုးသားလေကြောင်းနှင့် ရွှေမြန်မာလေကြောင်းလိုင်းတို့ ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသည်။

ပူတာအို၏ နံနက်ခင်းသည် ထူးခြားသည်ဟု ဆိုနိုင်သည်။ နံနက်ခင်း ၆နာရီခန့်တွင် နေမထွက်သေးသော်လည်း အလင်းရောင်ရလာသည်။ မကြာမီ မြူများ။ နှင်းမှုန်များ ဆိုင်းလာပြီး ၂နာရီခန့်ကြာအောင်ပြန်လည်၍ မှုန်မိုင်းသွားသည်။ ထို့နောက် နေထွက်လာပြီး လင်းလာပြန်သည်။ တဖန် ထိုနေရောင်ကြောင့် မြူများပြိုဆင်းလာပြီး မှောင်သွားပြန်သည်။ မြူနှင်းများ ပြိုဆင်းပြီး တဖြည်းဖြည်းပျောက်ကွယ်သွားမှ နေရောင်က လင်းလာနိုင်တော့သည်။

ဆောင်းရာသီကာလ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလများတွင် နံနက် ၁၀း၃၀နာရီ ၁၁နာရီအထိပင် မြူများပိတ်ဆို့ မှုန်မိုင်းနေတတ်သည်။ ရေခဲတောင်များ ဝန်းရံထားသဖြင့် ရာသီဥတုအေးမြသည်။ နွေရာသီတွင် တစ်ခါတစ်ရံ အပူချိန်များ မြင့်မားတတ်သည်။ ဆောင်းဥတုတွင်အေးမြလှသည်။ ရေခဲမှတ်အောက်ရောက်သည်အထိ အပူချိန်ကျဆင်းတတ်သည်။

ပူတာအိုခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံ၏ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအား ပိုမိုအထောက်အကူဖြစ်စေသည်။ အဓိကအားဖြင့် သဘာဝတောတောင်ရေမြေသယံဇာတများ ပေါကြွယ်ဝသော ထိုဒေသအား သွားလာလည်ပတ်လိုသူများပြားလေ့ရှိသည်။ အထူးသဖြင့် ပြည်ပခရီးသွားများသည် ဖုန်ကန်ရာဇီရေခဲတောင်ဒေသသို့ သွားရောက်လိုကြသည်။ လာရောက်လည်ပတ်လိုသူနိုင်ငံခြားသားခရီးသွားများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှ ကြိုတင်ခွင့်ပြုချက်ရယူရန်လိုအပ်သည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ကချင်ပြည်နယ် နောင်မွန်းမြို့နယ်တွင် တည်ရှိသည်။ ၁၉၉၆ခုနှစ်တွင် အမျိုးသားဥယျာဉ်ဖြင့် သတ်မှတ်ခဲ့သည်။ အကျယ်အဝန်းမှာ ၁၄၇၂စတုရန်းမိုင်ရှည်သည်။ အမြဲစိမ်းတော၊ ထင်းရှူးတော၊ ရွက်ကြွေတော (အပေါ်ပိုင်းစိုစွတ်) စသည်တို့သည် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၏ သစ်တောအမျိုးအစားများဖြစ်သည်။ ကတိုးကောင်နက်၊ ရှားပါး ပန်းဒါနီမျိုးသားမင်း။ တောင်ဆိတ်နီများကို တွေ့ရှိရသည်။ ပန်းဒါနီများသည် ရှားပါးသတ္တဝါများဖြစ်သည်။

တချို့ကြည်ရွှေလှနိုင်သော အခွင့်အလမ်းများအနေဖြင့် ရေခဲဖုံးတောင်များပေါ်သို့ တက်ရောက်နိုင်ခြင်း ရောဝတီမြစ်ဖျားခံရာဒေသပတ်ဝန်းကျင် အခြေအနေများ လေ့လာနိုင်ခြင်း၊ သာယာလှပသော သဘာဝရေမြေတောတောင်ရှုခင်းများ ခံစားကြည့်ရှုနိုင်ခြင်း၊ အပင်နှင့် တိရစ္ဆာန်များလေ့လာရှာဖွေဖော်ထုတ်နိုင်ခြင်း ဒေသခံ ရဝမ်၊ လီဆူး၊ မြန်မာ-တိဘက် လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် လူနေမှုစနစ်များကို လေ့လာနိုင်ခြင်း စသည့် အကြောင်းအရာများကို လေ့လာသိရှိနိုင်သည်။

ပူတာအိုမြို့တွင် ဆက်သွယ်ရေးအော်ပရေတာတိုင်များကိုလည်း မြင်တွေ့ရပေမယ့် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းမွန်စွာ အသုံးပြု၍ မရနိုင်သည်ကို သိရှိခဲ့ရသည်။ ပူတာအိုတွင် အဓိကအားဖြင့် ဆောင်းရာသီနှင့် မိုးရာသီသာ ရှည်ကြာစွာရှိပြီး နွေရာသီမှာ တိုတောင်းလှကြောင်းသိရသည်။

တိုးတက်လာသော ခေတ်နှင့်အညီ ခရီးသွားလုပ်ငန်းနှင့်အတူ တိုတယ်လုပ်ငန်းများပါ တိုးပွားလာသည်ကိုမြင်တွေ့ရသည်။ ဒေသခံပြည်သူများအတွက်ကိုလည်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည်ကို တွေ့ရှိခံစားခဲ့ရသည်။ တခြားသောဒေသများရှိ ဟိုတယ်များနှင့် ကွာခြားသည်ကိုလည်း ခံစားသိရှိခဲ့ရသည်။ ဟိုတယ်များသည် သဘာဝကို အသားပေးတည်ဆောက်ထားပြီး အဆောက်အဦများမှာလည်း ထည်ဝါလှသည်။ လျှပ်စစ်မီး လုံလောက်စွာမရရှိသော်လည်း ဇည့်သည်များအတွက် အဆင်ပြေချောမွေ့စေရန် ဝန်ဆောင်မှုကိုပေးထားသည်။

ဟိုတယ်အခန်းတိုင်းတွင် သဘာဝအလင်းရောင်ကို အသားပေးတည်ဆောက်ထားပြီး တီဗီ၊ ရေခဲသေတ္တာတို့မပါရှိသော်လည်း သန့်ရှင်းလတ်ဆတ်သော ဒေသအစားအသောက်များနှင့်အတူ ပြည့်ဝဖော်ရွေသော ဝန်ဆောင်မှုကိုပါ ရရှိခံစားစေသည်။

ထိုဒေသရှိ ပညာရှာဖွေသူများအတွက် ထူးဖောင်ဒေးရှင်းမှ တည်ထောင်ထားသော ထူးဖောင်ဒေးရှင်းပညာဒိန်ဘော်ဒါဆောင်ကို တွေ့မြင်ခဲ့ရသည်။ ထိုပညာဒိန်နှင့် ပတ်သက်၍ သိရှိရသည့်အချက်များကြောင့် ပညာရှာမှီးသူများအတွက် ကောင်းမွန်စွာ လမ်းပြပေးသော မီးအိမ်ဖြစ်ကြောင်း သိသာထင်ရှားလှသည်။

လမ်းပန်းဆက်သွယ်ရေးမှာ မိုးရာသီတွင် ခက်ခဲလှသဖြင့် လေကြောင်းကိုသာ အဓိကအားထားရသည်။ ခရီးသည်နှင့် ကုန်ပစ္စည်းအချို့ကိုလည်း ထိုလေကြောင်းများမှ သင့်တင့်မျှတသောစျေးနှုန်းနှင့်အတူ ဝန်ဆောင်မှုပေးလျက်ရှိသည်။

တခါတရံတွင် ရာသီဥတုဆိုးရွားတတ်သောကြောင့် လေကြောင်းခရီးဖြင့် သွားလာသူများအတွက် စိုးရိမ်မှုမြင့်တက်စေသည်။ ထိုစိုးရိမ်မှုကို ကျွမ်းကျင်သော လေယာဉ်မှူးကြီးများနှင့် လေယာဉ်မောင်/မယ်များ၏ ပြည့်ဝသော ကျွမ်းကျင်မှုနှင့်အတူ ဝေးကွာစေခဲ့သည်။ ထိုသို့သော ဒေသများသို့ ပြေးဆွဲပေးလျက်ရှိသော မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် ရွှေမြန်မာလေကြောင်းလိုင်းတို့အား ဒေသခံပြည်သူများနှင့် ပို့ဆောင်ဆက်သွယ်သတင်းအဖွဲ့မှ အထူးဂုဏ်ယူကျေးဇူးတင်လျက်ရှိနေပါတော့သည်။ ။ TCNJ

နိုင်ငံတကာခရီးသွား ဝန်ဆောင်မှုလုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၈ အား စည်းကားသိုက်မြိုက်စွာ ကျင်းပမည်

နိုင်ငံတကာခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်တွင်းခရီးသွားကဏ္ဍများ၊ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် Myanmar Tourism Federation ၏ ကူညီပံ့ပိုးမှုဖြင့် နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၈ (International Tourism Expo Myanmar ITEM 2018) ပွဲကြီးကို ရန်ကုန်မြို့ရှိ တပ်မတော်ခန်းမ၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာ (၂) ရက်မှ (၄)ရက်နေ့အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၈ ကျင်းပရခြင်း၏ ရည်ရွယ်ချက် မှာ ပြည်တွင်းခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို ခေတ်နှင့်အညီ အရှိန်အဟုန်တိုးတက်မြင့်မားလာစေရန် အတွက်လည်းကောင်း၊ နိုင်ငံတကာခရီးသွားကုမ္ပဏီများနှင့် စီးပွားရေးပူးပေါင်းမှုများ ပိုမိုဆောင်ရွက်လာစေရန် အတွက်လည်းကောင်း၊ ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ခရီးသွားပြည်သူများ ပိုမိုသိရှိလာစေရန် အတွက်လည်းကောင်း၊ ခရီးသွားဝန်ဆောင်မှုအမျိုးမျိုးကို တစ်နေရာတည်း တွင်စုံလင်စွာ ရရှိစေရန်အတွက် ထိုပြပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း Travel Support ကုမ္ပဏီလိမိတက်မှ ဒါရိုက်တာ ဦးနွေမိုးအောင်က ပြောကြားသည်။

"ဒီလို Expo ပြပွဲကို ကျွန်တော်တို့အနေနဲ့ ဒုတိယအကြိမ်ကျင်းပခြင်းပဲဖြစ်ပါတယ်။ အဓိကတော့ ဒီပြပွဲမှာ Tourism အောက်မှာ အကျုံးဝင်တဲ့ ဟိုတယ်တွေ၊ ခရီးသွားအေးဂျင့်တွေ၊ လေကြောင်းလိုင်းတွေ၊ အာမခံအကြောင်းအရာတွေအပြင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်တဲ့ အခြားအဖွဲ့အစည်းတွေရဲ့ ပြခန်းတွေကိုပါ ခင်းကျင်းပြသသွားမှာပါ။ ပြပွဲလာရောက်ကြည့်ရှုကြမယ့်သူတွေအတွက်အကျိုးကျေးဇူးများစွာ ရရှိစေပါလိမ့်မယ်။ အပန်းဖြေကိစ္စအတွက် နေရာတစ်ခုခုကို သွားရောက်လည်ပတ်ဖို့ သတင်းအချက်အလက်ရှာဖွေနေသောသူတွေအတွက် ပြပွဲမှာပြည့်ပြည့်စုံစုံ မေးမြန်းလေ့လာနိုင်မှာဖြစ်ပါတယ်။ ခရီးသွားအေးဂျင့်တွေကလည်း ပြပွဲလာပြည်သူတွေအတွက် ပရိုမိုးရှင်းတွေ၊ ကံစမ်းမဲအစီအစဉ်တွေပါ ထည့်သွင်းစီစဉ်လုပ်ဆောင်သွားဖို့ရှိပါတယ်" ဟု ၎င်းကပြောကြားသည်။

နိုင်ငံတကာ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းပြပွဲ (မြန်မာ) ၂၀၁၈ (International Tourism Expo Myanmar ITEM 2018) ပြပွဲကြီး၌ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်နေသည့် ပြခန်းပေါင်း (၁၀၀)ကျော်အား ထည့်သွင်းပြသသွားမည်ဖြစ်ပြီး Myanmar Tourism Federation (MTF) ၏ လမ်းညွှန်မှုနှင့်ကူညီပံ့ပိုးမှုတို့ဖြင့် အဆိုပါ ပွဲအားနှစ်စဉ်ကျင်းပသွားရန် စီစဉ်ထားကြောင်းသိရသည်။

ကျော်ကျော်

မြန်မာနိုင်ငံမှ ချစ်ကြည်ရေး ယာဉ်တန်းခရီးစဉ် ထိုင်းနိုင်ငံ ခွန်ရုံး၊ မယ်ဟောင်ဆိုင်၊ ပိုင်မြို့ များသို့ သွားရောက်လည်ပတ်



ကယားပြည်နယ်အစိုးရ၏ လမ်းညွှန်မှုဖြင့် ကယားပြည်နယ်ခရီးသွားမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အား လွှင်ကော်အခြေစိုက် Kayah Htarni Travels & Tours Co;Ltd၊ ရန်ကုန်မြို့အခြေစိုက် Myanmar Over Land Organizer Groupနှင့် မယ်ဟောင်ဆောင်အခြေစိုက် Border Trade& Tourism Association တို့ ပူးပေါင်းဆောင်ရွက်သည့် ချစ်ကြည်ရေး Caravan ယာဉ်တန်းခရီးစဉ်အဖြစ် ထိုင်းနိုင်ငံခွန်ရုံး၊ မယ်ဟောင်ဆိုင်၊ ပိုင်မြို့များသို့သွားရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှသိရသည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်တွင် မြန်မာခရီးသွားဦးရေ(၆၆)ဦးနှင့် မော်တော်ယာဉ်(၂၀)စီးသည် ဇူလိုင် ၂၇ ရက်နေ့မှ ၂၉ ရက်နေ့ထိ လွှင်ကော်-မယ်ခဲ့ BP-၁၃နယ်စပ်ဝင်ပေါက်မှတဆင့်ထိုင်းနိုင်ငံခွန်ရုံး၊ မယ်ဟောင်ဆိုင်၊ ပိုင်မြို့များသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၎င်းချစ်ကြည်ရေးယာဉ်တန်းခရီးစဉ်တွင်ပါဝင်သည့် "ပရဟိတအကျိုးဆောင်ဖို့ လက်တစ်ဖက်ကမ်းကြစို့" အဖွဲ့မှလွှင်ကော်မြို့၊ အမှတ်(၄)လမ်းမကြီး ဘေးရှိ (50'×20')ပေ မြေနေရာတွင် အများသုံးသန့်စင်ခန်း(Public Toilet)တည်ဆောက်နိုင်ရန် လှူဒါန်းသွားမည်ဖြစ်ပြီး အဆိုပါသန့်စင်ခန်းဆောက်လုပ်မည့်မြေနေရာအား ကယားပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးမှ ပန္နက်ရိုက် အတည်ပြုသတ်မှတ်ပေးခဲ့ကြောင်းသိရသည်။

အိမ်စည်

မန်းဂိုးမီဒီယာ ၂၀၁၇ခုနှစ်ကြော်ငြာဝန်ဆောင်ပေးနိုင်မှု ထိပ်တန်းမှရပ်တည်နိုင်ခဲ့

နိုင်ငံတကာအဆင့်တွင် မီဒီယာအေဂျင်စီနှင့် ပတ်သက်သည့်လုပ်ငန်းဆိုင်ရာ အစီရင်ခံစာအမျိုးမျိုးကိုလွတ်လပ်စွာ ဖော်ပြထုတ်ပြန်ပေးလျှက်ရှိသော RECMA ကုမ္ပဏီ၏ ဇူလိုင်လ ကထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ မြန်မာ့ထိပ်တန်းမီဒီယာ အေဂျင်စီဖြစ်သည့် မန်းဂိုးမီဒီယာသည် ၂၀၁၇ခုနှစ်အတွင်း ကြော်ငြာဝန်ဆောင်ပေးနိုင်မှု ထိပ်တန်းအဆင့် ရပ်တည်ခဲ့ကြောင်း သိရသည်။

RECMA က အဆိုပါအစီရင်ခံစာကို ကမ္ဘာ့အနှံ့ရှိနိုင်ငံပေါင်း (၉၀) မှ ကြော်ငြာအေဂျင်စီ (၁၄၀၀)ကျော်ကိုလေ့လာသုံးသပ်ပြီး ရရှိလာသောရလဒ်များကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြန်မာကြော်ငြာလောကဏ္ဍ၏ ဈေးကွက်ဝေစုများကို ကုမ္ပဏီကြီးရှစ်ခုမှပြိုင်ဆိုင်လျှက်ရှိပြီး မန်းဂိုးမီဒီယာသည် ဈေးကွက်၏ (၃၃)ဒသမ (၈)ရာခိုင်နှုန်းကိုရရှိထားကာ မြန်မာနိုင်ငံမီဒီယာလောကတွင် ထိပ်ဆုံးမှဦးဆောင်နေကြောင်း အစီရင်ခံစာမှသိရသည်။

လုပ်ငန်းရှင်များက ကြော်ငြာစရိတ်တွေကို လျော့ချနေချိန်မှာအခုလိုထိပ်တန်းနေရာမှာ ရပ်တည်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိကြောင်း၊ မြန်မာနိုင်ငံရဲ့မီဒီယာဈေးကွက်က ဆက်တိုက် ဖွံ့ဖြိုးပြောင်းလဲနေကြောင်း၊ ဒဲ့ကြောင့် လက်တွဲလုပ်ငန်းရှင်တွေအတွက် မီဒီယာနှင့် ကြော်ငြာလုပ်ငန်းဝန်ဆောင်မှုတွေကို အကောင်းဆုံးပေးအပ်မှာဖြစ်ကြောင်း မန်းဂိုးမီဒီယာဂရု(ပ်)အမှုဆောင်အရာရှိချုပ် ဒေါ်အေးနှင်းဆွေက ပြောသည်။

မန်းဂိုးမီဒီယာသည် မန်းဂိုးဂရု (ပ်)၏ကုမ္ပဏီခွဲဖြစ်ပြီး လွန်ခဲ့သည့် (၁၄) နှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ဘမ်ရွန်ဂရက်ဆေးရုံကြီးမှ စက်ရုပ်အကူအညီဖြင့် ကျောရိုးခွဲစိတ်ကုသခြင်း ပညာပေးမိတ်ဆက်

ထိုင်းနိုင်ငံ ဘမ်ရွန်ဂရက်ဆေးရုံကြီး၏ စက်ရုပ်အကူအညီဖြင့်ကျောရိုးခွဲစိတ်ခြင်းနည်းပညာ မြန်မာနိုင်ငံ၌ မိတ်ဆက်ခြင်းအခမ်းအနားကို ဇူလိုင်လ(၂၈)ရက်၊ မွန်းလွဲပိုင်းကနိုဗိုတယ်ဟိုတယ်(ရန်ကုန်)တွင် ကျင်းပခဲ့သည်။

စက်ရုပ်နှင့် လူတစ်ယောက်ကို ဆေးကုသမည်ဆိုတော့ စက်ရုပ်ကပဲ ခွဲစိတ်မလားထင်မှာပါ၊ အမှန်ကစက်ရုပ်လက်ကိုသုံးပြီး ဆရာဝန်ကထိန်းချုပ်ခွဲစိတ်ခြင်းဖြစ်ပြီး၊ ဆရာဝန်ရဲ့လက်နှင့်မျက်လုံးက ဘယ်လောက်ကောင်းကောင်း၊ စက်ရုပ်အကူအညီနှင့်ခွဲစိတ်မှုက မြင်ကွင်းတိကျပြီးထိန်းချုပ်မှုတို့ပိုမိုကောင်းမွန်ကြောင်း၊ ခွဲစိတ်မှုကြောချိန်နှင့် ခွဲစိတ်နေစဉ်သွေးဆုံးရှုံးမှုကို လျော့ချပေးနိုင်ပြီး ပို၍မြန်ဆန်စွာနာလန်ထူနိုင်ကြောင်း၊ ခွဲစိတ်ရာမှာအလွန်သေးငယ်သော ဘေးပတ်လည်ရှိတစ်ရှူးတွေကို ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးထိ လျော့ချပေးနိုင်ကြောင်း၊ စက်ရုပ်ကို ဆရာဝန်ကထိန်းချုပ်ထားကြောင်း ဘမ်ရွန်ဂရက်ဆေးရုံကြီး ကျောရိုးကုဌာနမှ ဒေါက်တာ Dr.Varapan K-uansong tham ကပြော သည်။

ကျောရိုးခွဲစိတ်သည့် နည်းလမ်းဖြင့်ခွဲစိတ်ရာတွင် သုံးဖက်မြင်ပုံရိပ်စက်ကို အသုံးပြုခြင်းဖြစ်ပြီးပုံမှန်ခွဲစိတ်မည်ဆိုလျှင် ကုန်ကျစရိတ်မှာငွေကျပ် (၆)သိန်းဝန်းကျင်ရှိပြီး စက်ရုပ်အကူအညီဖြင့်ခွဲစိတ်လျှင် ကျပ်တစ်သိန်းခွဲခန့် ထပ်မံကုန်ကျမည်ဖြစ်သည်။ ခွဲစိတ်ကုသခံလူနာများသည် အသက်အရွယ်အိုမင်း၍ ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာကြောင့် ခွဲစိတ်ကုသမှုခံယူကြရပြီး လူနာဦးရေ (၈၀)ရာခိုင်နှုန်းရှိကြောင်း၊ ကျန်(၂၀)ရာခိုင်နှုန်းမှာ ငယ်ရွယ်သောသူများဖြစ်ပြီးဘဝနေထိုင်မှုနှင့် ကိုယ်ခန္ဓာအလေးချိန်များပေါ်မူတည်၍ ကျောရိုးရောဂါဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ထူးဖောင်ဒေးရှင်းနှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီတို့ပူးပေါင်း၍ ပန်လီကျေးရွာရှိဒေသခံတိုင်းရင်းသားပြည်သူများအား အခမဲ့ဆေးကုသပေး

ထူးဖောင်ဒေးရှင်းသည် ထူးကုမ္ပဏီများအုပ်စု ဦးတေဇ၏ (၅၄)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် နယ်လှည့်ဆေးကုသရေး အစီအစဉ်တစ်ခုကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီနှင့်ပူးပေါင်း၍စီစဉ်ခဲ့သည်။

အဆိုပါအစီအစဉ်မှာ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံ၊ တာချီလိတ် ဒေသများရှိ တိုင်းရင်းသားပြည်သူများအား အခမဲ့ဆေးကုသပေးနိုင်ရန်အတွက် မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆေးကောင်စီမှ ဒေါက်တာမျိုးသန်ဦးဆောင်သည့် ဆရာဝန်များနှင့်ထူးဖောင်ဒေးရှင်း၊ FNI မှဝန်ထမ်းများ အပါအဝင်(၄၆)ဦးအဖွဲ့သည် ဇူလိုင်လ(၂၉) ရက်နေ့တွင် ရန်ကုန်နှင့်နေပြည်တော်တို့မှထွက်ခွာခဲ့ပြီး ဇူလိုင်လ(၃၀) ရက်နေ့တွင် ကျိုင်းတုံမြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် သွားနှင့်ခံတွင်းဆေးကောင်စီမှ ဒေါက်တာမျိုးသန်၊ ဒေါက်တာဇော်ဝင်းထွန်း၊ ဒေါက်တာလှမြင့်ဦး၊ ဒေါက်တာခင်မောင်အပါအဝင် ဆရာဝန်များမှ ဇူလိုင်လ(၃၁)ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ မိုင်းခွန်တိုက်နယ်၊ ပန်လီကျေးရွာရှိ လားဟူခရစ်ယာန်ဘုရားကျောင်းတွင် ဒေသခံတိုင်းရင်းသားပြည်သူများအား အခမဲ့ဆေးကုသမှုအစီအစဉ်များစတင်ပြုလုပ်ခဲ့ပြီး နေ့လည်ပိုင်းတွင် ပန်လီကျေးရွာရှိအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ ဒေါက်တာခင်မောင်ဦးဆောင်သော သွားဆရာဝန်များအဖွဲ့ သွားရောက်ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးပညာပေး လုပ်ငန်းများ ဟောပြောပြသခဲ့ပြီး သွားတိုက်ဆေးနှင့် သွားတိုက်တံများလက်ဆောင်ပေးခဲ့ကြောင်းသိရသည်။



နယ်လှည့်ဆေးကုသရေး အဖွဲ့သည် ပန်ဝါကျေးရွာတွင် နှစ်ရက်တာအချိန်အတွင်း သွားနှင့် ခံတွင်းဆိုင်ရာလူနာစုစုပေါင်း (၂၇၀) ဦးဆေးကုသပေးခဲ့ပြီး လူနာ(၂၅)ဦးအား အံကပ်ပြုလုပ်ပေးခဲ့သည်။ ထို့ပြင်မိုင်းခွန်၊ မိုင်းယောင်းမြို့၊ မိုင်းလင်းမြို့နှင့် ပါလျို့ကျိုင်းလပ်မြို့များရှိ ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း ဆေးကုသမှုများ ဆက်လက်ပြုလုပ်ပေးသွားမည်ဖြစ် ကြောင်းသိရသည်။

အိမ်စည်

စစ်တွေဆေးရုံကြီးအဆင့်မြှင့်တင်ရေးလုပ်ငန်းများအတွက် ကန်ဒေါ်လာ သန်းငါးဆယ် ကျော်ကုန်ကျမည်

စစ်တွေဆေးရုံကြီး အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ပြင်ပလူနာဌာန၊ လူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ ဓာတ်ခွဲခန်းများ၊ အထောက်အကူပြုဌာနများ၊ လူနာစောင့်များ နားနေရန်နေရာများ၊ ဝန်ထမ်းအိမ်ရာများ စသည်တို့ကို အဆင့်လိုက်၊ အပိုင်းလိုက်အနေဖြင့် အဆင့် (၃)ဆင့်ဖြင့် တည်ဆောက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ်စုစုပေါင်း အမေရိကန်ဒေါ်လာ (၅၆) သန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကြူကြူမြင့်ထွေးသည် ဩဂုတ်လ (၂)ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Mrs. Tone Tinnes ဦးဆောင်သော UNOPS အဖွဲ့အပါအဝင် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးအတွက် ရေရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးအဖွဲ့ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံရာ စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ရေး ရေရှည်စီမံကိန်း(A master plan for Sittwe General Hospital - June 2018)နှင့်ပတ်သက်သည့် အချက်အလက်များကို UOPS အဖွဲ့မှ Infrastructural Engineer ဖြစ်သူဦးကျော်ဝင်းမော်က တင်ပြရာတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုကုန်ကျစရိတ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆိုင်ရာနော်ဝေနိုင်ငံသံအမတ်ကြီး H.E. Mrs. Tone Tinnesu-စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး ရေရှည်စီမံကိန်းရေးဆွဲအကောင်အထည် ဖော်ရေးအဖွဲ့သည် ကနဦးမွမ်းမံပြင်ဆင်တည်ဆောက်ရေး လုပ်ငန်းများအတွက် 3MD ရန်ပုံငွေအဖွဲ့မှ အမေရိကန်ဒေါ်လာ(၁.၃) သန်းကို ရရှိထားပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း အလှူရှင်များထံမှ ရန်ပုံငွေများတိုးတက်ရရှိရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာနော်ဝေနိုင်ငံသံအမတ်ကြီး H.E. Mrs.Tone Tinnes က ပြည်ထောင်စုဝန်ကြီးအား စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ရေး ရေရှည်စီမံကိန်း (Master Plan) ကိုပေးအပ်ခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနိမ့်နင်းရေး) ဒေါက်တာသန္တာလွင်၊ UNOPS အဖွဲ့မှ ကျွမ်းကျင်ပညာရှင် ဒေါက်တာကျော်ညွန့်စိန်၊ Infrastructural



ယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာသီတာလှ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနိမ့်နင်းရေး) ဒေါက်တာသန္တာလွင်၊ UNOPS အဖွဲ့မှ ကျွမ်းကျင်ပညာရှင် ဒေါက်တာကျော်ညွန့်စိန်၊ Infrastructural Managerဖြစ်သူMr. Yoga Nanda Beral၊ Head of communication and partnership ဖြစ်သူMr. Djibrilla Mazin နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အိမ်စည

မြန်မာအနုပညာရှင်များမဲခေါင် ယဉ်ကျေးမှုအစီအစဉ် SEAΔ တွင်ပါဝင်ရန်လျှောက်ထားနိုင်

အရှေ့တောင်အာရှဒေသ၏ ယဉ်ကျေးမှုအနုပညာကဏ္ဍနှင့် တာရှည်ခံဖွံ့ဖြိုးရေးကို ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ၁၀ နိုင်ငံမှအနုပညာရှင်များပါဝင်နိုင်သည့် SEAΔfellowship အစီအစဉ်ကိုအစီအစဉ်တွင် မြန်မာအနုပညာရှင်များ လျှောက်ထားနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

၂၀၁၈ နိုဝင်ဘာလမှ ၂၀၁၉ စက်တင်ဘာလအထိ ကာလအတွင်း နိုင်ငံပေါင်းလေးနိုင်ငံတွင် တစ်လှည့်စီကျင်းပမည့် ယဉ်ကျေးမှုဖလှယ်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ SEAΔfellowship ကို SEAΔ fellowship နှင့် မြိတီသျှကောင်စီတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်တွင် အစီအစဉ်အရ မဲခေါင်နိုင်ငံများဖြစ်ကြသော ကမ္ဘောဒီယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်တို့နှင့်အတူ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်နှင့်ဖြိတိန်နိုင်ငံတို့မှ အနုပညာရှင် ၁၀ ဦးကိုဖိတ်ခေါ်မည်ဖြစ်သည်။

လျှောက်ထားသူများထဲမှ ရွေးချယ်ခံရသော မြန်မာနိုင်ငံမှအနုပညာရှင်အနေဖြင့် လေးနိုင်ငံစလုံးသို့သွားရောက်ရာတွင် ကုန်ကျမည့်လေယာဉ်စရိတ်နှင့် အခြားကုန်ကျစရိတ်များကို SEAΔ ကအကုန်အကျခံမည်ဖြစ်ပါသည်။ နိုင်ငံတကာ ယဉ်ကျေးမှုရေးရာလုပ်ငန်းများတွင် အတူပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လေးနိုင်ငံစလုံးတွင် အကြိမ်တိုင်းအပြည့်အဝပါဝင်ရမည့်သူ ဖြစ်ရပါမည်။

အဆိုပါအစီအစဉ်ကို လျှောက်ထားလိုပါက စက်တင်ဘာလ (၁)ရက်နေ့နောက်ဆုံးထားပြီး မဲခေါင်ယဉ်ကျေးမှုစုဝေးရာဌာနသို့ jennifer@mekongculturalhub.org လျှောက်လွှာများပေးပို့နိုင်သည်။ မည်သည့် အနုပညာနယ်ပယ်မှမဆို လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို https:/mekongcultural- hub. org/portfolio/leader ship/ အောက်ပါ Website တွင်ရယူနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။

အိမ်စည

MPT က "စိမ်းလန်းစေဖို့ရှေ့ဆက်စို့" သစ်ပင်စိုက်ပျိုးခြင်းလှုပ်ရှားမှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့်ဆောင်ရွက်မည်

မြန်မာ့ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာဖြစ်သည့် MPT က ဒုတိယအကြိမ်အဖြစ် "စိမ်းလန်းစေဖို့ရှေ့ဆက်စို့" နိုင်ငံတစ်ဝှမ်းစုပေါင်းသစ်ပင် စိုက်ပျိုးခြင်းလှုပ်ရှားမှု အစီအစဉ်ကိုဩဂုတ်လ ၄ ရက်နေ့က ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ နေရာပေါင်း၁၈ခုတွင် MPT ဝန်ထမ်းများနှင့်စေတနာ့ဝန်ထမ်း ၆၀၀၀ကျော်တို့သစ်ပင်ပေါင်း ၁၀,၀၀၀ခန့်ကိုစိုက်ပျိုးခဲ့ကြောင်းသိရသည်။

"စိမ်းလန်းစေဖို့ရှေ့ဆက်စို့" ပထမအကြိမ်စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လက မြတ်နိုဗျာန်သစ်ပင်စိုက်ပျိုးလှုံ့ဆြေးရေးအဖွဲ့ နှင့်ပူးပေါင်းကာ MPT ဝန်ထမ်းများ၊ အများပြည်သူစေတနာဝန်ထမ်းများ ပူးပေါင်းကာ ရန်ကုန်၊ ပဲခူးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့တွင် သစ်ပင်ပေါင်း ၂၀၀၀ကျော်စိုက်ပျိုးခဲ့ပြီး ယခု၂၀၁၈ ခုနှစ်၊ သစ်ပင်စိုက်ပျိုး လှုံ့ဆြေးခြင်းလှုပ် ရှားမှုအတွက်သစ်တောဦးစီးဌာနကလိုအပ်သည့် ပျိုးပင်များထောက်ပံ့ပေးထားကြောင်းသိရသည်။

MPT ကနလုံးသားထဲကမြန်မာအစီအစဉ်ခေါင်းစဉ်အောက်တွင် ယခုဒုတိယအကြိမ်စုပေါင်းသစ်ပင် ၁၀,၀၀၀ခန့်စိုက်ပျိုးခြင်းလှုပ်ရှားမှုအပြင် ကျန်းမာရေးကဏ္ဍ၊ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များ၊ ပညာရေး၊ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများစသည့် လူမှုအကျိုးပြုလုပ်ငန်းများစွာကိုအခန်း ကဏ္ဍအသီးသီးတွင်ဆောင်ရွက်ပေးလျှက်ရှိသည်ကိုသိရသည်။

ဆက်လက်၍ MPT-KSGM ၏အကြီးအကဲဖြစ်သူ Mr.Yoshiaki Benino က MPT အနေနှိုင်ငံတစ်ဝှမ်းကပြည်သူတွေ့၊ ကျန်းမာကြံ့ခိုင်ပြီး စိမ်းစိုလှပတဲ့ကမ္ဘာမြေကြီးပေါ်မှာ အမြဲရှင်သန်သွားလာနေနိုင်စေဖို့အတွက် နလုံးသားထဲကမြန်မာဆောင်ပုဒ်အတိုင်းဆောင်ရွက်ပေးသွားဖို့ဆန္ဒရှိပြီး၊ ယခုနှစ်အတွက် MPT အနေနဲ့ဆောင်ရွက်မည့်လူမှုအကျိုးပြုလုပ်ငန်းတွေထဲကတစ်ခုဖြစ်တဲ့ နိုင်ငံတစ်ဝှမ်းမှာ ထောင်နဲ့ချီတဲ့သစ်ပင်တွေကိုစိုက်ပျိုးပေးနိုင်ခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်းပြောကြားခဲ့သည်။

လှမျိုး- ဆ.သ.ရ

MPT က ဒီဂျစ်တယ်နည်းပညာဆိုင်ရာ၊ ကျွမ်းကျင်မှုများအတွက် သတင်းအချက်အလက် စင်တာများတစ်နိုင်ငံလုံးတိုးချဲ့သွားမည်

MPT ကအခြေခံဒီဂျစ်တယ်ပညာရေးဆိုင်ရာ ကျွမ်းကျင်မှုပိုမိုတိုးတက်စေရေး Telecenter များကို ဆတိုးဖွင့်လှစ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါစင်တာသို့လာရောက် လေ့လာအသုံးပြုသူများအနေဖြင့် အကျိုးကျေးဇူးများရရှိစေပြီး၊ သတင်းအချက်အလက်များအပြင် အခြားသော ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် ဆိုင်သောအချက်အလက်များကိုအသုံးပြုနိုင်မည်ဖြစ်သည်။

MPT အနေဖြင့် ယခုနှစ်မတ်လတွင် MPT Telecenter ပေါင်းငှဝကို ဖွင့်လှစ်ပြီး ၂၀၁၉ မတ်လတွင် MPT Telecenter ပေါင်း ၁၅၀အထိတိုးချဲ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ ထိုပြင်မိုဘိုင်းလ်ဖုန်းများသုံးစွဲရန် အကန့်အသတ်မရှိ Wifi ကိုအခမဲ့ရယူနိုင်ပြီး Telecenter တိုင်းတွင်လက်ပ်တော့ပ်ကွန်ပျူတာနှင့် တက်ဘလက်များကို အခမဲ့အသုံးပြုနိုင်ရန်အတွက်လည်း ပံ့ပိုးထားသည်၊ ယင်းအပြင်လုံခြုံစိတ်ချရသည့်အင်တာနက်အသုံးပြုမှုကို ပြသပေးနိုင်ရန်၊ MPT ကျွမ်းကျင်ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးထားကြောင်းသိရသည်။

ဆက်လက်၍ MPT-KSGM စီးပွားရေးအကြီးအကဲဖြစ်သူ Mr.Reizo Umedo ကယခုနှစ်အတွင်း MPTအနေနဲ့ မြို့ပြနှင့်ကျေးလက်အကြားကဒီဂျစ်တယ်နည်းပညာတွေကို ကျွမ်းကျင်နိုင်မယ့် အရည်အချင်းတွေကိုဖြည့်ဆည်းပေးဖို့၊ နေရာအနံ့မှာ Telecenter ဖွင့်သွားဖို့ ကြိုးစားဆောင်ရွက်နေပါတယ်ဟုပြောကြားခဲ့သည်။

ထို့ပြင် MPT ၏ Telecenter အားလုံးကိုပညာရေးနှင့် ဖျော်ဖြေရေး အကြောင်းအရာအမြောက်အများပါဝင်သည့် ခေတ်မီစက်ပစ္စည်းများဖြင့် ဖြည့်တင်းထားပြီး၊ လာရောက်သူများအနေဖြင့် Microsoft office ကိုလည်းကိုယ်တိုင်အသုံးပြုနိုင်မည့်အပြင်ရုပ်ရှင်၊ ဂိမ်းစတဲကျော်၊ရုပ်ပြဝတ္ထုများနှင့် အင်္ဂလိပ်စာသင်ခန်းစာ (၁၀,၀၀၀)ကျော်၊ ကျန်းမာရေးအသိပေးဝန်ဆောင်မှုနှင့် MPT ၏များပြားလှသည့် ထပ်ဆောင်းဝန်ဆောင်မှုများကိုအခမဲ့အသုံးပြုခွင့်ပေးသွားမည်ကိုလည်းသိရှိရသည်။

လှမျိုး- ဆ.သ.ရ

YKKO နှစ် (၃၀)ပြည့် ကျောင်းသား/ကျောင်းသူ (၃၀)အား ပညာသင်ထောက်ပံ့ကြေး ပေးအပ်



YKKO နှစ် (၃၀) ပြည့်ကျောင်းသား။ ကျောင်းသူ (၃၀)အား ပညာသင်ထောက်ပံ့ကြေး ပေးအပ်မည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ တောင်ဒဂုံမြို့နယ်၊ သန်လျင်မြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကျောင်းသား/ကျောင်းသူ အယောက် (၂၀)ကို တစ်နှစ်စာ ပညာသင်ထောက်ပံ့ကြေး ပေးအပ်သည့်ပွဲအား ပြည်လမ်းပေါ်ရှိ IBC ခန်းမတွင် ဇူလိုင်လ ၂၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်မှ ကျောင်းသား/ကျောင်းသူ (၃)ဦး၊ မင်္ဂလာဒုံမြို့နယ်မှ ကျောင်းသား/ကျောင်းသူ (၄)ဦး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ ကျောင်းသား/ကျောင်းသူ (၃)ဦး၊ သန်လျင်မြို့နယ်မှ ကျောင်းသား/ ကျောင်းသူ (၃)ဦး။ လှိုင်သာယာမြို့နယ်မှ ကျောင်းသား/ကျောင်းသူ (၃)ဦးနှင့် ပဲခူးတိုင်းဒေသကြီးမှ ကျောင်းသား/ကျောင်းသူ (၄)ဦးတို့ကို YKKO မှ သက်ဆိုင်ရာတာဝန်ရှိသူများမှ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခဲ့ပြီး ဆရာကြီးလယ်တွင်းသားစောချစ်မှ ကျောင်းသား/ကျောင်းသူများအတွက် စိတ်ဓာတ်ခွန်အား ပေးစကားလက်ဆောင် ဟောပြော ပေးခဲ့သည်။

ကျန်ရှိနေသော မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ်မှ ကျောင်းသား/ကျောင်းသူ (၁၀)ဦးအား ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ပိုင်းတွင် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးမှ တစ်ဆင့် ပညာသင်ထောက်ပံ့ကြေး ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

ရန်ကင်းကြေးအိုး (YKKO) အနေဖြင့် ယခုကဲ့သို့ ပညာသင်ထောက်ပံ့ကြေးရသည့် ရည်ရွယ်ချက်မှာ မိမိပတ်ဝန်းကျင်ရှိ ပညာထူးချွန်ပြီး အထောက်အပံ့လိုအပ်နေသော ကျောင်းသား/ကျောင်းသူများကို ၎င်းတို့၏အနာဂတ်ရည်မှန်းချက် ဘဝပန်းတိုင်များကို အကောင်အထည်ဖော်နိုင်စေရန်အတွက် တတ်နိုင်သလောက်ပံ့ပိုးကူညီပေးခြင်း ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော ရန်ကင်းကြေးအိုး (YKKO) မိသားစု၏ နှစ် (၃၀)ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်၌ (အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း)တွင် ပညာသင်ကြားနေသော ကျောင်းသား/ကျောင်းသူ အယောက် (၃၀)ကို တစ်နှစ်စာ ပညာသင်ထောက်ပံ့ကြေး တစ်ယောက်လျှင် (၁၀ သိန်းကျပ်)ဖြင့် စုစုပေါင်း ကျပ် သိန်းသုံးရာတိတိကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

Mytel ၏ "အင်တာနက်ကျောင်းတော်" ဖွင့်ပွဲ နေပြည်တော်တွင် ကျင်းပ



မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးအော်ပရေတာအသစ် Mytel သည် ဇူလိုင်လ ၂၆ ရက်၊ နေ့လည် ၂ နာရီတွင် "အင်တာနက်ကျောင်းတော်" အခမ်းအနားအား အောင်သာယာ မူလတန်းလွန်ကျောင်း၊ ပုပွသီရိမြို့၊ နေပြည်တော်၌ ကျင်းပခဲ့သည်။

အခမ်းအနားအား စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်၊ Mytel ၏ပြင်ပဆက်သွယ်ရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦး၊ အောင်သာယာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးယုယုလှိုင်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ခဲ့ကြသည်။

Mytel မှ ကရင်ပြည်နယ်၊ နေပြည်တော်၊ ပဲခူး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီတိုင်းရှိ ကျောင်းပေါင်း ၁၃ ကျောင်းတွင် အခမဲ့အင်တာနက်တပ်ဆင်ထားပြီးဖြစ်သည်။ ၂၀၁၈ ခုနှစ်အကုန်တွင် အဓိုးရနှင့် ပုဂ္ဂလိကဝိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းနှင့် ပရဟိတပညာရေးကျောင်းစသဖြင့် ကျောင်းပေါင်း ၅၀ မှ ၁၀၀ အထိဆက်လက်ထောက်ပံ့ပေးသွားရန်လည်း ရည်ရွယ်ထားသည်။ Mytel သည် စာသင်ကျောင်းများတွင် အခမဲ့အင်တာနက်ထောက်ပံ့ပေးခြင်းအပြင် IT စာသင်ခန်းများ ဖြစ်ပေါ်လာစေရန် သင်ထောက်ကူကွန်ပြူတာများနှင့် ဆက်စပ်ပစ္စည်းများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ထို့ကြောင့် "အင်တာနက်ကျောင်းတော်" အစီအစဉ်သည် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ယူလေ့လာရေးတွင် အထောက်အကူပြုရုံသာမက ပညာရေးလောကဓာတ်၏ ပဲ့ကိုင်ရှင်ဆရာ၊ ဆရာမများအတွက်ပါ မှီခိုအားထားဖွယ် ပညာအရင်းအမြစ်တစ်ခုအဖြစ် အားဖြည့်ပေးသွားနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ ဆရာ၊ ဆရာမတွေအတွက် ဒစ်ဂျစ်တယ်ပညာရေးကို ထောက်ပံ့ပေးခြင်းအားဖြင့် ကျောင်းသူ၊ ကျောင်းသားတွေသာမက ဆရာ၊ ဆရာမတွေအနေနဲ့ပါ နိုင်ငံတကာအဆင့်မီ ဗဟုသုတတွေနဲ့ ထိတွေ့ခွင့်ရနိုင်မှာဖြစ်ပြီးတော့ ပုံမှန်သင်ကြားပို့ချနေတဲ့ သင်ရိုးတွေကို ဒစ်ဂျစ်တယ်လမ်းကြောင်းပေါ်ရောက်အောင် တဖြည်းဖြည်း လုပ်ဆောင်လာနိုင်မှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ပညာရေးက အတွေးအခေါ်၊ အယူအဆ၊ စိတ်ကူးအကြံဉာဏ်တွေကို မြန်မြန်ဆန်ဆန် မျှဝေပေးနိုင်ပြီး လူသားတွေရဲ့ဘဝကို အကောင်းဘက်ကနေ များစွာသက်ရောက်မှုရှိနိုင်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီသာမက နိုင်ငံတစ်ခုလုံးအတွက်ပါ ကောင်းမွန်တဲ့ပြောင်းလဲမှုတွေ ဖြစ်လာနိုင်မယ်လို့ မျှော်လင့်ပါတယ်။"ဟု ဦးဇော်မင်းဦးမှ ပြောကြားသည်။

"အင်တာနက်ကျောင်းတော်အစီအစဉ်မှတဆင့် Mytel သည် နောက်ဆုံးပေါ်နည်းပညာနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံသွားမည့် 4G အင်တာနက်စွမ်းအားတို့ကို အသုံးပြုပြီး မြန်မာနိုင်ငံ၏ ပညာရေးကို ပိုမိုမြင့်မားလာစေရန် အားဖြည့်သွားမည်ဖြစ်သည်။ ယခုကဲ့သို့ ပညာရေးလမ်းကြောင်းအား ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းရန်လုပ်ဆောင်ရာတွင် Mytel မှ ရှေ့ဆောင်လမ်းပြအဖြစ် ရပ်တည်သွားမည်ဖြစ်ပြီး "အင်တာနက်ကျောင်းတော်"အစီအစဉ်သည် နောင်အနာဂတ်တွင် ဆောင်ရွက်သွားရန်ရှိသော Mytel ၏ လူမှုအကျိုးပြုလုပ်ငန်းများထဲမှ ပထမဆုံးခြေလှမ်းဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

တစ်မိနစ် ၆ ကျပ်သာကျသင့်မည့် MPT ၏

MPT သုံးစွဲသူများအတွက် အသက်သာဆုံးဖုန်းခေါ်ဆိုနိုင်မည့် "ပြောသာပြော" Voice Pack အသစ်ကို ဇူလိုင်လ ၃၁ရက်နေ့ကစတင်မိတ်ဆက်လိုက်ပြီး အဆိုပါအစီအစဉ်တွင် MPT အသုံးပြုသူများအနေဖြင့် GSM/WCDMA ဖုန်းများတွင် Voice Pack ကိုဇူလိုင် ၃၁ရက်မှစ၍အသုံးပြုနိုင်ပြီဖြစ်ကြောင်းသိရသည်။

စာတိုပေးဖို့ခြင်းထက် ဖုန်းခေါ်ဆိုခြင်းကိုပိုမိုနှစ်ခြိုက်သည့်သုံးစွဲသူများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ပြီး "ပြောသာပြော" Voice park ကို MPT သုံးစွဲသူများထံအရောက်ပို့ဆောင်ခြင်းလည်းဖြစ်သည်။ သုံးစွဲသူအနေဖြင့် MPT ဖုန်းအချင်းချင်းကြိုးဖုန်းအပါအဝင်ခေါ်ဆိုနိုင်မည်။ "ပြောသာပြော" Voice Park ကိုဂုရက်၊ ရက်၃၀နှင့် ရက်၉၀နှစ်သက်ရာ ရွေးချယ်ပြီး *600# သို့ခေါ်ဆို မိမိနှစ်သက်ရာ ပတ်ကော့ချ်များရွေးချယ်သုံးစွဲနိုင်ပြီဖြစ်သည်ကိုသိရသည်။

ဆက်လက်၍ MPT-KSGM ၏စီးပွားရေးအရာရှိဖြစ်သူ Mr.Reizo Umeda က MPT ရဲ့ Voice Pack အသစ်ကနေ သုံးစွဲသူတွေရဲ့ မိတ်ဆွေမိသားစုဝင်တွေနှင့် စီးပွားရေးလုပ်ငန်းတွေကြားအပြန်အလှန်ပြောဆိုဆက်ဆံရာတွင် ပိုမိုအဆင်ပြေချောမွေ့လာအောင်ကူညီပေးနိုင်ခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်ဟုပြောကြားခဲ့ပြီး၊ နှလုံးသားထဲကမြန်မာဆိုသည့် ဆောင်ပုဒ်နှင့်အညီပြည်သူများ၏ ဝန်ဆောင်မှုများကိုကောင်းမွန်သော အစီအစဉ်များဖြင့်ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို ပြောကြားခဲ့ကြောင်းသိရသည်။

လှမျိုး - ဆ.သ.ရ

မြန်မာလူငယ်များ ခြောက်ကြိမ်မြော
လျှောက်ထားသ

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်မှ (၁၁) ရက်အထိကျင်းပပြုလုပ်သွားမည့် (၆) ကြိမ်မြောက် တယ်လီနောလူငယ်ဖိုရမ် (TYF) အတွက် လျှောက်ထားမှုများအား ဇူလိုင်လ (၃၁) ရက်တွင် သတ်မှတ်ချိန်ပြီးဆုံးသွားပြီဖြစ်သည်။ လျှောက်ထားသူသည် အသက် (၂၀) မှ (၂၈) နှစ်အတွင်းရှိပြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်ပိုင်နိုင်ရမည်ဖြစ်ကာ ပညာအရည်အချင်းအနေနှင့် တက္ကသိုလ်တက်ရောက်ဆဲ သို့မဟုတ် ပြီးဆုံးထားသူဖြစ်ရမည် ဖြစ်သည်။ တယ်လီနောလူငယ်ဖိုရမ်အတွက် လျှောက်လွှာများအား မေလ (၁၅) ရက်နေ့မှ စတင်လက်ခံခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

တယ်လီနောလူငယ်ဖိုရမ်သည် တယ်လီနောလုပ်ငန်းစုနှင့် နိဘယ်ငြိမ်းချမ်းရေးစင်တာ (NPC) တို့ ပူးပေါင်းစီစဉ်သည့် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုဖြစ်ပြီး ဒစ်ဂျစ်တယ် နည်းပညာများအား အသုံးပြု၍ လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများအား တိုက်ဖျက်နိုင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။ စစ်မှန်သော ကမ္ဘာ့အပြောင်းအလဲများကို ဖော်ဆောင်ရန်နှင့် ဆန်းသစ်ခေတ်မီသော နည်းလမ်းများအသုံးပြု၍ မညီမျှမှုများ လျော့နည်းသွားစေရန် လူငယ်များက ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုကာ စွမ်းဆောင်နိုင်မည်ဟူသော ယုံကြည်ချက်ဖြင့် ဤဖိုရမ်ကို စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယခင်ကျင်းပပြီးစီးခဲ့သည့် TYF ဖိုရမ် (၅) ကြိမ်တွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ခဲ့သူ လူငယ် (၈) ဦးရှိခဲ့ပြီး ဖြစ်သည်။ ယမန်နှစ် တယ်လီနောလူငယ်ဖိုရမ်တွင် မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သူ (၂) ဦးအနက် (၁) ဦးဖြစ်သည့် နန်းကံကော်ယွက်ဆိုင် ပါဝင်သော AGENCY အမည်ရ အဖွဲ့မှလုပ်သားများအလုပ်သမားအခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ပတ်သက်ပြီးတင်ပြနိုင်မည့် လူထုအခြေပြုပရောဂျက်ဖြင့် အနိုင်ရရှိခဲ့သည်။

"တယ်လီနောလူငယ်ဖိုရမ်မှာ ပါဝင်ခွင့်ရရှိခဲ့ခြင်းဟာ ညီမအတွက် ဝုက်ယူစရာအချိန်ကာလ တစ်ခုဖြစ်ခဲ့ပြီး ဒီလိုအရမ်းကောင်းမွန်တဲ့ အခွင့်အရေးတစ်ခုကို ပေးအပ်ခဲ့တဲ့အတွက်လည်း တယ်လီနောလုပ်ငန်းစုနဲ့ တယ်လီနောမြန်မာ

ရေဘေးသင့်ပြည်သူများ အခမဲ့ဖုန်းခေါ်ဆိုမှုများပြုလုပ်နိုင်ရန် MPT ကထောက်ပံ့ကူညီ

ရေဘေးသင့်ပြည်သူများ အခမဲ့ဖုန်းခေါ်ဆိုမှုများပြုလုပ်နိုင်ရန် ရေဘေးသင့်မြို့နယ်ပေါင်း (၁၈)ခုမှ ပြည်သူများအနေဖြင့်ရက်ပေါင်း (၃၀)အထိ အသုံးပြုနိုင်မည့် MPT ဖုန်းအချင်းချင်းမိနစ်(၃၀)ကြာခေါ်ဆိုခွင့်ရရှိမည်ဖြစ်သည်ကို ဩဂုတ်လ (၃)ရက်နေ့က သတင်းထုတ်ပြန်ကြေငြာထားကြောင်းသိရသည်။ အဆိုပါအစီအစဉ်ကြောင့် ရေဘေးသင့်မြို့နယ်(၁၈)ခုမှ MPT သုံးစွဲသူများအနေဖြင့် အခမဲ့ဖုန်းခေါ်ဆိုခွင့်ကိုလျှောက်ထားရယူရန်လိုအပ်မည်မဟုတ်ဘဲ၊ အလိုအလျောက်ရရှိအသုံးပြုနိုင်မည်ဖြစ်ပြီး အဆိုပါအခမဲ့မိနစ်များအသုံးပြုနိုင်ပြီဖြစ်ကြောင်းကို MPT မှစာတို SMS ပေးပို့အသိပေးသွားမည်ဖြစ်သည်ကိုလည်း သိရသည်။

ဆက်လက်၍ MPT -KSGM ၏ လုပ်ငန်းလည်ပတ်မှုဌာနကြီး၏ ဒုတိယအရာရှိချုပ်ဖြစ်သူ ဦးနိုင်ကိုကိုကရေဘေးသင့်ဒေသတွေဖြစ်ခဲ့ရတဲ့ မွန်၊ ကရင်နဲ့ပဲခူးတိုင်း (အရှေ့)ကပြည်သူတွေအတွက် MPT ကအားလုံးနှင့်ထပ်တူစိတ်မကောင်းဖြစ်မိပြီး ပြည်သူတွေရဲ့လိုအပ်ချက်တွေကိုတတ်နိုင်သမျှ ဖြည့်ဆည်းပေးဖို့ အမြဲအသင့်ရှိနေကာ အခုလိုမျိုးသဘာဝဘေးအန္တရာယ်တွေ ကျရောက်နေတဲ့အချိန်မှာ ဆက်သွယ်ရေးဟာအရေးကြီးမယ်ဆိုတာကို ကျွန်တော်တို့ MPT အနေနဲ့ယုံကြည်ထားပြီး ၂၀၁၅ မှစ၍ ၂၀၁၈ခုနှစ်အထိဖြစ်ပွားခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေမှာ တစ်တပ်တစ်အားပါဝင်ခဲ့ကာ ယခုသဘာဝဘေးအန္တရာယ်အတွက် လူမှုအကျိုးပြုလုပ်ဆောင်ချက်တွေဟာ MPT ရဲ့ "နှလုံးသားထဲကမြန်မာ" ဆိုတဲ့စကားကို သက်သေပြနေတဲ့ဆောင်ရွက်ချက်တွေဖြစ်ပါတယ်ဟု ဦးနိုင်ကိုကိုကပြောကြားခဲ့သည်။ လှမျိုး - ဆ - သ - ရ

အူရီဒူးမြန်မာမှ ပဲခူးတိုင်းဒေသကြီး၊ မွန်နှင့် ကရင်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများထံ သွားရောက်ကူညီလှူဒါန်း

မြန်မာနိုင်ငံတောင်ပိုင်း၊ အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင်ပြီးခဲ့သည့်အပတ်မှ စတင်ပြီးမိုးသည်းထန်မှု ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး လူဦးရေပေါင်းများစွာသည် ရေကြီးရေလျှံမှုကြောင့် နေအိမ်များကိုစွန့်ခွာခဲ့ကြရသည်။ အူရီဒူးမြန်မာမိသားစုများသည် ရေဘေးသင့်ဒေသများသို့သွားရောက်ပြီး အစားအသောက်နှင့် အရေးပေါ်ကူညီမှုများကို ရေဘေးသင့်ပြည်သူများကိုပေးအပ်ခဲ့ကြောင်း ဩဂုတ်လ၁ရက်က သတင်းထုတ်ပြန်ချက်အရသိရသည်။

အူရီဒူးမြန်မာမှ ပဲခူးတိုင်းဒေသကြီးရှိရွှေကျင်မြို့နယ်အတွင်းရှိ ရေဘေးသင့်နေသည့်နေရာများ၊ မွန်ပြည်နယ် ဘီလင်းမြို့နယ်အတွင်းရှိရေဘေးသင့်သည့်နေရာများနှင့် ကရင်ပြည်နယ်ဖာအံမြို့ရှိ ရေဘေးသင့်သည့်နေရာများသို့သွားရောက်ပြီး ရေဘေးကြောင့် အခက်အခဲဖြစ်နေသူများကိုလူသားချင်းစာနာသည့် ဂရုဏာထားမှုများဖြင့်သွားရောက်ကူညီပေးခဲ့ပါသည်။

ရေဘေးသင့်ပြည်သူများသို့ ဆန်နှင့် ဆီ၊ ခေါက်ဆွဲခြောက်ထုတ်များ၊ ငါးသေတ္တာဘူးများပါရှိသည့် အရေးပေါ်ကယ်ဆယ်ရေးအိတ်များကိုအိမ်ထောင်စုပေါင်း ၁၉၀၀အတွက်တန်ဖိုး ကျပ်သိန်း၁၅၀ခန့်လှူဒါန်းခဲ့သည်။ အူရီဒူးမှ လှူဒါန်းသောအရေးပေါ်ကယ်ဆယ်ရေး အိတ်အတွင်းပါဝင်သောအစားအစာများသည် (၃)ရက်စာ ဖူလုံသဖြင့်အစားအစာအခက်အခဲကိုကူညီပေးနိုင်မည်ဖြစ်သည်။



အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr.Vikeam Sinha က "မိုးသည်းထန်စွာရွာသွန်းမှုကနေတစ်ဆင့် မြန်မာနိုင်ငံမှာရေကြီးရေလျှံတာတွေ နဲ့အတူပျက်ဆီးမှုတွေဖြစ်တာကြောင့် တကယ်ကိုစိတ်မချမ်းမသာဖြစ်ရပါတယ်။ အူရီဒူးမှာဂရုစိုက်ခြင်း၊ ဆက်သွယ်ခြင်းနှင့် စိန်ခေါ်ခြင်းဆိုတဲ့ အဓိကတန်ဖိုးထားမှု(၃)ခုရှိပါတယ်။ ကျွန်တော်တို့တွေဟာရေဘေးသင့်ပြည်သူတွေဆီကို စိန်ခေါ်မှုအခက်အခဲတွေကြားကနေ အရောက်သွားခဲ့ပါတယ်။ သူတို့တွေနဲ့ဆက်သွယ်ချိတ်ဆက်ပြီး လိုအပ်တဲ့ကူညီမှုတွေပံ့ပိုးပေးပြီး အူရီဒူးမိသားစုရဲ့ အလေးထားမှုနဲ့ ဂရုစိုက်မှုကိုပြသခဲ့ပါသည်။ အခုလို ကူညီလှူဒါန်းခွင့်ရတဲ့အတွက်တကယ်ကို ဝမ်းမြောက်ရပါတယ်။"ဟုပြောကြားသည်။

ပြီးခဲ့သည့်လက မွန်ပြည်နယ်မော်လမြိုင်မြို့နှင့် ရေမြို့တို့တွင် ရေကြီးခဲ့ခြင်းကြောင့် အူရီဒူးမိသားစုမှ ရေဘေးသင့်သည့်အိမ်ထောင်စုပေါင်း ၄၅၁ စုအတွက် အစားအစာနှင့်အထောက်အပံ့များ ကူညီလှူဒါန်းပေးခဲ့ကြောင်းသိရသည်။

ကျော်ကျော်

အူရီဒူးမြန်မာအား အလုပ်လုပ်ကိ



ပြောသာပြော Voice Pack အသစ်စတင်



က် တယ်လီနောလူငယ်ဖိုရမ်အတွက် တ်မှတ်ချိန်ပြီးဆုံး

ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီပရိုဂရမ်တစ်လျှောက်မှာ ညီမအနေနဲ့ ကျွမ်းကျင်မှုအသစ်တွေ၊ ဗဟုသုတအသစ်တွေအများကြီး ရရှိခဲ့တဲ့အပြင် နိုင်ငံအသီးသီး၊ နယ်ပယ်အသီးသီးက ထူးချွန်ထက်မြက်သူတွေနဲ့ လည်း တွေ့ဆုံခွင့် ရရှိခဲ့ပါတယ်။ ဒီ တယ်လီနောလူငယ်ဖိုရမ် အစီအစဉ်ဟာ ကမ္ဘာကြီးကို ပိုမိုကောင်းမွန်တိုးတက်လာအောင် ပြောင်းလဲတဲ့နေရာမှာပါဝင် ကူညီလိုတဲ့ လူငယ်တွေအတွက် အသင့်တော်ဆုံးအစီအစဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံကလူငယ်တွေကိုလည်း လျှောက်ထားပါဝင်ဖို့ ညီမတိုက်တွန်းလိုပါတယ်" ဟု နန်းကံ့ကော်ယွက်ဆိုင်က ပြောကြားသည်။

"တယ်လီနော လူငယ်ဖိုရမ်ဟာ ကမ္ဘာတစ်ဝန်းကလူငယ်တွေ၊ ပညာရှင်တွေနဲ့တွေ့ဆုံနိုင်မယ့်၊ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး အပြုသဘောဆောင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကိုဖော်ဆောင်နိုင်မယ့် အစီအစဉ်တစ်ခုဖြစ်ပြီး ကမ္ဘာနဲ့သက်ဆိုင်တဲ့ ကြီးမားတဲ့ပြဿနာတွေကို အသစ်အသစ်သောရှုထောင့်တွေကနေတဆင့် ဖြေရှင်းတာကိုနှစ်သက်သဘောကျတဲ့ လူငယ်တွေအတွက် ဒီဖိုရမ်က အသင့်စောင့်ကြိုနေပါတယ်။ မနှစ်က တယ်လီနောလူငယ်ဖိုရမ်မှာ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သူတစ်ဦးပါဝင်တဲ့အဖွဲ့က အကောင်းဆုံးပရောဂျက်ဆုကို ရရှိခဲ့တဲ့အတွက် ကျွန်တော်အနေနဲ့ အရမ်းကိုစိတ်လှုပ်ရှား ဝမ်းသာမိပြီး အခုလာမယ့်တယ်လီနောလူငယ်ဖိုရမ် ၂၀၁၈ မှာလည်း ဒီလိုမျိုး အရည်အချင်းပြည့်ဝတဲ့လူငယ်တွေကို ထပ်မံကူညီပေးနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Lars Erik Tellmann က ပြောကြားသည်။

တယ်လီနောလူငယ်ဖိုရမ် တစ်ခုပြီးဆုံးသည့်အခါတိုင်း အနိုင်ရရှိသည့် အဖွဲ့ကိုရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းတို့၏စိတ်ကူးများကို အကောင်အထည် ဖော်နိုင်ရန် နော်ဝေးနိုင်ငံသုံး ငွေကြေးခရိုနာ (၁) သိန်း (ကန်ဒေါ်လာ ၁၅,၀၀၀)အား ရင်းနှီးမတည်ငွေအဖြစ် တယ်လီနောက ပေးအပ်သွားမည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ရန်ကုန်မြို့ရှိ ဈေးဝယ်စင်တာကြီးများတွင် anada (အနန္တ)မှ အရောင်းဆိုင်များဖွင့်လှစ်



ananda (အနန္တ)သည် anada (အနန္တ)အမှတ်တံဆိပ် ဝန်ဆောင်မှုထုတ်ကုန်များကို လွယ်လင့်တကူ ဝယ်ယူသုံးစွဲနိုင်ရန်ရည်ရွယ်၍ ရန်ကုန်မြို့ရှိ အချက်အချာကျသော ဈေးဝယ်စင်တာကြီးများတွင် အရောင်းဆိုင်များ ဖွင့်လှစ်ကာ ရောင်းချနေပြီဖြစ်သည်။

ဈေးဝယ်စင်တာကြီးများဖြစ်သည့် Junction Square၊ City Mall၊ Junction 8၊ သာကေတ Capital နှင့် စံရိပ်ငြိမ် ဂမုန်းပွင့်တို့တွင် anada (အနန္တ) သည် အရောင်းဆိုင်များ ဖွင့်လှစ်ကာ ၎င်း၏ အမှတ်တံဆိပ်ဝန်ဆောင်မှုထုတ်ကုန်များကို ရောင်းချဝန်ဆောင်မှုပေးလျက်ရှိသည်။ ယခုအခါ ananda (အနန္တ)၏ ၆ ခုမြောက်ဖွင့်လှစ်လိုက်သည့် အရောင်းဆိုင်ကို မြန်မာပလာဇာ၏ ပထမထပ်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ananda (အနန္တ) ၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်အေးမြမြကြည်မှ "အခုဆိုရင် ananda (အနန္တ)ကို ရန်ကုန်မှာ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနေကြပါပြီ။ ဒါကြောင့် ရန်ကုန်မြို့အနှံ့မှာရှိတဲ့ ဈေးဝယ်စင်တာကြီးတွေမှာ အရောင်းဆိုင်တွေ ဖွင့်လှစ်ပြီး အခုလိုရောင်းချတာဖြစ်ပါတယ်။ လာမယ့်လတွေမှာလည်း ရန်ကုန်မြို့မှာရှိတဲ့ လူအများစုညီကားရာနေရာတွေမှာ ananda (အနန္တ)ရဲ့ဝန်ဆောင်မှုထုတ်ကုန်တွေအကြောင်း ပိုမိုသိရှိစေဖို့ရယ် ဝယ်ယူသူတွေနဲ့ တိုက်ရိုက်ထိတွေ့မယ့်ပွဲလေးတွေ လုပ်ဖို့ရှိပါတယ်။ လက်ရှိသုံးစွဲနေသူတွေရဲ့ ဝယ်ယူအားပေးသူ အသစ်တွေအနေနဲ့ ananda (အနန္တ)အမှတ်တံဆိပ်ဝန်ဆောင်မှုထုတ်ကုန်တွေကို လွယ်လင့်တကူ ဝယ်ယူနိုင်အောင် ဝယ်ယူသူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင် လုပ်ဆောင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

အရောင်းဆိုင်များတွင် ananda (အနန္တ)အမှတ်တံဆိပ် ဝန်ဆောင်မှုထုတ်ကုန်များကို စတင်ဝယ်ယူသုံးစွဲမည့်သူများသည် "unlimited30" နှင့် mifi စက်ကို မြန်မာငွေ ၃၅၀၀၀ ကျပ်၊ Router စက်နှင့် Unlimited ဒေတာ ၂လစာ သုံးစွဲခွင့်ကို မြန်မာငွေ ကျပ် ၆၅၀၀၀ ကျပ်တို့ဖြင့် ဝယ်နိုင်သည့်အပြင် ဘက်ထရီသက်တမ်းပိုကြာရှည်ခံသော mifi plus စက်နှင့်အကန့်အသတ်မဲ့ဒေတာ ၁ လစာသုံးစွဲခွင့်အတွက် မြန်မာငွေ ၄၀၀၀၀ ကျပ်တို့ဖြင့် ဝယ်ယူနိုင်ကြောင်း၊ ဝယ်ယူသုံးစွဲသူများအနေဖြင့် အရောင်းဆိုင်များတွင် မိမိတို့နေထိုင်ရာ မြို့နယ်၏ ananda (အနန္တ) ကွန်ရက်လွှမ်းခြုံမှုအခြေအနေအပါအဝင် ဝန်ဆောင်မှုအဝဝကို စုံစမ်းမေးမြန်းနိုင်သည့်အပြင် မိမိကြိုက်နှစ်သက်ရာ ananda (အနန္တ)ကွန်ရက်လွှမ်းခြုံမှုအခြေအနေအပါအဝင် သုံးစွဲနိုင်ရန်အတွက် ခဲခြစ်ငွေဖြည့်ကတ်များလည်း ရရှိနိုင်သည်။ ထို့အပြင် အခြားအခက်အခဲများရှိပါကလည်း ananda (အနန္တ)အယလီကေးရှင်းမှတဆင့်အကူအညီရယူနိုင်သည်။

ပြီးခဲ့သည့် မေလမှ စတင်မိတ်ဆက်ပေးခဲ့သော ananda (အနန္တ)သည် မြန်ဆန်ပြီး အကန့်အသတ်မရှိသော အင်တာနက်အတွေ့အကြုံကို ဝန်ဆောင်မှုပေးနိုင်ရန်အတွက် အခြားမြို့ကြီးများဆီသို့ ဆက်လက်ချဲ့ထွင်သွားမည်ဖြစ်သည်။ သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက www.facebook.com/anandalivemore သို့ ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

ကျော်ကျော်

Mytel မှ ရေဘေးသင့်ဒဏ်ခံစားနေရသည့် ပြည်သူများအတွက် ကူညီထောက်ပံ့မှုများပေးအပ်



Mytel မှဇူလိုင်လ၊ ၂၈ရက်နေ့မှစတင်ကာ ကူညီပံ့ပိုးမှုများလုပ်ဆောင်ခဲ့ပြီး မရှိမဖြစ်လိုအပ်သော ထောက်ပံ့ပစ္စည်းများဖြစ်ကြသည့်သောက်ရေသန့်၊ အသင့်စားခေါက်ဆွဲခြောက်၊ နွားနို့၊ ပေါင်မုန့်နှင့် မိုးကာများကိုဦးစွာဖြန့်ဝေပေးခဲ့သည်။ ထို့အပြင်သဘာဝဘေးအန္တရာယ် ကျရောက်နေချိန် အရေးပေါ်ကာလများတွင် တစ်ဦးနှင့်တစ်ဦးအဆက်မပြတ်ချိတ်ဆက်နိုင်ရန်အတွက်ရည်ရွယ်ဖွဲ့စည်းထားသည့် အရေးပေါ်ကူညီရေးဌာနများဖြစ်သော ကယ်ဆယ်ရေးရဲဝန်ထမ်းများ၊ ကူညီရေးအဖွဲ့အစည်းများနှင့် အထူးသဖြင့် ရေဘေးဒဏ်ကြောင့် ခရီးလမ်းတစ်လျှောက်ပိတ်မိနေကြသော မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်ရှိ ဒုက္ခသည်များအတွက် Mytel ဆင်းကဒ် ၃၀၀နှင့် ဖုန်းငွေဖြည့်ကဒ်တန်ဖိုး ဥသိန်းကို ပေးအပ်ခဲ့သည်။

"ရေဘေးဒဏ်သင့် ပြည်သူလူထုရဲ့ အဆင်မပြေမှုတွေနဲ့အခက်အခဲတွေကိုကျွန်တော်တို့အနေနဲ့ ထပ်တူထပ်မျှနားလည်ခံစားမိပါတယ်။ အခုလိုကူညီထောက်ပံ့ရေးတွေကို မြန်မြန်ဆန်ဆန်လုပ်ဆောင်ပေးနိုင်ဖို့အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနဲ့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ကူညီထောက်ပံ့ရေးလုပ်ငန်းတွေမှာ Mytel အဖွဲ့ဝင်တွေကပါဝင်ကူညီလုပ်ဆောင်လျက်ရှိပြီးတော့ လက်ရှိဒီဒေသတွေမှာရောက်ရှိနေတဲ့အဖွဲ့ဝင်တွေနဲ့ ချိတ်ဆက်ပြီးနောက်ထပ်လိုအပ်လာနိုင်မယ့် အရေးပေါ်အကူအညီတွေပေးနိုင်ဖို့အတွက်လည်း အဆင်သင့်ရှိနေမှာဖြစ်ပါတယ်"ဟု Mytel ၏ပြင်ပဆက်ဆံရေးအရာရှိချုပ်ဦးဇော်မင်းဦးမှ ပြောကြားခဲ့သည်။

ကရင်ပြည်နယ်ရှိ လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီနှင့်ကြာအင်းဆိပ်ကြီးမြို့နယ်များမှ ရေဘေးသင့်ပြည်သူများအတွက်လည်း အသင့်စားခေါက်ဆွဲခြောက်ထုပ်များနှင့် သောက်ရေသန့်ကဒ်ပေါင်း ၄၀၀ကျော်ကိုထောက်ပံ့ပေးခဲ့သည်။ Mytel အနေဖြင့် ရေကြီးမှုအခြေအနေများကို သေချာစွာလေ့လာစောင့်ကြည့်၍ တိကျသည့်သတင်းအချက်အလက်များရယူကာ လိုအပ်လာမည့်အကူအညီများကိုလည်း ဆက်လက်ပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

ကိုင်ရန် အထူးကောင်းမွန်သောနေရာ "Great Place to Work®" အဖြစ် သတ်မှတ်ခြင်းခံရ

အူရီဒူးမြန်မာသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကုမ္ပဏီတစ်ခုအဖြစ် Great Place to Work® အဖွဲ့အစည်းမှ ချီးမြှင့်ပေးအပ်သော ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ မှ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွက် **အလုပ်လုပ်ကိုင်ရန် အထူးကောင်းမွန်သောနေရာ "Great Place to Work®"** အဖြစ် အသိအမှတ်ပြုခြင်းခံရကြောင်း ဇူလိုင်လ (၂၅) ရက်နေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

Great Place to Work® အဖွဲ့အစည်းသည် ကမ္ဘာတစ်ဝှမ်းရှိ ဝန်ထမ်းများအလုပ်လုပ်ကိုင်သည့်နေရာများအား ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်များဖြစ်ပေါ်လာစေရန် ဆွေးနွေးလေ့ကျင့်သင်ကြားပေးလျက်ရှိသော နိုင်ငံတကာသုတေသနအဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း Great Place to Work® ၏ အဓိကလုပ်ဆောင်ချက်မှာ ဝန်ထမ်းများအချင်းချင်း ရင်းနှီးစွာပူးပေါင်းပါဝင်မှုနှင့် လက်တွဲလုပ်ကိုင်ခြင်းကိုထိရောက်စေရန်နှင့် တန်ဖိုးထားစေရန်တို့ဖြစ်ပြီး ထိုမှတစ်ဆင့်ဖြစ်တည်လာသည့် ယုံကြည်မှုမြင့်မားခိုင်မာသော လုပ်ငန်းခွင်တစ်ခု ပေါ်ပေါက်လာစေရန် အဓိကထားရည်ရွယ်လုပ်ဆောင်လျက်ရှိသည်။

အူရီဒူးမြန်မာ Chief Human Resources Officer ဖြစ်သူ Mrs. Cecile Umana မှ "ယခုကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုကအသိအမှတ်ပြုခံရခြင်းက ကျွန်မတို့ရဲ့ အူရီဒူးမြန်မာမိသားစုကြီးဟာ လူအများကို ဖွဲ့ဖြိုးတိုးတက်အောင်မြင်စေပြီး၊ အသိအမှတ်ပြုခံ၊ ချီးမွှောက်ခံထိုက်တဲ့ အကောင်းဆုံးလုပ်ငန်းခွင်တစ်ခုဖြစ်ရမယ်ဆိုတဲ့ ကျွန်မတို့ရဲ့ စဉ်ဆက်မပြတ်ခံယူချက်ကို အတည်ပြုပေးလိုက်ခြင်းပဲဖြစ်ပါတယ်။ ဒဲ့အပြင် ဒီစစ်တမ်းမှာ အရိုးသားဆုံး ပါဝင်ဖြေဆိုပေးကြတဲ့ ဝန်ထမ်းများကိုလည်း လေးစားစွာဖြင့် ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ အခုလို ဖြေဆိုခဲ့ခြင်းကြောင့်လည်း မြန်မာနိုင်ငံမှာ အကောင်းဆုံး ဝန်ထမ်းအတွေ့အကြုံတွေကို ခံစားရရှိနိုင်စေဖို့ ကူညီပေးနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားသည်။

အူရီဒူးမြန်မာသည် Great Place to Work® Institute အဖွဲ့နှင့်အတူ ပူးပေါင်းပြီး စစ်တမ်းများကောက်ခံခဲ့သည်။ စစ်တမ်းအား ရှုထောင့်ငါးခုဖြစ်သော အများယုံကြည်လက်ခံနိုင်မှု၊ လေးစားမှု၊ တရားမျှတမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ဝန်ထမ်းများ တစ်ဦးနှင့်တစ်ဦးခင်မင်ယုံကြည်ကြခြင်းတို့အပေါ်တွင် အခြေခံကာ အကဲဖြတ်တိုင်းတာခဲ့သည်။ အူရီးဒူးမြန်မာမှ ဝန်ထမ်းများ ပူးပေါင်းပါဝင်မှုနှင့် ညီညွတ်မျှတစွာ ပူးတွဲလုပ်ဆောင်မှုအပေါ် အဓိကထားဆောင်ရွက်လိုခြင်းဖြစ်သည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Mr. Vikram Sinha ကလည်း "အူရီဒူးမြန်မာအား အလုပ်လုပ်ကိုင်ရန် အထူးကောင်းမွန်တဲ့နေရာ Great Place to Work® လို့ သတ်မှတ်ခြင်းခံရတဲ့အတွက် အလွန်ပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒီလိုအသိအမှတ်ပြုခံရခြင်းဟာ အရည်ချင်းရှိတဲ့ မြန်မာနိုင်ငံသားပညာရှင်တွေကို အူရီဒူးမြန်မာမှာ အောင်မြင်ပျော်ရွှင်စွာ တစ်ဦးနှင့်တစ်ဦး လေးလေးစားစား အလုပ်လုပ်ကိုင်စေပြီး၊ တကယ်ကို ထက်မြက်တဲ့အသင်းအဖွဲ့လုပ်ဆောင်နေမှုနှင့်အတူ ကျွမ်းကျင်ပညာရှင်တွေဖြစ်လာစေလိုပါတယ်" ဟုပြောကြားသည်။

ကျော်ကျော်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းသား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ပညာသင်နှစ် အခြေခံပညာ၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းသား၊ သမီးများအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ၂၀၁၇-၂၀၁၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် (၂၆)ရက်နေ့မွန်းလွဲ ၂နာရီတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂၉)၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်က အမှာစကားပြောကြားပြီး ၂၀၁၈-၂၀၁၉ပညာသင်နှစ် အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းသားသမီးများအတွက် ထောက်ပံ့ငွေများနှင့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၅ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဦးကျော်မျိုးနှင့် ဦးသာဦးတို့က ၅ဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၄ဦးအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်ဦးဝင်းခန့်နှင့် ဦးချစ်ဝေတို့က ၄ဘာသာ ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၅၄ဦးအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ၆ဘာသာဂုဏ်ထူးရှင် မနှင်းလဲဖြူဖိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် ဆုရကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၂၀၁၇-၂၀၁၈ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ၆ဘာသာဂုဏ်ထူးရရှိသူ ၅ဦး၊ ၅ဘာသာ ဂုဏ်ထူးရရှိသူ ၄၂ဦး၊ ၄ဘာသာ ဂုဏ်ထူးရရှိသူ ၅၄ဦး၊ ၃ဘာသာ ဂုဏ်ထူးရရှိသူ ၄၉ဦး၊ ၂ဘာသာ ဂုဏ်ထူးရရှိသူ ၈၃ဦး၊ ၁ဘာသာ ဂုဏ်ထူးရရှိသူ ၁၉၄ဦး၊ ရုံးရိုးအောင်မြင်သူ ၈၆၅ဦး စုစုပေါင်း ၁၂၉၂ဦး အောင်မြင်ခဲ့ကြောင်းသိရသည်။

မြန်မာ့မီးရထား

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်
မြန်မာအမျိုးသားလေကြောင်း၊ လေယာဉ်မောင် / မယ် သင်တန်းအမှတ်စဉ် (၁ / ၂၀၁၈) သင်တန်းဆင်းပွဲသို့ တက်ရောက်





ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် ဇူလိုင်လ (၂၈) ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပညာသိပ္ပံကျောင်းတွင် ပြုလုပ်သည့် မြန်မာအမျိုးသားလေကြောင်း၏ လေယာဉ်မောင် / မယ်သင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အမြဲတမ်းအတွင်းဝန်ဦးဝင်းခန့်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနမှူးများ၊ မြန်မာအမျိုးသားလေကြောင်းမှ အမှုဆောင်အရာရှိချုပ် ကပ္ပတိန်သန်းထွန်းနှင့် အထွေထွေမန်နေဂျာများ၊ ဌာနမှူးများ၊ လေယာဉ်မှူးကြီးများ၊ ဝန်ထမ်းများ၊ သင်တန်းဆင်းလေယာဉ်မောင် / မယ်များနှင့် မိဘဆွေမျိုးများ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးမှ သင်တန်းဆင်းအမှာစကားပြောကြားရာတွင် မောင်တို့မယ်တို့အနေဖြင့် အနယ်နယ်အရပ်ရပ်က ယှဉ်ပြိုင်လျှောက်ထားသူများထဲမှ အရည်အချင်းဆန်းစစ်မှု အဆင့်ဆင့်ကို အောင်မြင်ခဲ့ကြပြီး၊ ပျံသန်းရေးတာဝန်များကို ထမ်းဆောင်ရန်အတွက် Myanmar National Airlines မှ ဖွင့်လှစ်သင်ကြားသော Cabin Crew Initial Training တွင် သက်ဆိုင်ရာ ဘာသာရပ်မျိုးစုံကို ပြည်တွင်းပြည်ပ၌ သင်ကြားခဲ့ရပြီး အရည်အချင်းစစ်စာမေးပွဲများကို စာတွေ့လက်တွေ့ အောင်မြင်ခဲ့ကြသော သင်တန်းသား/ သူ လေယာဉ်မောင်/ မယ်များ အားလုံးကို ဂုဏ်ပြုကြိုဆိုပါကြောင်း၊ မောင်မယ်တို့အနေဖြင့် လုပ်ငန်းခွင်ထဲသို့ ဝင်ရောက်သော အခါ နိုင်ငံတော်ပိုင်လေကြောင်းလိုင်း၌ တာဝန်ထမ်းဆောင်ခွင့်ရရှိသော နိုင်ငံ၏ တာဝန်ကို ထမ်းဆောင်ကြမည့် မောင်/ မယ်များအဖြစ် ဦးစွာပထမဂုဏ်ယူရမည်ဖြစ်ပါတယ်။ မိမိတို့၏ တာဝန်ဝတ္တရားများနှင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လုပ်ငန်းခွင်အတွင်းရော လုပ်ငန်းခွင်ပြင်ပမှာပါတစ်သွေမတိမ်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ဂရုစိုက်ရန် လိုအပ်ပါကြောင်း မောင်/မယ်တို့အနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲပါက တာဝန်မှ ရပ်ဆိုင်းသည်အထိ အပြစ်ပေးအရေးယူခံရမည်ဖြစ်ပါကြောင်း လေယာဉ်စီးခရီးသည်များအပေါ် ဝန်ဆောင်မှု၊ ဆက်ဆံရေး၊ ဘေးကင်းလုံခြုံမှုအတွက် ဦးစားပေးဆောင်ရွက်နိုင်ရေး မြန်မာအမျိုးသားလေကြောင်းကိုစီးနင်းကြသောခရီးသည်များမှာ ဘာသာစုံ၊ လူပုဂ္ဂိုလ်မျိုးစုံဖြစ်ပါသောကြောင့် မည်သည့်ဘာသာကိုမှ အစွန်းရောက်ခြင်းမရှိဘဲ လိုက်လျောညီထွေစွာဖြင့် ခရီးသည်များကို အကောင်းဆုံးဝန်ဆောင်မှုပေးရမည်ဆိုသည့် အသိရှိရန်လည်းလိုအပ်ပါကြောင်း နိဂုံးချုပ်အနေဖြင့် မှာကြားလိုတာကတော့ မောင်တို့မယ်တို့သည် မိသားစုစိတ်ဓာတ်ဖြင့် ကျရောတာဝန်ကို စေတနာရှေ့ထားကာ လုပ်ဆောင်ရန်နှင့် ပြည်တွင်းခရီးစဉ်မှာသာမက ပြည်ပနိုင်ငံခရီးစဉ်များတွင် MNA ကို အကောင်းဆုံးလေကြောင်းအဖြစ် သိရှိအောင်စေတနာအရင်းခံ၍ စွမ်းဆောင်နိုင်သော လေယာဉ်မောင်/ မယ်ကောင်းများဖြစ်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ မိမိကြောင့် မိမိလေကြောင်းလိုင်း၊ မိမိအဖွဲ့အစည်းဂုဏ်သိက္ခာကျဆင်းခြင်းမရှိဘဲ အမြဲတမ်းဂုဏ်သိက္ခာမြှင့်တင်ပေးနိုင်တဲ့ စံပြလေယာဉ်မောင်/ မယ်များ ဖြစ်အောင်ကြိုးပမ်းသွားကြပါလို့ တိုက်တွန်းပြောကြားပါသည်။



ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ကပ္ပတိန် သန်းထွန်းမှ သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုဆံဆိပ်များချီးမြှင့်ပေးပြီး လေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီးမှ သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ မြန်မာအမျိုးသားလေကြောင်း၏ လေကြောင်းပျံသန်းမှုလုပ်ငန်းဌာနမှုးမှ သင်တန်းဆင်းမောင်မယ်များကို တောင်ပံချီးမြှင့်အပ်နှင်းပေးခဲ့ပြီး တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကြောင်းသိရသည်။

သတင်း- တင်မောင်(ပို့/ဆက်)၊
အိမ်စည်
ဓါတ်ပုံ- ညွှန့်လွင်

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်
နေပြည်တော်-ပဲခူးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့်အတူ ဇူလိုင်လ (၂၁)ရက်၊ နံနက်ပိုင်းတွင် RBE ရထားဖြင့် နေပြည်တော်-ပဲခူးရထားလမ်းပိုင်း တစ်လျှောက်ရှိဘူတာရုံများ၊ တံတားများ၊ ရထားလမ်းပိုင်းများ အဆင့်မြှင့်တင်နေမှုအား ကြည့်ရှုစစ်ဆေးရန် ထွက်ခွာခဲ့ပါသည်။

ရှေ့ဦးစွာ ပြည်ဝင်ဘူတာ၊ သာဝတ္ထိဘူတာများသို့ ရောက်ရှိရာ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်နိုင်မှု အခြေအနေ၊ ဝန်ထမ်းများဖွဲ့စည်းပုံနှင့် လုံလောက်မှုရှိ/မရှိနှင့် မိုးတွင်းကာလဖြစ်၍ ဝန်ထမ်းနေအိမ်များ ပြုပြင်ပေးရမည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရေနီဘူတာ၊ ဆွာဘူတာ၊ ကုန်းကြီးဘူတာ၊ ကျေးတောဘူတာနှင့် တောင်ငူဘူတာများသို့ရောက်ရှိလာပြီး ဘူတာဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လမ်းခင်းကျောက်များစုပုံထားရှိမှု၊ ရောက်ရှိလာသောကျောက်များအရွယ်အစား၊ အရည်အသွေးကိုက်ညီမှုရှိ/ မရှိအား ကြည့်ရှုခဲ့ပြီး လမ်းခင်းကျောက်များလေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ဘူတာရုံများ၊ ဘူတာဝန်ထမ်းနေအိမ်များ မိုးလုံလေလုံရှိစေရေး တာဝန်ရှိသူများအား ဆောင်ရွက်ပေးကြရန်မှာကြားခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖြူးဘူတာ၊ တောကွဲအင်းဘူတာ၊ ပဲနွယ်ကုန်းဘူတာ၊ ညောင်ပင်သာဘူတာများသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရန်ကုန်-တောင်ငူရထားလမ်းပိုင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်၍ ယခင်ကထက် ကြိုးစားကြရမှာဖြစ်ကြောင်း၊ သံလမ်း၊ ကွန်ကရစ်ဇလီဖာနှင့် အချက်ပြစနစ်များအား လဲလှယ်ဆောင်ရွက်သွားမည်ဖြစ်ပြီးအချိန်မီပြီးစီးနိုင်ရန်အတွက် လိုအပ်သည့် ကွန်ကရစ် ဇလီဖာ၊ ကျောက်နှင့် သံလမ်းများအား လုပ်ငန်းခွင်သို့ ရောက်ရှိစေရေး၊ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ် ရထားအချိန်များ ပြောင်းလဲပြီးလမ်းပိုင်းများအား ပြုပြင်ရမည်ဖြစ်သဖြင့် ရထားကြန့်ကြာမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ခရီးသွားပြည်သူများ၏ အခက်အခဲများကို ဝန်ထမ်းများအနေဖြင့် တတ်စွမ်းသရွေ့ကူညီပေးကြရန် လိုက်ကြောင်းဖြင့်မှာကြားခဲ့ပါသည်။

ရန်ကုန်-တောင်ငူရထားလမ်းပိုင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးသွားပါက ကီလိုမီတာ (၁၀၀)နှုန်းဖြင့် ပြေးဆွဲပေးနိုင်တော့မည်ဖြစ်၍ ခရီးသွားပြည်သူများအား သွားလိုရာဒေသအသီးသီးသို့ အချိန်တို့အတွင်း ပို့ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

MOTC



ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်
ပဲခူးမြို့နယ်ရှိ ရထားလမ်းပိုင်းများပျက်စီးမှုကြည့်ရှု၊ ရေဝင်ရောက်ခဲ့သည့် ဝန်ထမ်းအိမ်ရာမှ မိသားစုများအား ထောက်ပံ့







ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့်အတူ ဖိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ဒီရေမြင့်တက်မှုကြောင့် ပဲခူးမြို့နယ်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ပဲခူးဘူတာ၊ ဝန်ထမ်းအိမ်ယာများနှင့် ရေကျော်လမ်းပိုင်းနေရာများသို့ ဇူလိုင် (၂၈)ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေ့ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးဘူတာသို့လည်းကောင်း၊ ပဲခူးဘူတာအခြေစိုက်ဝန်ထမ်းအိမ်ယာများ၌ ရေ ၄ပေခန့်အထိ ရေဝင်ရောက်နစ်မြုပ်မှုအခြေအနေကိုလည်းကောင်း၊ ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်မှုကြောင့် ဝန်ထမ်း ၂၂၅ဦးအပါအဝင် မိသားစုဝင်စုစုပေါင်း ၈၃၅ဦးတို့အား ရေဘေးလွတ်ကင်းရာသို့ နေရာချထားဆောင်ရွက်ပေးမှု၊ မြန်မာ့မီးရထားအနေဖြင့် နေထိုင်စားသောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုပြီး ဝန်ထမ်းများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့တို့သည် တာဝ-ဘူရားငါးဆူ၊ ပဲခူး-ရွှေလှေနှင့် ပဲခူး-ကလိရထားလမ်း ရေကျော်သည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ရေပြန်လည်ကျဆင်းသွားပါက ရေကျော်လမ်းပိုင်းနှင့် တံတားများကို ပြန်လည်ပြင်ဆင်ခြင်း၊ ပဲခူး-မော်လမြိုင်ကြား ဒုံဝန်း-နင်းပုလဲလမ်းပိုင်းပျက်စီးမှုကို အမြန်ဆုံးစစ်ဆေးပြုပြင်သွားရန်နှင့် ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်းနှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်း ရထားများပြန်လည်ပြေးဆွဲနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန် ဝန်ထမ်းမိသားစုများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်သွားရန် လမ်းပိုင်းအလိုက် တံတားကြီးများတွင်လည်း ရေကင်းစောင့်များ စနစ်တကျချထားရန်နှင့် ရေတက်ရောက်မှုအခြေအနေကို အချိန်နှင့် တစ်ပြေးညီပြန်လည်တင်ပြရန် မှာကြားခဲ့ကြောင်းသိရှိရသည်။

မြန်မာ့မီးရထား

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်
ဂျပန်နိုင်ငံ၊ သံအမတ်ကြီး၊ H.E.Mr.Ichiro MARUYAMA အားလက်ခံတွေ့ဆုံ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ဇူလိုင်လ (၃၀)ရက်နေ့၊ နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ၊ သံအမတ်ကြီး၊ H.E.Mr.Ichiro MARUYAMA အား နေပြည်တော်၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့တွေ့ဆုံရာ၌ ဂျပန်နိုင်ငံမှ ODA ချေးငွေအကူအညီပေးအပ်ထားသည့် မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ရေး စီမံကိန်းအတွက် ရထားတွဲဝယ်ယူရေးဆိုင်ရာကိစ္စရပ်များနှင့် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး အဆင့် (၂)ဆိုင်ရာကိစ္စရပ်များအပေါ် အသေးစိတ်ဆွေးနွေးညှိနှိုင်းအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနအကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

တင်မောင်(ပို့/ဆက်)



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်





ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု (၁၃)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် (၂၆)ရက်၊ နံနက် (၉)နာရီအချိန်တွင်နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမဆောင်တွင် ကျင်းပပြုလုပ်ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့် ဇနီးဒေါက်တာဒေါ်ခင်သန်းအေး တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့နောက်အခမ်းအနားကို နမောတဿ (၃)ကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီးနောက် ပျဉ်းမနားမြို့သံလမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏဝံသဆရာတော်ဘုရားထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်သံဃာတော်များထံမှ ဧည့်ပရိသတ်များက ပရိတ်တရားတော်များနာယူကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့် ဇနီးဒေါက်တာဒေါ်ခင်သန်းအေးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယဝန်ကြီးမှ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပါသည်။ ဆက်လက်၍ ဌာနအကြီးအမှူးများနှင့် ဇနီးတို့မှ လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။


ထို့နောက် ပျဉ်းမနားမြို့ သံလမ်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဉာဏဝံသဆရာတော်ဘုရားထံမှ ဝါဆိုသင်္ကန်းစင်မောင်နှင့် ဇနီးဒေါက်တာဒေါ်ခင်သန်းအေးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့်ဇနီးတို့နှင့် တာဝန်ရှိသူများမှ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအတွက် ရေစက်သွန်းချခဲ့ပြီးအာရုံဆွမ်းကပ်လှူခဲ့သည်။ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်း ကျပ် (၃၁)သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်မောင် (ပို့/ဆက်)

မြန်မာ့မီးရထား ဝန်ထမ်းမိသားစု ၂၁ ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူ





ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားဝန်ထမ်းမိသားစုများ၏(၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင်လ ၂၈ရက်၊ နံနက် ၈း၃၀နာရီ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်ဇနီး တက်ရောက်ဆက်ကပ်လှူဒါန်းခဲ့သည်။

ရှေးဦးစွာတောင်ကြီး ပရိယတ္တိစာသင်တိုက် ပဓိနနာယကဆရာတော် ဦးကလျာဏဓမ္မထံမှ ငါးပါးသီလခံယူပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းနှင့်ဇနီးတို့နှင့် တာဝန်ရှိသူများမှ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအတွက် ရေစက်သွန်းချခဲ့ပြီးအာရုံဆွမ်းကပ်လှူခဲ့သည်။ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်း ကျပ် (၃၁)သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်ကျော်

ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် "Regional Workshop on Motorcycle Helmet and Minimum Safety Requirements for Cars" အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

Suu Foundation နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့မှ ပူးပေါင်းပြီး Grand Amara Hotel တွင် ဇူလိုင် (၂၃)ရက်၊ နံနက် (၈း၃၀)နာရီတွင် အန္တရာယ်ကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ UNECE Transport Division မှ Mr. Edoardo Gianotti၊ University of Putra မှ Professor Dr Wong Shaw Voon ၊ ဆက်စပ် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ Suu Foundation မှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် မော်တော်ယာဉ်အသုံးပြုမှုများ အလျှင်အမြန်တိုးပွားလာခြင်း၏ နောက်ဆက်တွဲအကျိုးရလဒ်ဖြစ်သည့် အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ တိုးပွားလာခြင်းကြောင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကို အရေးတကြီးဖြေရှင်းရန် လိုအပ်နေပါကြောင်း၊ ထိရောက်သည့် အရေးယူမှုများ ပြုလုပ်နိုင်သော အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းသွားမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးစီမံချက် (၂၀၁၄- ၂၀၂၀) Myanmar Road Safety Action Plan ကို ၂၀၁၄ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ NRSC ရဲ့ Quick Win အစီအမံ (၅)ရပ်ဖြစ်သည့် ယာဉ်အရှိန်လျော့မောင်းနှင်ရေး၊ ယာဉ်ထိုင်ခုံခါးပတ်ပတ်ရေး၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းရေး၊ အရက်သေစာသောက်စားမူးရစ်ပြီး ယာဉ်မမောင်းနှင်ရေး၊ ယာဉ်မောင်းနှင်နေစဉ် ဖုန်းသုံးစွဲမှုရှောင်ရှားရေးစသည့်အချက်များအား အသိပညာပေးခြင်း စစ်ဆေးခြင်းတို့အား ဆောင်ရွက်လျက်ရှိပါကြောင်း၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ အရည်အသွေးပြည့်မီသည့် ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်စေရေး အစီအမံသည် အရေးတကြီးအကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း "စံ" သတ်မှတ်ချက်တစ်ခု ပြဋ္ဌာန်းရာမှ မိမိနိုင်ငံနှင့် ကိုက်ညီမှုရှိစေရန်လိုအပ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ပေးကြသည့် UNECE, HLP နှင့် Suu Foundation တို့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ Suu Foundation မှ ဒေါ်မြသဉ္ဇာခိုင် UNECE မှ Mr. Edoardo Gianotti, Malaysian Institute of Road Safety Research Professor Dr Wong Shaw Voon တို့မှ အသီးသီးအမှာစကားပြောကြားခဲ့ကြသည်။



ယနေ့ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲအား ဇူလိုင် ၂၃ရက်နေ့မှ ၂၄ရက်နေ့ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

MOTC

ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ရထားလမ်းနှင့် တံတားအမှတ် ၇၄ ပြုပြင်နေမှု၊ ဘီးလင်းချောင်း ပြုပြင်ရန် ညှိနှိုင်း၊ ကျိုက်ထို-စစ်တောင်း မြစ်ကမ်းထိန်းလုပ်ငန်း ကြည့်ရှုစစ်ဆေး (သြဂုတ်လ ၄ ရက် ၂၀၁၈)



















ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး (သြဂုတ်လ ၅ ရက် ၂၀၁၈)











ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့် မြန်မာမီးရထားမှ တာဝန်ရှိသူများ သြဂုတ်လ ၅ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိ အင်းစိန်ဘူတာ၊ တည်ငြိမ်ကုန်းလက်ကားဈေးကြီးနှင့် အဆင့်မြှင့်တင်ရေး စီမံကိန်းအရှေ့ဘက်ခြမ်း တည်ငြိမ်ကုန်းမှ ပုစွန်တောင်ဘူတာအထိလိုက်လံကြည့်ရှုစစ်ဆေးနေစဉ်။

ကျော်ကျော်







ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် USOAP-ICVM Audit အကြို 2018 USOAP Audit Preparation Task Force အဖွဲ့ ညှိနှိုင်းအစည်း အဝေးသို့ တက်ရောက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်သည် ဇူလိုင်လ (၂၈)ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမတွင် ပြုလုပ်သည့် USOAP-ICVM Audit အကြို 2018 USOAP Audit Preparation Task Force အဖွဲ့ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီးဦးကျော်မျိုး၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမင်းလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနမှူးများ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမတွင် လေကြောင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ် (ICAO) မှ မြန်မာနိုင်ငံရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လေကြောင်းကလျာ (Safety) နှင့် ပတ်သက်သော လုပ်ငန်းစဉ်များအား Universal Safety Oversight Audit Programme (USOAP Audit) အစီအစဉ်အရ လာရောက်စစ်ဆေးရာတွင် အောင်မြင်စွာ စစ်ဆေးခံနိုင်ရေးအတွက် အထူးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ (Task Force) ဖွဲ့စည်း၍ Audit စစ်ဆေးမှုအောင်မြင်နိုင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုများ ညှိနှိုင်းဆောင်ရွက်ရန်မှာကြားခဲ့ပါသည်။ ထို့ပြင် အဆိုပါ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် လာရောက်စစ်ဆေးမည့် USOAP Audit အစီအစဉ်အား အောင်မြင်စွာ အစစ်ဆေးခံနိုင်ရန်အတွက် လိုအပ်သည့် အချက်အလက်များအား ကူညီဆောင်ရွက်ပေးရန်အတွက် မြန်မာနိုင်ငံသို့ ၂၀၁၈ ခုနှစ် ဇူလိုင်လ (၂) ရက်နေ့မှ (၆)ရက်နေ့အထိ လာရောက်ခဲ့သော CAO Asia and Pacific Combined Action Team (APAC CAT) ၏ Mission Report နှင့် ပက်သက်၍ အကြံပြုချက်များအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ၀၀၃ ခုနှစ်တွင် တည်ဆောက်ခဲ့သော Terminal-2 အား Terminal-1 နှင့် ချိတ်ဆက်ရန် အကြီးစားပြုပြင်မွမ်းမံရန်အတွက် အဆိုပါ Terminal-2 အား ခေတ္တပိတ်၍ လေကြောင်းလိုင်းများအား Terminal-1 သို့ ရွှေ့ပြောင်း၍ အပြည်ပြည်ဆိုင်ရာခရီးစဉ်များအား လက်ခံဆောင်ရွက်၍ ခရီးသည်အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်လျက်ရှိသော ရန်ကုန်အေရှိဒရုန်းကုမ္ပဏီလိမိတက် (YACL) မှ တာဝန်ရှိသူများ၊ လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသော သက်ဆိုင်ရာ ဌာနများမှ တာဝန်ခံများနှင့် အတူ တွေ့ဆုံ၍ လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

၂၇. ၇. ၂၀၁၈ ရက်နေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ Terminal-2 အား အကြီးစားပြုပြင်မွမ်းမံရန်အတွက် အဆိုပါ Termianl မှ လေဆိပ်ကောင်တာများ၊ လေဆိပ်ရှိ လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းများ၊ X-ray စက်များအား (၂၆. ၇. ၂၀၁၈)နေ့ရက် လေကြောင်းလိုင်း ခရီးစဉ်များပြီးဆုံးသည့် ညအချိန် (၁၂)နာရီ နောက်ပိုင်းမှ ရွှေ့ပြောင်းရသဖြင့် (၂၇. ၇. ၂၀၁၈) ရက်နေ့ မနက်ပိုင်းတွင် စက်ပစ္စည်းများ၊ X-ray စက်များပြောင်းရွှေ့တပ်ဆင်မှု မပြီးစီးသည့်အခက်အခဲများကြောင့် ခရီးသည်များအား စစ်ဆေးရာတွင် အဆင်မပြေမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါလုံခြုံရေးဆိုင်ရာ စက်ပစ္စည်းများ၊ X-ray စက်များ တပ်ဆင်ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါသဖြင့် အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များနှင့် ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိကြောင်း သိရှိရပါသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်း အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များတွင် လိုက်ပါစီးနင်းမည့် ခရီးသွားဧည့်သည်များ၏ အဆင်ပြေချောမွေ့သွားလာမှုအခြေအနေများ၊ လေဆိပ်လုံခြုံရေးဆိုင်ရာ စက်ပစ္စည်းများ ပြောင်းရွှေ့ တပ်ဆင်ထားသည့် X-ray စက်အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းအဖွဲ့





မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
၂၀၁၇ – ၂၀၁၈ ပညာရည်ချွန်ဆုချီးမြှင့်၊
၂၀၁၈ – ၂၀၁၉ ပညာသင် ထောက်ပံ့ငွေပေးအပ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ ၂၀၁၇– ၂၀၁၈ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၈– ၂၀၁၉ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် (၂၄)ရက်က ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်မှ အဖွင့်အမှာစကားပြောကြားရာတွင် "မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေနဲ့ မိမိတို့ဝန်ထမ်းများရဲ့ သားသမီးများအတွက် ယခုလို ပညာသင်ထောက်ပံ့ပေးကြေးများပေးရတဲ့ ရည်ရွယ်ချက်ကတော့ ဝန်ထမ်းများရဲ့သားသမီးများ ပညာရေးအတွက် တိုးတက်လာစေရန်နဲ့ ဝန်ထမ်းများကမိမိတို့ရဲ့သားသမီးများ ပညာရေးအတွက် ထောက်ပံ့နေရတဲ့ပညာသင်စရိတ် များကို တစ်စိတ်တစ်ပိုင်းအားဖြင့် အထောက်အကူပြုနိုင် ရန်ဖြစ်ပြီး သားသမီးများအနေနဲ့ မိမိမိဘများအပေါ်ဂုဏ်ယူမှုများပိုမိုရရှိစေရန် ဖြစ်ပါတယ်" ဟု ထည့်သွင်းပြော ကြားခဲ့သည်။

ထို့နောက် MPA-Allied မှ ပညာသင်ထောက်ပံ့ကြေး လှူဒါန်းခြင်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ ဆက်လက်၍ ၂၀၁၇– ၂၀၁၈ ပညာသင်နှစ်တက္ကသိုလ် ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ခြင်း၊ ၂၀၁၈– ၂၀၁၉ ပညာသင်နှစ်အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း၊ ဂုဏ်ထူးရထူးချွန်ကျောင်းသား၊ ကျောင်းသား ကျောင်းသူများကိုယ်စား (၅)ဘာသာဂုဏ်ထူးရရှိသူတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားခြင်း၊ ကျောင်းသားမိဘများ ကိုယ်စားဝန်ထမ်းတစ်ဦးမှ ကျေးဇူးတင်စကားပြောကြားခြင်းနှင့် စုပေါင်းအမှတ်တရ ဓာတ်ပုံများရိုက်ကူးခဲ့ကြပြီး ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယခုနှစ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဝန်ထမ်း သားသမီးများမှ (၅) ဘာသာဂုဏ်ထူးရရှိသူ (၄)ဦး၊ (၄) ဘာသာဂုဏ်ထူးရရှိသူ (၃)ဦး၊ (၃)ဘာသာဂုဏ်ထူးရရှိသူ (၅) ဦး၊(၂)ဘာသာဂုဏ်ထူးရရှိသူ(၇) ဦး၊ (၁)ဘာသာဂုဏ်ထူးရရှိသူ (၇)ဦးဖြစ်ရာ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင် သူစုစုပေါင်း (၂၆)ဦးဖြစ်ပြီး ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဆုများချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ယခုနှစ်အတွင်း ပညာသင်ထောက်ပံ့ကြေးအဖြစ် မူလတန်းတစ်ဦးလျှင် ၆၀၀၀ကျပ်၊ အလယ်တန်းတစ်ဦးလျှင် ၈၀၀၀ကျပ်၊ အထက်တန်းတစ်ဦးလျှင် ၁၀၀၀၀ကျပ်ကိုလည်းကောင်း၊ တက္ကသိုလ်အသီးသီးတွင် တက်ရောက် ပညာသင်ကြားနေကြသူများအတွက် ပညာသင်ထောက်ပံ့ကြေးအဖြစ် ယခုနှစ်တွင်အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တက်ရောက်နေသူများကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ အခြားတက္ကသိုလ်များနှင့် အဝေးသင်တက္ကသိုလ်တက်ရောက်နေသူများကို တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထောက်ပံ့ချီးမြှင့်ပေးခဲ့သည်။ ထို့အပြင် မန်နေဂျာအဆင့် နှင့် အောက်ငွေကြေးမပြည့်စုံသည့်ဝန်ထမ်းများ၏ သားသမီးများထဲမှ အသက်မွေးဝမ်းကြောင်း တက္ကသိုလ်တစ် ခုခုတက်ရောက်နေသူများကိုလည်း ပညာသင်စရိတ်လျော်ကြေးထားစေပြီး ၂၀၁၃ ခုနှစ်မှစ၍ နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ ယခုနှစ်ဆိုလျှင် ပညာသင်စရိတ်ရရှိသူ ဝန်ထမ်းသားသမီး(၁၃) ဦးကို တစ်ဦးလျှင်တစ်လ (၅)သောင်းနှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရသည်။


သတင်းအဖွဲ့.















telenor STAR

စတားအဆင့်ကိုသိရန် 2345 သို့ STAR ဟုရိုက်နှိပ်ကာ SMS ပေးပို့ပါ။ 2121သို့ အထက်ဖော်ပြပါ သက်ဆိုင်ရာ SMS ကုဒ်ကိုပေးပို့ပြီး ဆုလက်ဆောင်ကိုရယူပါ။ အသေးစိတ်အချက်အလက်ကို သိရှိရန် www.telenor.com.mm/telenorstar မှာ ဝင်ရောက်ကြည့်ရှုပါ။

Grab Thone Bane ကို မန္တလေးမြို့တွင် အပြည့်အဝ ဝန်ဆောင်မှုပေးမည်



အရှေ့တောင်အာရှဒေသထိပ်တန်း online-to-offline(O2O)မိုဘိုင်းပလက်ဖောင်းတစ်ခုဖြစ်သည့် Grab ကမန္တလေးမြို့တွင် သုံးဘီးအငှားယာဉ်ဝန်ဆောင်မှု GrabThone Bane ကို အပြည့်အဝပြေးဆွဲပေးလိုက်ပြီဖြစ်သည်။

Grabအနေဖြင့် Grab Thone Bane ဝန်ဆောင်မှုကို ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ယာဉ်မောင်းအနည်းငယ်ဖြင့် စတင်စမ်းသပ်ပြေးဆွဲခဲ့ရာ မိတ်ဖက်ယာဉ်မောင်းများနှင့်ခရီးသည်များထံမှ မှတ်ချက်ကောင်းများစွာ လက်ခံရရှိခဲ့သည်။

ထို့ပြင် Grab Thone Bane သည်မန္တလေးမြို့တော်ရှိ နေ့စဉ်လူပ်ရှားသွားလာနေရသူများအတွက် ယုံကြည်စိတ်ချစွာဖြင့် ပိုမိုလုံခြုံမှုရှိစွာသွားလာနိုင်မည့် သယ်ယူပို့ဆောင်ရေးစနစ်တစ်ခုကို ပေးအပ်လျက်ရှိရာ လွန်ခဲ့သည့် လအနည်းငယ်အတွင်း Grab မိုဘိုင်းအက်ပလီကေးရှင်းကို အသုံးပြုကာ ပုံသေဈေးနှုန်းဖြင့် သက်တောင့်သက်သာရှိသော Grab Thone Bane ခရီးစဉ်ငှားရမ်းသည့်ခရီးသည်အရေအတွက်မှာ တစ်စထက်တစ်စများပြားလာသည်။

ထိုသို့ ပိုမိုများပြားလာသည့်ခရီးသွားပြည်သူများအတွက် ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးအပ်နိုင်ရန် စီစဉ်လုပ်ဆောင်ထားပုံများနှင့် ပတ်သက်၍ Grab Myanmar ၏ Acting Country Manager ဖြစ်သူ Alvin Lohu“ က သုံးဘီးအငှားယာဉ်ဝန်ဆောင်မှုကို မန္တလေးမြို့အပါအဝင် ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံတွေမှာလည်းပြေးဆွဲနေပြီး Grab Thone Bane ဝန်ဆောင်မှုဟာကုန်ပစ္စည်း၊ အထုပ်အပိုးတွေနဲ့ နေ့စဉ်သွားလာနေရသူတွေ၊ အိမ်အတွက်ဈေးဝယ်ထွက်သူတွေ၊ မိသားစု၊ ချစ်သူခင်သူတွေအပါအဝင် ပြည်တွင်းပြည်ပခရီးသွားတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးဖို့ရည်ရွယ်ထားပါတယ်။ ခရီးသည်တွေအနေနဲ့ ဈေးဆစ်စရာမလိုတော့ဘဲ အပ်ပလီကေးရှင်းနဲ့ယာဉ်ပွားရမ်းနိုင်ပြီး မိနစ်ပိုင်းအတွင်းမှာ Grab Thone Bane ယာဉ်မောင်းကမိမိနေရာအရောက် လာရောက်ခေါ်ဆောင်ပေးမှာဖြစ်တဲ့အတွက် သွားလာရေးမှာ ပိုပြီးအဆင်ပြေချောမွေ့စေမှာဖြစ်ပါတယ်။ ခရီးသည်တွေအတွက်အကောင်းဆုံးဝန်ဆောင်မှု ပေးအပ်နိုင်ဖို့ သေချာအောင် Grab မိတ်ဖက်ယာဉ်မောင်းတွေကို အသေးစိတ်ကြပ်မတ်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်” ဟုပြောသည်။

စမ်းသပ်ပြေးဆွဲစဉ်ကာလတင် Grab က Grab Thone Baneယာဉ်မောင်းအုပ်စုတစ်စုနှင့်အတူ စတင်ပြေးဆွဲလည်ပတ်ခဲ့ပြီး ယာဉ်မောင်းများသည် ခရီးသည်များ၏ဝေဖန်အကြံပြုချက်များအပေါ် အခြေခံပြီး Grab Thone Bane ဝန်ဆောင်မှုကို ပိုမိုအဆင်ပြေချောမွေ့အောင်လုပ်ဆောင်ခဲ့ပြီး ယခုအခါ အပြည့်အဝဝန်ဆောင်မှုပေးခြင်းများ စတင်လုပ်ဆောင်ပြီဖြစ်သည်။

အိမ်စည်

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် URC (Myanmar) ကုမ္ပဏီ JACK 'n Jill မိသားစုမှ ကူညီလှူဒါန်း

မကြာမီရက်ပိုင်းအတွင်းက မိုးသည်းထန်စွာရွာသွန်းခြင်းနဲ့ မြစ်ရေများမိုး ရိမ်ရေမှတ်ထက်ကျော်လွန်မြင့်တက်လာခြင်းတို့ကြောင့် ရကြီးရေမြေပ်မှု သဘာဝဘေးဒဏ်ခံစားနေရသည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးရှောင်ပြည်သူများကို Universal Robina Corporation (URC) Myanmar Jack and Jill မိသားစု က ဩဂုတ်လ ၂ ရက်တွင် အသင့်စားမုန့်နှင့် အစားအသောက်များ သွားရောက်လှူဒါန်းခဲ့သည်။

ပဲခူးမြို့မှာရှိတဲ့ ရေဘေးဒုက္ခခံစားနေရသူ ပြည်သူတွေလက်ရှိခိုလှုံနေထိုင်ရာ ပဲခူးမြို့ရွှေမော်ဓောဘုရားအနီးသို့သွားရောက်ပြီး ငွေကျပ်သိန်းဝက်တာန်ဖိုးရှိ Universal Robina Corporation (URC) Myanmar, Jack and Jill မှ ထုတ်လုပ်သော အသင့်စား စားသောက်ဖွယ်ရာများကို သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ရေဘေးဒဏ်သင့်ပြည်သူများအနေနှင့် နေရေးစားရေးဒုက္ခရောက်နေရကြောင်း ချက်ပြုတ်ဖို့မလိုပဲ အာဟာရပြည့်ဝတဲ့ အစားအစာတွေ ကို အလွယ်တကူစားသောက်ရစေရန် အတွက် ပျော်ရွှင်ခြင်းနှင့်အတူ အခုလိုအားပေးနှစ်သိမ့်လိုသည့် ရည်ရွယ်ချက်ဖြင့် အသင့်စားအစားအသောက်များကို လှူဒါန်းရခြင်းဖြစ်သည်။

မကြာမီရက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေများစိုးရိမ်ရေဝေ၂၈၀၉ ဦး ရေဘေးဒုက္ခကိုခံစားနေရပြီး ပဲခူးတိုင်းဒေသကြီးအစိုးရက ကယ်ဆယ်ရေးစခန်း စုစုပေါင်း ၂၀၄ စခန်းကို ဖွင့်လှစ်ထားကြောင်း သိရသည်။

Universal Robina Corporation(URC) သည် အစားအစာနှင့် အဖျော်ယမကာများ ထုတ်လုပ်သည့် ဖိလစ်ပိုင်နိုင်ငံ၏ ကြီးမားသောအမှတ်တံဆိပ်ဖြစ်ပြီး အာဆီယံဈေးကွက်မှာ ထင်ရှားသည့်ထုတ်ကုန်ဖြစ်ကြောင်း URC ကုမ္ပဏီသည် အရည်အသွေးကောင်းမွန်သော စားသောက်ကုန်များကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာနိုင်ငံအနှံ့တွင် စားသောက်ကုန်အမှတ်တံဆိပ်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီဖြစ်သည်။

ကျော်ကျော်

Monst Energy's ၏ Mutant စွမ်းအားဖြည့်အချို့ရည်သစ် မိတ်ဆက်

လူငယ်များအတွက် ခွန်အားဖြစ်စေမည့် Mutant စွမ်းအားဖြည့်အချို့ရည်သစ်ကိုဈေးကွက်အတွင်း ဇူလိုင်လ(၂၇)ရက်က စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။

အဆိုပါ စွမ်းအားဖြည့်အချို့ရည်သည်အမေရိကန်နိုင်ငံတွင် နာမည်ကျော်ကြားသည့် Monster Energy Company မှ Brand တစ်ခုဖြစ်ပြီး ပြည်တွင်းသို့ Coca-Cola Pinya Beverages Myanmar နှင့်ပူးပေါင်းဖြန့်ချိခြင်းဖြစ်ကြောင်း သိရသည်။

ဒီပွဲက energy drink sector တွေထဲမှာ Mutant ကို စဖြန့်တဲ့ရက်ဖြစ်ပါတယ်။ Mutant က ယူအက်စ်မှာအကောင်းဆုံး ကုမ္ပဏီဖြစ်တဲ့ Monster Energy ကုမ္ပဏီကထုတ်လုပ်တဲ့ အားဖြည့် အချို့ရည်ဖြစ်ကြောင်း၊ အဲဒါ ကိုမြန်မာပြည်တွင်းကစားသမားတွေ ကြိုက်နှစ်သက်မှာပါ၊ ပြည်တွင်းမှာ အရသာနှစ်မျိုးဖြစ်တဲ့ လိမ္မော်နှင့်စတော်ဘယ်ရီကို မိတ်ဆက်ပေးခဲ့ကြောင်း၊ Mutant ရဲ့အားသာချက်ကတော့ Brand ရှိပြီး ကမ္ဘာကသိတဲ့အောင်မြင်ပြီးသား Brand ဖြစ်သလို Product ရဲ့ အရသာကွာလတီနဲ့အရည်အသွေးကိုလည်း နိုင်ငံတကာကလက်ခံပြီးသား အောင်မြင်မှုရရှိပြီးသားပါ၊ အဲဒါကြောင့်တစ်ခြားကောင်းတဲ့ထုတ်ကုန်တွေ ပြည်တွင်းမှာရှိပေမယ့် အားသာချက်ရှိတဲ့ဒီပစ္စည်းနဲ့လေးလေးစားစား ယှဉ်ပြိုင်အနိုင်ယူသွားမှာပါဟု Coca-Cola Pinya Beverages Myanmar မှ CEO Gaurav Chaturvedi ကပြောသည်။



Monster Energy ကို နိုင်ငံပေါင်း (၁၂၅)နိုင်ငံတွင် ရရှိနိုင်မည်ဖြစ်ပြီး Mutant Fruity (အဝါရောင်)နှင့် Strawberry (အနီရောင်)တို့ကို ပြည်တွင်း၌ထုတ်လုပ် ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

Grand Wynn Group of Companies ကုန်ပစ္စည်းများ မြန်မာကလေးများပွဲတွင် ရောင်းချ

မြန်မာကလေးများ ပွဲတော်ကို၊ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ဇူလိုင်လ (၂၇)ရက်မှ (၂၉)ရက်အထိကျင်းပခဲ့ရာ Grand Wynn Group of Companies မှ နိုင်ငံတကာအဆင့် အရည်အသွေးမြင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချပေးခဲ့ကြောင်းသိရသည်။

အဆိုပါပွဲတွင် Grand Wynn Group of Companies မှ တင်သွင်းသော Mother's Choice ၊ မာဂျရင်း၊ စပိန်နိုင်ငံထုတ် Pascual ဒိန်ခဲချဉ်နှင့်ပူတင်းမိုးစုံ၊ ဒိန်မတ်နိုင်ငံထုတ် Arla အမှတ်တံဆိပ် Chess မိုးစုံ၊ ဂျာမနီနိုင်ငံထုတ် Milcow အမှတ်တံဆိပ်နွားနို့တို့ကို အထူးဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း၊ မေတ္တာလက်ဆောင် အစီစဉ်များနှင့် ကလေးငယ်များအတွက် ပျော်ရွှင်စရာဆေးရောင်ခြယ်ပြိုင်ပွဲ အစီအစဉ်များပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ပွဲတွင်ရောင်းချသော ပစ္စည်းများဖြစ်သည့် Pascual, Arla, Milcow, Mother's Choice တို့ကို အမြို့မြို့ အနယ်နယ်ရှိ Shopping Center များစတိုးဆိုင်များနှင့် Grand Wynn Group of Companies မှဖွင့်လှစ်ထားသော Grand Food Mart (GF-M) ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ကျော်ကျော်



မြန်မာဘောလုံးဘုရင် စိန်ခေါ်ပွဲ ၂၀၁၈ ကျင်းပမည်

လူငယ်များ၏ ဘောလုံးစွမ်းရည်ကျွမ်းကျင်မှုများဖြင့် မြန်မာဘောလုံးဘုရင်စိန်ခေါ်ပွဲ ၂၀၁၈ပြိုင်ပွဲ (Myanmar Football King Challenge 2018) ကျင်းပမည်ဖြစ်ကြောင်း ဇူလိုင်လ (၃၁)ရက်မွန်းလွဲပိုင်း (၂)နာရီက ဂျန်ဂျင်းစီးတီးပရိုမိုးရှင်းဧရိယာ၌ ကျင်းပသောသတင်းစာရှင်းလင်းပွဲမှ သိရသည်။

ယခုကျင်းပမည့်ပုံစံက (၁၅)ပေပတ်လည်ကွင်းထဲမှာ တစ်ကိုယ်တော်စွမ်းရည်တွေနှင့် တစ်ယောက်ကိုတစ်ယောက်အနိုင်ရအောင် ယှဉ်ပြိုင်ကစားရမှာဖြစ်ကြောင်း၊ တစ်ကိုယ်တော်စွမ်းရည်များကို ပြသပြီးဗိုလ်ပွဲမှာအနိုင်ရသည့်သူကို မြန်မာဘောလုံးဘုရင်အဖြစ် သတ်မှတ်မှာဖြစ်ကြောင်း Myanmar Treasure Partners ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ကိုပြည့်စုံဖြိုးက ရှင်းပြသည်။

ပြိုင်ပွဲတွင် အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်း မည်သူမဆိုပြိုင်ပွဲဝင်ခွင့်ရရှိမည်ဖြစ်ပြီး ဩဂုတ်လမှစက်တင်ဘာလအတွင်း လျှောက်လွှာတင်ခွင့်ပြုထားကြောင်း၊ လျှောက်ထားရမည့်လိပ်စာနှင့် အချက်အလက်များကို တစ်ပတ်အတွင်းထုတ် ပြန်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန် - ဧရာဝတီဇုန်၊ မန္တလေးဇုန်၊ တောင်ကြီးဇုန်နှင့် မော်လမြိုင်ဇုန်၊ ဇုန်လေးဇုန်ခွဲပြီး၊ ဇုန်တစ်ဇုန်မှ ဆန်ခါတင်ရှစ်ယောက်စီရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ဆန်ခါတင် (၃၂)ယောက်အား ရန်ကုန်မြို့တွင်စခန်းသွင်း လေ့ကျင့်မှုများပြုလုပ်ပေးပြီး ပြိုင်ပွဲကိုဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း၊ နောက်ဆုံးအဆင့် ပြိုင်ပွဲကို (၃၂)ယောက်အဆင့်၊ (၁၆)ယောက်အဆင့်၊ ရှစ်ယောက်အ ဆင့်၊ လေးယောက်အဆင့် ယှဉ်ပြိုင်စေပြီး ဗိုလ်လုပွဲနှစ်ယောက်အဆင့် ပွဲစဉ်တွင် အနိုင်ရရှိသူသည် မြန်မာဘောလုံးဘုရင်အဖြစ် သတ်မှတ်ခံရမည်ဖြစ်သည်။

အနိုင်ဂိုးသုံးဂိုး ဦးဆောင်သွင်းနိုင်သူကို အနိုင်ရသူအဖြစ်ရွေးချယ်မှာဖြစ်ပြီး၊ (၃၂)ယောက်အဆင့်ဝင်သူများသည် အဆင့်အလိုက်ဆုကြေးများရရှိမည်ဖြစ်ကြောင်း၊ ဘောလုံးဘုရင်အဖြစ်ဗိုလ်ပွဲသူကို ဆုကြေးငွေကျပ် (၁၅) သိန်းချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို Myanmar Treasure Partners ကုမ္ပဏီက ဦးစီးကျင်းပခြင်းဖြစ်ပြီး မဖွံ့ဖြိုးတိုင်းကထုတ်လွှင့်မှုပါတနာအဖြစ် ကူညီမည်ဖြစ်ကြောင်း၊ အောက်တိုဘာလမှဒီဇင်ဘာလအထိ ကျင်းပမည်ဖြစ်ကြောင်း၊ မဖွံ့ဖြိုးတိုင်းမှ ကစားပုံများကိုထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ပို့ဆောင်ဆက်သွယ်ရေး သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
JP

ရေဘေးသင့်ပြည်သူများအတွက် 'Huawei Care Myanmar' မှ စားသောက်ကုန်များ သွားရောက်လှူဒါန်း



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ဒေသခံ ၁သိန်းကျော်ခန့် နေအိမ်များစွန့်ခွာခဲ့ရသည့် ပဲခူးတိုင်းအတွင်းရှိ မြို့ (၁၀)မှ ရေဘေးသင့်ပြည်သူများအတွက် 'Huawei Care Myanmar' မှ ဆန်အိတ်များအပါအဝင်ကျပ် (၅၇၆)သိန်းနှင့် ညီမျှသော စားသောက်ကုန်များကို ဩဂုတ်လ (၂)ရက်နေ့တွင်သွားရောက်လှူဒါန်းခဲ့သည်။ ယခုလှူဒါန်းမှုသည် (၂၀၁၈)ခုနှစ်အတွင်း မွန်ပြည်နယ်၊ ရေးမြို့သို့ စားသောက်ကုန်နှင့် သက်ကယ်အကျီလှူဒါန်းမှုအပြီး ရေဘေးသင့်ပြည်သူများအတွက် Huawei Care Myanmar ၏ ဒုတိယအကြိမ်လှူဒါန်းမှုဖြစ်သည်။

ယခုကြုံတွေ့ရလျက်ရှိသည့် ရေဘေးအတွင်း ရေဘေးဒုက္ခခံစားနေရသူများအား Huawei Care Myanmar မှ ပဲခူးတိုင်းဒေသကြီးအတွက် ဆန်အိတ် (၁၅၀၀)၊ ခေါက်ဆွဲခြောက် (၃၆၀၀၀)ပါကင်နှင့် ရေသန့် (၁၉၂၀၀) ဗူးစသည်တို့ကို သွားရောက်လှူဒါန်းခဲ့သည်။

လှူဒါန်းမှုနှင့်ပတ်သက်ပြီး Huawei Myanmar ၏ CEO ဖြစ်သူ Mr. Zhang Liman က "ကျွန်တော်တို့ လုပ်ငန်းလည်ပတ်နေတဲ့စိတ်တွေဟာ ရေဘေးဒဏ်ခံစားနေရတဲ့ မိသားစုတွေနဲ့အတူရှိနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့လုပ်ငန်း လည်ပတ်နေတဲ့ ဒီနိုင်ငံရဲ့လတ်တလောကြုံတွေ့နေရတဲ့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့တတ်နိုင်တဲ့ဖက်က ကူညီခြင်းအားဖြင့် ကျွန်တော်တို့ရဲ့ စိုးရိမ်မှသဘောထားကို ဖော်ပြတာဖြစ်ပါတယ်။ ရေဘေးခံစားနေရတဲ့ မွန်ပြည်နယ်၊ ရေးမြို့အတွက်လည်း ကျွန်တော်တို့စားသောက်ကုန်နဲ့ အသက်ကယ်အကျီတွေ လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာလည်း ပဲခူးတိုင်းဒေသကြီးတွင်းက ရေဘေးသင့်ပြည်သူတွေအတွက် အထောက်အပံ့ဖြစ်မယ့်ပစ္စည်းတွေကို တိုင်းဒေသကြီးအစိုးရကတစ်ဆင့် လှူဒါန်းပေးတာဖြစ်ပါတယ်။ တာဝန်သိပြည်သူတစ်ဦးအနေနဲ့ Huawei ဟာ တတ်နိုင်တဲ့ဖက်ကနေ တတ်နိုင်သလောက် လှူဒါန်းမှုတွေဆက်လက်ပြီး ပြုလုပ်သွားမှာပါ။ ရေတွေ့အမြန်ဆုံးပြန်ကျပြီး ရေဘေးသင့်ပြည်သူတွေရဲ့ နေ့စဉ်ဘဝတွေ အမြန်ဆုံးပြန်လည်အဆင်ပြေနိုင်ပါစေလို့လည်း ဆုတောင်းပါတယ်"ဟုပြောကြားခဲ့ကြောင်းသိရသည်။

ကျော်ကျော်

ORADIAN အသေးစား ချေးငွေလုပ်ငန်းနည်းပညာ မိတ်ဆက်

ORADIAN ကုမ္ပဏီသည် ဘဏ္ဍာရေးဆိုင်ရာ ဦးဆောင်သူများအတွက် အသေးစားချေးငွေလုပ်ငန်းနည်းပညာမိတ်ဆက်ပွဲကို ရန်ကုန်မြို့ Junction City ရှိ Pan Pacific ဟိုတယ်တွင် ဩဂုတ် လ ၂ ရက် ညနေက Networking Event ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ၏ အသေးစားချေးငွေ နည်းပညာကျွမ်းကျင်သူများက လူအများကြားရေပန်းစားလျက်ရှိသော ခေါင်းစဉ်များဖြစ်သည့် Cloud အခြေပြုဘဏ်စနစ်များ၊ ကျေးလက်ဒေသနေ ပြည်သူတို့ ရရှိနိုင်မည့် အခွင့်အလမ်းများနှင့် မိုဘိုင်းအသုံးပြု အသေးစားချေးငွေများအကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထိုသို့ပြောကြားရာတွင် နိုင်ငံသားများနှင့် စွန့်ဦးတီထွင်သူများ၏ လုပ်ငန်းများအား ရေရှည်တည်တံ့စေရန် ကူညီပေးမည့်ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုရှုထောင့်မှ ပြောကြားခဲ့ခြင်းဖြစ်သည်။

အသေးစားချေးငွေဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးဖြစ်သည့် ဒေါ်ဖြူယမင်းမြတ်၊ မြန်မာနိုင်ငံရှိ ORDIAN ၏ Business Development မန်နေဂျာ Constantin Clement နှင့်ကုလသမဂ္ဂဒစ်ဂျစ်တယ်ငွေကြေးအတိုင်ပင်ခံတစ်ဦးဖြစ်သည့် Steve Haley တို့ကပြောကြားခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရှိ Ordian ၏ Business Development မန်နေဂျာဖြစ်သော Mr. Constantin Clement က "ယခုညနေခင်းမှာ ကျင်းပပြုလုပ်တဲ့ပွဲမှတဆင့် Ordian ကို မြန်မာနိုင်ငံမှာ ပထမဆုံးမိတ်ဆက်ပြီး ယခုလို အထင်ကရမှတ်တိုင်စိုက်ထူနိုင်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ အလွန်ဝမ်းမြောက်မိပါတယ်။ မြန်မာပြည်သူများ ကောင်းကျိုးဖြစ်ထွန်းစေဖို့ ရည်ရွယ်ပြီး အရှေ့တောင်အာရှ နယ်ပယ်တွေမှာ အောင်မြင်နေပြီးဖြစ်တဲ့ ကျွန်ုပ်တို့ရဲ့ Instafin စနစ်နဲ့အတူ Ordian ရဲ့ဒစ်ဂျစ်တယ်နည်းပညာများကို ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများကတစ်ဆင့် "အချိန်နှင့် ငွေကုန်သက်သာစေမယ့် api အသုံးပြုမှုနှင့် cloud အခြေပြု ငွေကြေးဆိုင်ရာ နည်းပညာအပိုင်းကို မြန်မာနိုင်ငံမှာ အကန့်အသတ်မရှိထောက်ပံ့ပေးနိုင်မယ်လို့ ကျွန်တော်တို့ ယုံကြည်ခံစားမိပါတယ်"ဟုပြောကြားခဲ့သည်။

Ordian ၏ အရှေ့တောင်အာရှဒေသပိုင်းဆိုင်ရာ Business Development Manager Mr. Matija Karuala က "မြန်မာနိုင်ငံမှာ ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေအများကြီးရှိနေပေမယ့် ရှေးရိုးစွဲဘင်္ကစနစ်ကနေ အင်တာနက်အသုံးပြုမှုဘိုင်းငွေကြေးစနစ်ကို သိသိသာသာအသွင်ကူးပြောင်းခြင်းဖြင့် ငွေကြေးဆိုင်ရာပါဝင်မှုတွေမှာ ရှေ့ကဦးဆောင်နိုင်တဲ့အနေအထားကို ရောက်ရှိလိုတာကိုတွေ့ရပါတယ်"ဟုပြောကြားခဲ့ကြောင်းသိရသည်။

ကျော်ကျော်

လန်ဒန်လေကြောင်းပြပွဲ၌ Boeing၊ Airbus နှင့် ဒေါ်လာ (၁၉) ဒသမ (၂) ဘီလျံတန်ဖိုးရှိ သဘောတူစာချုပ်များ Vietjet ချုပ်ဆို

ခေတ်သစ်လေကြောင်းလိုင်း Vietjet က ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်တွင် လန်ဒန်၌ ကျင်းပပြုလုပ်ခဲ့သော ၂၀၁၈ Farnborough နိုင်ငံတကာလေကြောင်းပြပွဲတွင် ကမ္ဘာ့ထိပ်တန်း လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီများဖြစ်သည့် Boeing၊ Aribus တို့နှင့် လေယာဉ်မှာယူမှုဆိုင်ရာသဘောတူစာချုပ်နှစ်ခု ချုပ်ဆိုခဲ့ကြောင်း ဇူလိုင်လ (၂၄)ရက် သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထိုလေကြောင်းပြပွဲတွင် စုစုပေါင်းအမေရိကန်ဒေါ်လာ (၁၂) ဒသမ (၇) ဘီလျံတန်ဖိုးရှိ Boeing 737 Max အစီးရေ ၁၀၀ မှာယူသည့်သဘောတူစာချုပ်၌ Vietjet ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Nguyen Thi Phuong Thao နှင့် Boeing Commercial Airplane ၏ အမှုဆောင်အရာရှိချုပ် Kevin McAllister တို့က လက်မှတ်ရေး ထိုးခဲ့ကြသည်။

Boeing ထံမှ လေယာဉ်မှာယူမှုသဘောတူစာချုပ်သစ်သည် Vietjet မှ အာရှပစိဖိတ်ဒေသနှင့် ကမ္ဘာတစ်လွှားတွင် ၎င်း၏ ဖွံ့ဖြိုးတိုးတက်လာသော မိတ်ဖော်ငှားမိတ်သစ်များကို ပိုမိုဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ကြောင်း ယခုကာလမှ ၂၀၂၅ ခုနှစ်တိုင် Vietjet လေကြောင်းမှ လေယာဉ်များ၏ ခေတ်နှင့်လျော်ညီခြင်း၊ အချိန်ကိုက်လှုပ်ရှားနိုင်ခြင်းနှင့် ဆီစားသက်သာမှုတို့ကို ပိုမိုကောင်းမွန်စေမည်ဖြစ်သည်။

"Vietjet ဟာ ကျွန်တော်တို့ရဲ့ 737 Max 10 လေယာဉ်အမျိုးအစား ကို ယခုနောက်ဆုံးဝယ်ယူအားပေးသူ ဖြစ်လာတာမို့ Vietjet နဲ့ ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေဖို့ ကျွန်တော်တို့ ကတိပြုပါတယ်။ အခုလို ထပ်မံမှာယူတဲ့ ဒီကနေ့သဘောတူညီချက်က 737 Max လေယာဉ်တွေရဲ့ စွမ်းဆောင်ရည်မြင့်မားမှု၊ အကောင်းဆုံးဖြစ်မှုကို သက်သေပြလိုက်တာပဲ ဖြစ်ပါတယ်" ဟု Boeing Cmmercial Airplanes ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Kevin McAllister က ပြောကြားခဲ့သည်။

ကျော်ကျော်


ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အသည်းရောင်ရောဂါကင်းဝေးရေး ဝိုင်းဝန်းရှာဖွေစစ်ဆေးပေး

ဇူလိုင်လ ၂၈ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့အသည်းရောင်အသားဝါနေ့ အထိမ်းအမှတ်ကိုရည်ရွယ်၍ မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့မှ ဥက္ကဋ္ဌ၊ ပါမောက္ခ ဗိုလ်မှူးကြီး ကျော်စိုးထွန်းမှ အဖွင့်အမှာစကားနှင့် ဤအခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ရန်ကုန်အထူးကုဆေးရုံကြီး အသည်းဌာနမှ ပါမောက္ခ/ဌာနမှူး Prof; ဝင်းနိုင်မှ အသည်းရောင်ရောဂါကင်းဝေးရေး ဝိုင်းဝန်းရှာဖွေ စစ်ဆေးပေး ဆောင်ပုဒ်နှင့်အညီ အသည်းရောင်အသားဝါ ဘီနှင့် စီတို့ကို ၂၀၃၀ တွင် လုံးဝပျောက်ရေးနှင့် ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြောက်ဥက္ကလာ အထွေထွေဆေးရုံကြီး အသည်းဌာနမှ ပါမောက္ခ/ဌာနမှူး Prof; ဝင်းဝင်းဆွေမှ ဆက်လက်၍ Liver Foundation နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးတင်ပြခဲ့ပါသည်။

ဤပွဲဖြစ်မြောက်ရေးနှင့် ရောဂါရှာဖွေစစ်ဆေးရေးအတွက် ပံ့ပိုးကူညီခဲ့သော Livolin FORTE (MEGA Lifesciences Ltd.) မှ ဥက်း၏ ရောဂါရှာဖွေရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးတင်ပြခဲ့ပြီးနောက် စာနယ်ဇင်းအသီးသီးမှ မေးမြန်းသောမေးခွန်းများကို မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်အူလမ်းကြောင်းနှင့် အသည်းဆေးပညာအဖွဲ့မှ ဖြေကြားပေးခဲ့ကြောင်း သိရှိရသည်။

ကျော်ကျော်

Transcom News journal Cartoons



Grab က အငှားယာဉ်မျှဝေစီးနင်းနိုင်သည့် GrabShare ရန်ကုန်တွင် မိတ်ဆက်



အရှေ့တောင်အာရှ၏ ထိပ်တန်း online-to-offline (O2O) မိုဘိုင်းပလက်ဖောင်းတစ်ခုဖြစ်သည့် Grab က လမ်းကြောင်းတူ ခရီးစဉ်များအတွက် ခရီးသည်အချင်းချင်း ချိတ်ဆက်ပေးသည့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး ဝန်ဆောင်မှုကို ဇူလိုင်လ ၃၁ ရက်၊ နံနက်က မိတ်ဆက်လိုက်သည်။ GrabShare သည် ခရီးသည်များအတွက် ရန်ကုန်မြို့တွင်း သွားလာရန်အကောင်းဆုံး နည်းလမ်းအသစ်တစ်ခုဖြစ်ပြီး မြို့တော်၏ ယာဉ်ကြောပိတ်ဆို့မှုပြဿနာ လျော့နည်းသွားစေရန် ပံ့ပိုးကူညီပေးနိုင်မည်ဖြစ်သည်။ GrabShare သည်ဦးတည်ရာလမ်းကြောင်းတူသည့် ခရီးသည်များကို ယာဉ်မောင်းတစ်ဦးတည်းဖြင့် ချိတ်ဆက်ပေးပြီးနောက် ခရီးစဉ်များကို တစ်ပြိုင်နက် လိုက်လံပို့ဆောင်ပေးမည်ဖြစ်ရာ ခရီးသည်များအား မိမိတို့၏ GrabTaxi ခရီးစဉ်များကို မျှဝေစီးနင်းရန် တိုက်တွန်းထားကြောင်းသိရသည်။

ရန်ကုန်မြို့တွင် နေ့စဉ်သွားလာနေသူများမှာ အထူးသဖြင့် ယခုကဲ့သို့ မိုးရာသီတွင် ယာဉ်ကြောပိတ်ဆို့မှုပြဿနာကို အမြဲလိုလို တွေ့ကြုံခံစားနေကြရပြီး ခရီးသွားပြည်သူ ၃၀ရာခိုင်နှုန်းမှာ တစ်ရက်လျှင် ၃ နာရီကျော်၊ တစ်နှစ်လျှင် ၄၅ ရက်ခန့်ယာဉ်ပေါ်တွင် အချိန်ကုန်နေရကြောင်း GrabShare ဖြင့် GrabTaxi အရေအတွက်ကို အသုံးချပြီး ခရီးသည်များ ဂ်ားရမ်းလိုသည့် အကြောင်းရေးများကို ပြည့်မီနိုင်မည်ဖြစ်သောကြောင့် လမ်းမထက်ရှိ မော်တော်ယာဉ်အရေအတွက် လျော့ချရာတွင် အထောက်အကူဖြစ်နိုင်ကြောင်း လမ်းကြောင်းတူခရီးသည်များဖြင့် မျှဝေစီးနင်းရသောကြောင့် ခရီးသွားလာချိန် အနည်းငယ်ကြာမြင့်နိုင်သော်လည်း ပိုမို သက်သာသော ဈေးနှုန်းဖြင့်သွားလာနိုင်မည်ဖြစ်သည်။

ယာဉ်မောင်းများမှာလည်း Grab Share ဖြင့် ခရီးလမ်းတစ်ခုအတွက် ကုန်လွန်ရသောအချိန်နှင့် သုံးရသည့် လောင်စာဆီ ပမာဏအတိုင်း အသုံးပြုရုံနှင့် အလုပ်တစ်ခုထက်မက ပိုမိုပြီးမြောက်နိုင်သောကြောင့် ဝင်ငွေပိုမိုရှာဖွေနိုင်မည့် အခွင့်အလမ်းများရရှိလာမည်ဖြစ်သည်။

ခရီးသည်တစ်ဦးသည် Grab Share ခရီးစဉ်တစ်ခုကို စတင်နိုင်ရန် Grab အက်ပလီကေးရှင်းတွင် ဝန်ဆောင်မှုအမျိုးအစား ရွေးချယ်နိုင်ပြီး GrabShare က အခြားနေရာတစ်ခုမှ သင်နှင့် လမ်းကြောင်းတူခရီးသည်တစ်ဦးနှင့် မျှဝေစီးနင်းနိုင်ရန် ရွေးချယ်ချိတ်ဆက်ပေးမည်ဖြစ်သည်။ ဂ်ားရမ်းပုံအဆင့်ဆင့်မှာ - အက်ပလီကေးရှင်းတွင် လာကြိုရမည့်နေရာကို တိတိကျကျ ရွေးချယ်ပေးပြီး ထိုမှသာ ယာဉ်မောင်းမှ အချိန်တိုအတွင်းလာရောက်ကြိုပေးနိုင်မည်ဖြစ်သည်။ ယာဉ်မောင်းမှ ၃ မိနစ်အထိသာ စောင့်ဆိုင်းပေးမည်ဖြစ်ပြီး အလွယ်တကူ လာရောက်ကြိုနိုင်ရန် ယာဉ်မောင်းနှင့် ဆက်သွယ်ပြောဆိုနိုင်ပြီး မိမိနှင့်အတူ သူငယ်ချင်းတစ်ဦးကိုသာ ခေါ်ဆောင်လာနိုင်ပြီး ဘုတ်ကင်တစ်ခုတွင် ခရီးသည်အများဆုံး ၂ ဦးသာ ပါရှိရမည်။ သင်၏ ခရီးစဉ်အတွင်း မည်သည့်အချိန်မဆို အခြားခရီးသည်တစ်ဦးနှင့် ချိတ်ဆက်မိနိုင်သည်။ ယာဉ်မောင်းမှာ အက်ပလီကေးရှင်းတွင် ပြသထားသော ပို့ဆောင်ပေးရမည့်နေရာအစဉ်လိုက်သာ ပို့ဆောင်ပေးမည်ဖြစ်ပြီး နောက်ထပ်နေရာများတွင် ရပ်နားပေးမည်မဟုတ်ကြောင်း သိရသည်။ ကျော်ကျော်

မြန်မာဘရူဝါရီလိမိတက် ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်၏ (၂၄)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန်မြို့အမျိုးသား သွေးဌာနတွင် ဇူလိုင်လ (၃၁)ရက်က မြန်မာဘရူဝါရီလိမိတက်မှ ဝန်ထမ်းများနှင့်စီးပွားဖက်မိတ်ဆွေများ ကရုဏာနလုံးသားပိုင်ရှင် သွေးလှူရှင်များ၏စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခဲ့သည်။

မြန်မာဘရူဝါရီလိမိတက် ကရုဏာရှေးရှုမြန်မာမှု (Myanmar Care-re) အနေဖြင့် ကုမ္ပဏီမှခွဲမှတ်ထားသောရည်မှန်းချက်များတွင် ကျန်းမာသော လူနေမှုဘဝကိုမြှင့်တင်ပေးရမည်အချက်လည်း ပါဝင်ကြောင်းစုပေါင်းသွေးလှူပွဲများကို ကျင်းပပေးခြင်းဖြင့် ကရုဏာနှလုံးသားပိုင်ရှင်သွေးလှူရှင်များသည် မိမိတို့သွေးဖြင့်သူတစ်ပါး၏အသက်ကို ကယ်တင်နိုင်ရုံသာမက မိမိကိုယ်တိုင်သွေးလှူဒါန်းရမည်ဆိုသော စေတနာအသိကြောင့်မိမိကျန်းမာရေးကို ကိုယ်တိုင်ဂရုစိုက်လာကြကြောင်း ထို့အတွက်ကြောင့်ကျန်းမာသော လူနေမှုဘဝကိုမြှင့်တင်ပေးရာလည်းရောက်ကြောင်း အကျိုးကျေးဇူးများစွာရှိသော သွေးလှူပွဲများကိုမြန်မာဘရူဝါရီလိမိတက် ကရုဏာရှေးရှုမြန်မာမှု (Myanmar Care) အနေဖြင့် တစ်နှစ်လျှင် (၃)ကြိမ်နှုန်းဖြင့်ကျင်းပလာခဲ့ရာ (၂၄)ကြိမ်တိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

၂၀၁၈ခုနှစ် ဇွန်လ (၂၆)ရက်နေ့တွင် ပြည်မြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘက် ဇွန်လ (၂၇)ရက်နေ့တွင်မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသွေးလှူဘက်၊ ဇွန်လ (၂၈)ရက်နေ့တွင် နေပြည်တော် (နေပြည်တော်ဆေးရုံကြီး - ကတင်- ၁၀၀၀)သွေးလှူဘက်၊ ဇွန်လ (၂၉)ရက်နေ့တွင် တောင်ငူမြို့ပြည်သူ့ဆေးရုံကြီးသွေးလှူဘက်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဟသံတမြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘက်၊ ဇူလိုင်လ (၁၁)ရက်နေ့တွင် ပုသိမ်မြို့ပြည်သူ့ဆေးရုံကြီး သွေးလှူဘက်၊ ဇူလိုင်(၁၆)ရက်နေ့တွင် မော်လမြိုင်မြို့ပြည်သူ့ဆေးရုံကြီးနှင့် ဇူလိုင်လ (၁၇)ရက်နေ့တွင်၊ ဘားအံမြို့ပြည်သူ့ဆေးရုံကြီးသွေးလှူဘက်၊ ဇူလိုင်လ (၁၈)ရက်နေ့တွင် ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးသွေးလှူဘက်၊ ဇူလိုင်လ (၂၄)ရက်နေ့တွင် မြိတ်မြို့ပြည်သူ့ဆေးရုံကြီးသွေးလှူဘက်တွင် မြန်မာဘရူဝါရီလိမိတက်မှဝန်ထမ်းများနှင့် စီးပွားဖက်မိတ်ဆွေများ ကရုဏာနှလုံးသားပိုင်ရှင်သွေးလှူရှင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာဘရူဝါရီလိမိတက် ကရုဏာရှေးရှုမြန်မာမှု (Myanmar Care-re) အနေဖြင့် ကုမ္ပဏီမှခွဲမှတ်ထားသောရည်မှန်းချက်ဖြစ်သည့် လူမှုအဖွဲ့အစည်း ပိုမိုတိုးမြှင့်လာစေရန်စွမ်းဆောင်ပေးရမည်ဆိုသောကြောင့် သွေးလှူဒါန်းခြင်း တစ်ခုတည်းမဟုတ်ဘဲ၊ လူမှုပတ်ဝန်းကျင် အတွက်လည်း တတ်နိုင်သမျှ တစ်ဖက်တစ်လမ်းမှကူညီထောက်ပံ့မှုများနှင့် လှုထုအကျိုးပြုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၆ခုနှစ်မှစ၍ သွေးလှူပွဲများပြုလုပ်ခဲ့ရာ တစ်နှစ်ထက်တစ်နှစ်သွေးလှူဒါန်းသူများ ပိုမိုတိုးတက်လာခဲ့ပြီး ၂၀၁၈ခုနှစ်(၂၄)ကြိမ်မြောက် မြိတ်မြို့စုပေါင်းသွေးလှူဒါန်းပွဲအထိ မြန်မာဘရူဝါရီလိမိတက် ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်မှ စုစုပေါင်းသွေးပုလင်းပေါင်း (၂၀,၆၀၀)ပုလင်း လှူဒါန်းပြီးဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

ထမ်လုံဂူအား အထိမ်းအမှတ်ဂူအဖြစ်နံရံဆေးရေးပန်းချီများနှင့် ထားရှိမည်



ထိုင်းနိုင်ငံမယ်ဆိုင်ဒေသက ထမ်လုံဂူသည် ထိုင်းကလေး ၁၂ ဦးနှင့် နည်းပြတစ်ဦးတို့ ပျောက်ဆုံးသွားခြင်းနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းမှ လူများစိတ်ဝင်စားခြင်းကို ခံခဲ့ရသည့် အဆိုပါ၏ ဝင်ပေါက်နားတွင်အထိမ်း အမှတ်ပြတိုက်အဖြစ် တည်ဆောက်ရန်စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

ရက်ပေါင်းများစွာ ကယ်ဆယ်ရေးလုပ်ကိုင်ခဲ့ရသည့် ထိုနေရာတွင် ကလေး ၁၂ ယောက်ကို အသက်ကယ်ဆယ်နိုင်ရန်လမ်းပြခဲ့သည့် နည်းပြ၊ ကလေးများကို ကယ်ဆယ်ရင်း အသက်ဆုံးရှုံးခဲ့ရသည့် ထိုင်းနိုင်ငံရေတပ်မှအငြိမ်းစားတပ်ကြပ်ကြီး Suman Gunan နှင့်ကယ်ဆယ်ရေးတွင် ပါဝင်ကူညီခဲ့ကြသည့် နိုင်ငံတကာအဖွဲ့အစည်းများကို ဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်ဂူအဖြစ် ထားရှိရန်စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။

ထိုသို့လုပ်ဆောင်ရာတွင် ဂူပေါက်မှစ၍ ပြုပြင်တည်ဆောက်မှုများ လုပ်ဆောင်နေခြင်းဖြစ်ပြီး National Parks, Wildlife and Plant Conservation Department ၏အမှုဆောင်ညွှန်ကြားရေးမှူး Mr. Tunya Netithammakul က ဦးဆောင်နေခြင်းဖြစ်သည်။

အဆိုပါ ပရောဂျက်တည်ဆောက်ခြင်းအခမ်းအနားကို ယင်းပရောဂျက် စီစဉ်နေသည့် ထိုင်းနိုင်ငံနိုင်ငံတော် Visual Artist တစ်ဦးဖြစ်သည့် Chalermchai Kositpipat တက် ရောက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့အထိမ်းအမှတ်ဂူအဖြစ် တည်ဆောက်ရာတွင် ပြည်သူများလှူဒါန်းမှုများနှင့်အတူ Chalermchai Kositpipat၏ ကိုယ်ပိုင်ငွေကိုလည်း သုံးစွဲသွားမည်ဟုသိရသည်။

အိမ်စည်

» စာ-၈

ဘန်ကောက်မြန်မာနိုင်ငံဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတွင် စွမ်းအင်နှင့်လက်လီစီးပွားရေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကြောင်းဆွေးနွေးခဲ့

မြန်မာနိုင်ငံအတွင်းရှိ နောက်ဆုံးပေါ် ရင်းနှီးမြှုပ်နှံဆိုင်ရာ အခွင့်အလမ်းများနှင့် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြားရှိအရေးပါလှသည့် ပူးပေါင်းဆောင်ရွက်မှုများအကြောင်းကို ၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင် Shangri-La Bangkok ၌ကျင်းပခဲ့သည့် အဆင့်မြင့်ဆွေးနွေးပွဲတွင် အဓိကထား ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

"Myanmar Insight 2018" အခမ်းအနားအား ထိုင်းနိုင်ငံသံရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေး လုပ်ငန်းရှင်များအသင်း (Thai Busi -ness Association of Myanmar) တို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပွဲအခမ်းအနားသို့ Oxford Business Group (OBG) မှတာဝန်ရှိ ကိုယ်စားလှယ်များတက်ရောက်ခဲ့ပြီး မကြာမီတစ်ကမ္ဘာလုံး၌ဖြန့်ချိထုတ်ဝေသွားမည့် The Report :Myanmar 2019 အစီရင်ခံစာတွင် ပါဝင်သော အကြောင်းအရာများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးသွားခဲ့သည်။

တတိယအကြိမ်မြောက် ပြုလုပ်ခဲ့သည့် "Myanmar Insight 2018" အခမ်းအနားအား အရေးပါသောပုဂ္ဂိုလ်များအပါအဝင် အများပြည်သူနှင့်ပုဂ္ဂလိကကဏ္ဍအသီးသီးမှ ကိုယ်စားလှယ်စုစုပေါင်း (၆၀၀)ဝန်းကျင် တက်ရောက်ခဲ့ပြီး သက်ဆိုင်ရာခေါင်းစဉ်အလိုက် စကားဝိုင်းဆွေးနွေးပွဲများတွင်ဝင်ရောက် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာသည့် အစိုးရအရာရှိကြီးများတွင် အဖွင့်မိန့်ခွန်းပြောကြားပေးခဲ့သော မြန်မာနိုင်ငံပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်း၊ ထိုင်းနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး Dr. Pichet Durongkaveroj၊ မြန်မာနိုင်ငံဆိုင်ရာထိုင်းသံအမတ်ကြီး Mr. Jukr Boon-Long မြန်မာနိုင်ငံစက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်ဝင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မြန်မာနိုင်ငံလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စွမ်းအင်စီမံရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်၊ PT -TEP International ရန်ကုန်ရုံးခွဲ ၏ အထွေထွေမန်နေဂျာ Mr. Piya Sukhumpanumet၊ EGAT International ၏ President ဖြစ်သူ Mr. Watchara Hemruchatanun နှင့် City Mart Holding လုပ်ငန်းစု၏ ဘဏ္ဍာရေးဆိုင်ရာအရာရှိချုပ်ဖြစ်သူ Mr. Carl Crick တို့တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျော်ကျော်

ကမ်းချက်တွေနဲ့လုပ်ကြဖို့ စီစဉ်ဆောင်ရွက်ကြဖို့လိုပါတယ်။ နောက်တစ်ခုကမြစ်ထဲမှာလည်း အနည်တွေကမတရားများနေတဲ့အခါကျတော့ တူးတော့တူးရမယ်။ ဒါပေမဲ့ လိုအပ်သလောက်နဲ့ လိုအပ်တဲ့နေရာကိုပဲတူးရမယ်။ အဓိကပြောချင်တာကတော့ ရေဝေရေလဲဇရိယာမှာရှိတဲ့ အနည်အနစ်တွေကိုမြစ်ထဲမကျလာအောင် သစ်တောသစ်ပင်တွေပြန်လည်ဖြစ်ထွန်းလာဖို့ နောက်ပြီးတော့ တရားမဝင်သစ်တွေမထုတ်ဖို့၊ မလိုအပ်တဲ့နေရာတွေ (ကန့်သတ်ထားတဲ့နေရာတွေ) မှာသဲတူးတာတွေ ကျောက်စရစ်တွေ ရွှေ့၊ ကျောက်မျက်ရတနာတွေကို မတူးဖော်ဖို့အတာတ်နိုင်ဆုံးထိန်းချုပ်ဖို့လိုပါတယ်။ အဲ့ဒီလိုမျိုးတွေသာ မထိန်းသိမ်းနိုင်ဘူးဆိုရင် ကျွန်တော်တို့ဘယ်လောက်လုပ်လုပ် ဒီမြစ်တွေကောင်းလာစရာမရှိပါဘူး။

ဟုတ်ကဲ့ပါ။ အခုလိုမျိုးမန္တလေးတိုင်းဒေသကြီး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကိုသာမက အကြံပြုချက်များကိုပါ ပြည့်စုံစွာရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးများစွာတင်ပါတယ်ဆရာ။ သတင်းအဖွဲ့

ယခင်အပတ်မှအဆက်

မေး။ ။ဒီလိုအပ်ချက်အတွက် ဘယ်လိုနည်းလမ်းနဲ့ဖြေရှင်းသွားဖို့များ အစီအစဉ်ရှိသလဲဆိုတာကိုလည်း သိချင်ပါတယ်ရှင်။

ဖြေ။ ။အခုလက်ရှိကတော့ ဂျပန်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအနေနဲ့ ပြီးခဲ့တဲ့စီမံချက်ကိုပဲ နောက်ဆက်တွဲလိုအပ်ချက်တွေကို လေ့လာအကဲဖြတ်ဖို့တော့ အစီအစဉ်တော့ရှိတယ်။ ကျွန်တော်သိသလောက်ကတော့ ဂျပန်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီကနေပြီးတော့ ပြီးခဲ့တဲ့ လုပ်ငန်းစီမံချက်ကို နောက်ထပ်အကောင်အထည်ဖော်နိုင်ဖို့အတွက် နောက်ထပ်လာပြီးတော့ လေ့လာအကဲဖြတ်ဆန်းစစ်ဖို့အဖွဲ့ မကြာခင်လာမယ်လို့သိထားပါတယ်။ဘာပဲပြောပြော ကျွန်တော်တို့ အဆင့်မြင့်တိုင်းထွာစောင့်ကြည့်ရေးပစ္စည်းတွေ၊ အလိုအလျောက်တိုင်းထွာရေးပစ္စည်းကိရိယာတွေ၊ ရေရှည်တည်တံ့ပြီး ကြာကြာအသုံးပြုနိုင်အောင် စောင့်ရှောက်ထိန်းသိမ်းဖို့တော့ တာဝန်ရှိကြပါတယ်။ တစ်ဖက်မှာလည်း ဒီလိုပြုပြင်ထိန်းသိမ်းတဲ့နေရာမှာ ဒီအတွက်ကုန်ကျစရိတ်တွေလည်းရှိတယ်။ ဒီအတွက် ကျွန်တော်တို့က ရန်ပုံငွေအကန့်အသတ်တွေရှိသော်လည်း မဖြစ်မနေသုံးရမယ့် ကုန်ကျစရိတ်တွေဖြစ်လို့ ရင်းနှီးမြှုပ်နှံမှုလို့ သဘောထားပြီးတော့ ကျွန်တော်တို့ကတင်ပြဆောင်ရွက်သွားမယ်လို့ စဉ်းစားထားပါတယ်။

မေး။ ။အခုကမိုးလယ်ကာလကိုလည်း ရောက်ရှိနေပြီဆိုတော့ မိုးလယ်ကာလအတွက် ခန့်မှန်းချက်တွေကိုသိချင်ပါသေးတယ်ဆရာ။

ဖြေ။ ။ဌာနအနေနဲ့ခန့်မှန်းချက်တွေကို ရက်တို၊ ရက်လတ်မှာ (၂)ရက်အတွက် ခန့်မှန်းချက်တို့ (၅)ရက်ခန့်မှန်းချက်တွေကလည်း အရင်ထက်ပိုပြီး မှန်ကန်မှုရာခိုင်နှုန်းလေးတွေများလာတာကိုလည်း သတိထားမိပါတယ်။ မုန်တိုင်းတွေဖြစ်ပေါ်လာတဲ့အခါမှာဆိုရင်လည်း ကုန်းတွင်းမုန်တိုင်းငယ်တွေအဖြစ် အညာဒေသရောက်နေတဲ့အထိမုန်တိုင်းငယ်သတိပေးချက်တွေ ထုတ်ပြန်ပေးနိုင်တာရှိတယ်။ (၁၀)ရက်ပတ်ခန့်မှန်းချက်၊ လပတ်ခန့်မှန်းချက်တွေရာသီအလိုက် ခန့်မှန်းချက်တွေရှိပါတယ်။ (၁၀)ရက်ပတ်ခန့်မှန်းချက်တွေကို လစဉ် (၈)ရက်၊ (၁၈)ရက်နဲ့(၂၈)ရက်နေ့တိုင်းမှာထုတ်ပြန်ပါတယ်။ လပတ်ခန့်မှန်းချက်တွေကို လစဉ် (၂၈)ရက်တိုင်းမှာ နောက်လအတွက်ကို ထုတ်ပြန်ပါတယ်။ ရာသီအလိုက်ခန့်မှန်းချက်တွေကိုတော့ ဇူလိုင လ (၂၈)ရက်မှာ မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလ ယေဘုယျခန့်မှန်းချက်၊ ဇွန်လ(၂၈)ရက်မှာ မိုးလယ်ကာလ ဖြစ်တဲ့ ဇူလိုင်သြဂုတ်လအတွက် ထုတ်ပြန်ပေးပါတယ်။ မိုးနှောင်းကာလအတွက်ဆိုရင်တော့ သြဂုတ်လ (၂၈)ရက်မှာထုတ် ပြန်ပါတယ်။ လက်ရှိကတော့(၆၂) ရက်ရှိတဲ့ မိုးလယ်ကာလကိုရောက်ရှိလာပြီဖြစ်ပါတယ်။ လက်ရှိအချိန်အထိဆိုရင် မုတ်သုံမိုးကအားအရမ်းကောင်းကြီးမဟုတ်သေးဘူး။ မိုးလယ်ကာလမှာရှိတဲ့ မုတ်သုံလေအားအလွန်ကောင်းတဲ့ ကာလမျိုးရှိပြီးတော့ တစ်နိုင်ငံလုံးမိုးတွေပုံ့ပုံ့နှံ့နှံ့ရွာတယ်။ ကမ်းရိုးတန်းတွေမှာ မိုးသည်းထန်တာမျိုးတွေရှိတယ်ဆိုတော့ အခုအချိန်ထိမှာတော့ မုတ်သုံလေအားအရမ်းကောင်းတဲ့အချိန် မရှိသေးတဲ့အတွက် မကြာခင် မုတ်သုံလေအားအကောင်းဆုံးကာလတစ်ခုကို ရောက်လာလိမ့်ဦးမယ်လို့ သုံးသပ်နိုင်ပါတယ်။ မုတ်သုံလေအား အရမ်းကောင်းတဲ့အခါကျလို့ရှိရင် အဖော်တွေပေါင်းတွေဖြစ်တဲ့ လေဖိအားနည်းရပ်ဝန်းတွေဖြစ်မယ်။ မုတ်သုံမုန်တိုင်းငယ်တွေလည်း ဖြစ်တတ်တယ်။ တစ်ဖက်ကလည်း မိုးများပြီးတော့ ရေကြီးတဲ့အခြေအနေတွေစပြီလို့ပြောလို့ရပါတယ်။ အထက်ပိုင်းဒေသတွေဖြစ်တဲ့ မြစ်တွေရဲ့ ရေဦးရေဖျားအထက်ပိုင်းဒေသတွေဖြစ်တဲ့ မြစ်တွေရဲ့ ရေဦးရေဖျားအထက်ပိုင်းဒေသတွေကတော့ အခုချိန်ကစပြီးတော့ ရေကြီးနိုင်မှုအခြေအနေရှိ၊ မရှိကိုစပြီး စောင့်ကြည့်ရမယ့်အနေအထားမျိုးတော့ရောက်ပြီ။ မြစ်အလယ်ပိုင်းဖြစ်တဲ့ မန္တလေးတိုင်းဒေသတွေကလည်းမိုးရိမ်ရေမှတ်နားကို တအိအိနဲ့သွားနေတဲ့အနေအထားတွေရှိတယ်။ မိုးလယ်ကာလက ရေအရင်းအမြစ်ရဲ့ ရှုဒေါင့်ကကြည့်မယ်ဆိုလို့ရှိရင် တစ်နိုင်ငံလုံးရဲ့ရေသယံဇာတစိုက်ပျိုးရေးရာသီအတွက် ရာသီအဖွဲ့လို့ပြောလို့ရသလို တစ်ဖက်ကလည်း မိုးရွာသွန်းမှုပုံ့နှံ့ခြင်းရဲ့နောက်ဆက်တွဲရေဘေးအန္တရာယ်တွေအတွက် ကြိုတင်ပြင်ဆင်ထားရမယ့်ရာသီဖြစ်ပါတယ်။ အထူးသဖြင့် မြစ်အောက်ပိုင်းရဲ့ ထုံးစံအရ မြစ်အောက်ပိုင်းတွေမှာ ပင်လယ်ဒီရေတွေရဲ့ သက်ရောက်မှုနဲ့အတူ အထက်ပိုင်းရဲ့မြစ်တွေ၊ ချောင်းတွေရဲ့ အခြေအနေအမျိုးမျိုး၊ မိုးရွာသွန်းမှု ပုံစံအမျိုးမျိုးကြောင့် ရေဝတီမြစ်ရဲ့အောက်ပိုင်းမှာ ရေကြီးမှုပုံစံတွေ အချိန်ကာလကြာမြင့်မှုတွေက အမျိုးမျိုးရှိတယ်။ မိုးလယ်ကာလနဲ့မိုးနှောင်းကာလရဲ့အစလေးမှာတော့ နှစ်စဉ်နှစ်တိုင်းရေဘေးအန္တရာယ်နဲ့ပတ်သက်တာမျိုး စိန်ခေါ်မှုကိုနှစ်စဉ်ကြုံတွေ့ရတာဖြစ်တာကြောင့် ကြိုတင်ကာကွယ်ခြင်းကနေ သဘာဝဘေးကြောင့် ဆုံးရှုံးမှုတွေ လျော့နည်းသက်သာစေနိုင်ပါတယ်။

သယ်ယူပို့ဆောင်ရေးနဲ့ပတ်သက်လို့ အထူးအကြံပြုလိုတာက မိုးလယ်ကာလအနေနဲ့ မုတ်သုံအားအရမ်းကောင်းတဲ့ အချိန်တွေမှာ မြေပြင်နဲ့မြေပြင်အနီးတိုက်လေတွေက အားအရမ်းပြင်းထန်တယ်။ မိုးသက်လေပြင်းတွေရှိတယ်။ အဲ့ဒီတော့ ပြည်တွင်းလေကြောင်းခရီးစဉ်ပျံသန်းနေတဲ့ လေယာဉ်တွေအနေနဲ့ လေယာဉ်ကွင်း အတက်၊ အဆင်း ကမ်းရိုးတန်းဒေသလေယာဉ်ကွင်း အတက်၊ အဆင်းတွေမှာဆိုလို့ရှိရင် မိုးသည်းထန်တာ၊ လေပြင်းတိုက်ခတ်တာ၊ အဝေးပြင်ကွင်းတွေလျော့နည်းတဲ့အခြေအနေမျိုးတွေကို မကြခဏကြုံတွေ့ရတဲ့ အနေအထားမျိုးတွေရှိသလို တခါတရံမှာ မိုးတိမ်တောင်ကြီးတွေ ဖြစ်ပေါ်နိုင်တဲ့ အခြေအနေမျိုးတွေလည်းဖြစ်တဲ့အတွက်ကြောင့် လေကြောင်းမိုးလေဝသဆိုင်ရာ သတင်းအချက်အလက်များနဲ့ သတိပေးချက်တွေကိုလည်း စောင့်ကြည့်ပြီးအသုံးချသင့်ပါတယ်လို့ အကြံပြုချင်ပါတယ်။ ပင်လယ်ပြင်ခရီးနဲ့ပတ်သက်ရင်တော့ ကမ်းရိုးတန်းပင်လယ်ပြင်ခရီးအတွက် မိုးလေဝသအခြေအနေကိုလည်း နေ့စဉ်မိုးလေဝသခန့်လည်း ရှင်းပြပေးပါဦးဆရာ။

ဖြေ။ ။ကျွန်တော်တို့ရဲ့ စောင့်ကြည့်ရေရိယာက ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်ဧရိယာဖြစ်ပါတယ်။ ကျွန်တော်တို့က ကမ္ဘာမိုးလေဝသအဖွဲ့ချုပ်နဲ့ ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအဖွဲ့ဝင်နိုင်ငံဖြစ်တယ်။ ကပ္ပလီပင်လယ်ပြင်နဲ့ ဘင်္ဂလားပင်လယ်အော်ဖြစ်တယ်။ စောင့်ကြည့်ဖို့အတွက်ကကျတော့ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက ကမ္ဘာမိုးလေဝသအဖွဲ့ချုပ်ရဲ့ကိုယ်စား အာရေးဗျာပင်လယ်နဲ့ ဘင်္ဂလားပင်လယ်အတွက် သတင်းတွေ၊ အကြံပြုချက်တွေကို သူကဦးဆောင်ပြီးတော့ အဖွဲ့ဝင်နိုင်ငံတွေကို ထုတ်ပြန်ပေးတယ်။ အဲ့ဒီလိုထုတ်ပြန်ပေးနိုင်တဲ့ စွမ်းဆောင်ရည်တွေလည်း အိန္ဒိယနိုင်ငံမိုးလေဝသအဖွဲ့ချုပ်ကိုယ်စား ဆောင်ရွက်ပေးတဲ့အဖွဲ့အစည်းက ပုံမှန်အခြေအနေဆိုရင်လည်း ကျွန်တော်တို့နဲ့နေ့စဉ်အဆက်အသွယ်ရှိပါတယ်။ အရေးပေါ်အခြေအနေမှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့နဲ့အဆက်အသွယ်မပျက်ပါဘူး။ ထူးခြားတဲ့အခြေအနေ မြန်မာကမ်းရိုးတန်းမှာ မုန်တိုင်းဖြစ်ပေါ်နေတဲ့အခြေအနေမျိုးမှာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ကလည်း ကျွန်တော်တို့ ကမ်းရိုးတန်းရဲ့အထူးတိုင်းထွာချက်တွေကို အိန္ဒိယနိုင်ငံရဲ့ မိုးလေဝသကိုပေးပို့ဖလှယ်ပြီးတော့ သူတို့ရဲ့ နောက်ဆုံးရသတင်းတွေအကြံပြုချက်တွေ ထုတ်ပြန်တဲ့အခါမှာ အသုံးချနိုင်အောင် ဒီလိုမျိုးအချက်အလက်တွေ ဖလှယ်ကြတာမျိုးလည်းရှိပါတယ်။ ကျွန်တော်တို့ရဲ့ စောင့်ကြည့်ရေရိယာက ဘင်္ဂလားပင်လယ်အော်နဲ့ကပ္ပလီပင်လယ်ထဲမှာ ခန့်မှန်းချက်ကို နည်းလမ်းအမျိုးမျိုးနဲ့ရယူပြီး ရရှိတဲ့ခန့်မှန်းချက်အပါအဝင် ဒေသတွင်းမိုးလေဝသခန့်မှန်းချက် ဗဟိုခန့်မှန်းရေးဌာန(နယူးဒေလီ)ကရရှိတဲ့အချက်အလက်တွေက ကြိုတင်သတိပေးချက်တွေထုတ်ပြန်တဲ့အခါမှာ အများကြီးအကျိုးရှိတယ်။ ၂၀၀၈ ခုနှစ်လောက် အထိတော့ အရောင်စနစ်နဲ့အသုံးပြုခဲ့တာမရှိသေးဘဲနဲ့ ၂၀၀၉ ခုနှစ် ဇပြီလမုန်တိုင်းရာသီကစပြီးတော့ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ရာကနေ မုန်တိုင်းငယ်လောက်ကစပြီးတော့ အရောင်စနစ်နဲ့စပြီးတော့ ကျင့်သုံးခဲ့တဲ့အနေအထားမှာ အခုဆိုရင်တော်တော်လေးအတွေ့အကြုံရလာပြီ အောင်အောင်မြင်မြင်နဲ့ ရောင်စုံမုန်တိုင်းသတိပေးချက်တွေကို ၂၀၁၀၊ အောက်တိုဘာလ ဂီရိမုန်တိုင်းကြီးမှာ အောင်အောင်မြင်မြင်နဲ့ပထမဆုံးထုတ်ပြန်ပေးနိုင်ခဲ့ပြီးတော့ အရောင်နဲ့ထုတ်ပြန်ချက်တွေမှာထုတ်ပြန်ချက်တွေကို ရှင်းပေးနိုင်ခဲ့လို့ဆုံးခဲ့ပါဘူး။ အဲ့ဒီတွေ့အကြုံအနာတရာသီအခြေအနေချာမှုတွေကို ရှင်းလင်းလင်း ဖော်ပြရှုံးမှုတွေလည်း မများတော့ ကျွန်တော့ အရတင်ပြရရင်တော့ အတု ပြောင်းလဲလာမှုမှာ ရာသီဥတု မသေကြိုတင်မျှော်မှန်းလို့ မရဘူး။ ရာသီဥတုနဲ့ ပတ်သက်တဲ့မသေချာမှုတွေများလာနိုင်တယ်လို့ပဲ သုံးသပ်နိုင်ပါတယ်။

အဲ့ဒီတော့ ပုံမှန်ဆိုတဲ့ဟာတွေကလည်း ပုံမမှန်နိုင်ဖြစ်ဖို့များလာတယ်။ ပုံမှန်ရာသီဥတုဖြစ်တယ်ဆိုပြီးတော့ ရာသီဥတုကိုလျော့တွက်လို့ မရတဲ့အနေအထားမျိုးလေးတွေရှိလာတဲ့အခါကျတော့ ခန့်မှန်းတဲ့သူတွေအနေနဲ့ရောတစ်ဖက်ကရာသီဥတုအပေါ် အဖွဲ့ပြုနေကြ ရာသီတွေနဲ့ အသုံးချတဲ့သူတွေအတွက် စိန်ခေါ်မှုတွေကအရင်ထက်ပိုများလာပါလိမ့်မယ်။ လက်ရှိမှာတော့ ၂၁၀၀ လောက်အထိ ရာသီဥတုအလားအလာတွေကို မျှော်မှန်းသုံးသပ်တာမျိုးတွေ လုပ်နိုင်တဲ့အနေအထားမျိုးတွေတော့ရှိပါပြီ။ နောက်မှာလည်း ဒေသအလိုက်ပိုပြီးတော့ အရည်အသွေးမြင့်မားမှန်ကန်မှုများတဲ့ ခန့်မှန်းချက်တွေ၊ ရက်တိုရက်လတ်၊ရက်ရှည်ခန့်မှန်းချက်တွေနဲ့ ရာသီဥတုမျှော်မှန်းချက်တွေ သုံးသပ်ချက်တွေနဲ့ လိုက်လျောညီထွေဆောင်ရွက်ကြသင့်တဲ့ နည်းပညာလိုအပ်ချက်တွေကို တိုးမြှင့်ဆောင်ရွက်ဖို့ စွမ်းဆောင်ရည်ပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ၊ ဓော်မီကိရိယာပစ္စည်းတွေတော့ ဆက်လက်လိုအပ်နေ ဦးမယ်လို့ ယူဆပါတယ်။

မေး။ ။ပြည်သူတွေအနေနဲ့ မိုးလေဝသအသိသတိရှိကြဖို့ကိုလည်း ဆရာအနေနဲ့ အကြံပြုပေးပါဦးဆရာ။


ဖြေ။ ။ပုံမမှန်တဲ့ရာသီဥတုတွေကြောင့်ဖို့ အစွန်းရောက်တဲ့



ဦးကျော်လွင်ဦး (ညွှန်ကြားရေးမှူး)
မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
(အထက်မြန်မာပြည်ဌာနခွဲ)

66

* ကျွန်တော်တို့ရဲ့ စောင့်ကြည့်ရေရိယာက ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်ဧရိယာ ဖြစ်ပါတယ်....
* ကျွန်တော်တို့က ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နဲ့ ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအဖွဲ့ဝင်နိုင်ငံဖြစ်တယ်....
* လက်ရှိမှာတော့ ၂၁၀၀ ပြည့်နှစ်လောက်အထိ ရာသီဥတုအလားအလာတွေကိုမျှော်မှန်းသုံးသပ်တာမျိုးတွေလုပ်နိုင်တဲ့ အနေအထားမျိုးတွေတော့ရှိပါပြီ....
* နည်းပညာလိုအပ်ချက်တွေကို တိုးမြှင့်ဆောင်ရွက်ဖို့ စွမ်းဆောင်ရည်ပြည့်ဝတဲ့ လူသားအရင်းအမြစ်တွေ၊ ဓော်မီကိရိယာပစ္စည်းတွေတော့ ဆက်လက်လိုအပ်နေဦးမယ်လို့ ယူဆပါတယ်။ **99**



ဟုတ်ကဲ့ပါ။ အခုလိုမျိုး မိုးလေဝသဆိုင်ရာအကြောင်းအရာတွေကို စာဖတ်သူတွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ဖို့အတွက် အသေးစိတ်ရှင်းပြ ဖြေကြားပေးတဲ့ဆရာကို ကျေးဇူးအထူးတင်ပါတယ်ဆရာ။

မိုးဇလဌာနကိုယ်စား၊ အထက်မြန်မာပြည်ဌာနခွဲကိုယ်စား ပို့ဆောင်ဆက်သွယ်သတင်းကျွန်းအဖွဲ့ကို အထူးကျေးဇူးတင်ပါတယ်။

သတင်းအဖွဲ့



မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့မှ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့အတွက် အထူးခရီးစဉ်များ ပျံသန်းပြေးဆွဲခဲ့

မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့မှ ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည့် မော်လမြိုင်နှင့် ထားဝယ်မြို့များသို့ အထူးခရီးစဉ်များပျံသန်းပြေးဆွဲခဲ့ကြောင်း သိရသည်။

တစ်ခုတည်းသော နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်းသည် ဇူလိုင် ၃၀ ရက်မှစတင်ကာ ရေလွှမ်းခဲ့ဒေသများသို့ အထူးခရီးစဉ် ပျံသန်းမှုအဖြစ် ရန်ကုန်-မော်လမြိုင် UB 325 ခရီးစဉ်အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ရန်ကုန်-မော်လမြိုင် UB 319 ခရီးစဉ်အား နံနက် ၇ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ မော်လမြိုင်-ရန်ကုန် UB 320 ခရီးစဉ်အား နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ ရန်ကုန်-မော်လမြိုင် UB 309 ခရီးစဉ်အား နံနက် ၁၁ နာရီ မိနစ် ၃၀ တွင်လည်းကောင်း မော်လမြိုင်-ရန်ကုန် UB 310 ခရီးစဉ်အား မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ရန်ကုန်-ထားဝယ် UB 301 ခရီးစဉ်အား မွန်းလွဲ ၁၆နာရီခွဲတွင်လည်းကောင်း၊ ထားဝယ်-ရန်ကုန် UB 302 ခရီးစဉ်အား ညနေ ၁၇ နာရီ ၅၅ မိနစ်တွင်လည်းကောင်းပျံသန်း ပြေးဆွဲပေးခဲ့သည်။

ထို့ပြင် ဇူလိုင် ၃၁ ရက် အင်္ဂါနေ့တွင် ရန်ကုန်-မော်လမြိုင် UB 309 ခရီးစဉ်အား နံနက် ၈ နာရီ မိနစ် ၃၀ တွင်လည်းကောင်း၊ မော်လမြိုင်-ရန်ကုန် UB 310 ခရီးစဉ်အား နံနက် ၉ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ရန်ကုန်-မော်လမြိုင် UB 319 ခရီးစဉ်အား မွန်းလွဲ ၁၅ နာရီတွင်လည်းကောင်း၊ ရန်ကုန်-မော်လမြိုင် UB320 ခရီးစဉ်အား မွန်းလွဲ ၁၆ နာရီတွင်လည်းကောင်း၊ ရန်ကုန်-ထားဝယ် UB 301 ခရီးစဉ်အား နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ထားဝယ်-ရန်ကုန် UB 302 ခရီးစဉ်အား မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ ရန်ကုန်-ထားဝယ် UB 301 ခရီးစဉ်အား နံနက် ၁၁ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ထားဝယ်-ရန်ကုန် UB 302 ခရီးစဉ်အား ညနေ ၁၇နာရီ ၂၀ မိနစ်တွင်လည်းကောင်း၊ ဩဂုတ် ၁ ရက်တွင်လည်းကောင်း၊ ခရီးစဉ်များပျံသန်း ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။

မန်းရတနာပုံလေကြောင်းလိုင်းသည်လည်း ရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့သည့် မော်လမြိုင်နှင့် ထားဝယ်ဒေသများမှ ခရီးသွားများအဆင်ပြေစေရန် MYP Special Flights များအဖြစ် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်-ထားဝယ်-ရန်ကုန် ခရီးစဉ်များကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁ ရက်အထိ ပျံသန်းပြေးဆွဲပေးခဲ့ကြောင်းသိရသည်။

တင်မောင်-ပို့/ဆက်
အိမ်စည်

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာနခွဲ (သံလွင်)မှ ရေယာဉ်ဝန်ထမ်းများ ဘီးလင်းမြို့နယ်တွင် ရေဘေးကူညီကယ်ဆယ် ထောက်ပံ့ရေးလုပ်ငန်းများ ဆွားရောက်ဆောင်ရွက်















ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သံလွင်ဌာနခွဲ၊ မော်လမြိုင်မြို့ရေကြောင်းဌာနခွဲမှ ရေယာဉ်ဝန်ထမ်းများဖြစ်သော ရေယာဉ်အုပ် ၄ - ဦးသော်တာဦးစီးသည့် ရေယာဉ်လိုက်ဝန်ထမ်း (၂၁)ဦး ပါဝင်သည့် ရေဘေးကယ်ဆယ်ထောက်ပံ့ရေးအဖွဲ့သည် ဇူလိုင် (၂၈)ရက်နေ့မှစတင်၍ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်တွင် ရေလွှမ်းမိုးမှုခံရသောဒေသများအား ကူညီထောက်ပံ့နိုင်ရေးအတွက် ဘီးလင်းမြို့ပေါ်ရှိ ကယ်ဆယ်ရေးရုံးသာသနာ့ဗိမာန်တွင် အခြေပြုကာ ဘီးလင်းမြို့နှင့် ရွှေရောင်ပြကမာဆိုင်ကျေးရွာများသို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သော Speed Boat ရေယာဉ်များဖြင့် ရေဘေးဒုက္ခသည်များအား ထောက်ပံ့ပစ္စည်းများအားပို့ဆောင်ပေးခြင်း၊ အစားအစာနှင့် သောက်ရေသန့်များအား ရေဘေးသင့်မိဘပြည်သူများရှိရာ ကယ်ဆယ်ရေးစခန်းများသို့ အရောက်ပို့ဆောင်ပေးခြင်းများ ဝန်ထမ်းများမှကူညီဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ကူညီဆောင်ရွက်ပေးခဲ့မှုများနှင့် ပတ်သက်၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရေကြောင်းဌာနခွဲ (သံလွင်)မှ ရေယာဉ်အုပ် (၄) ဦးသော်တာက "ကျွန်တော်တို့ ဇူလိုင် (၂၇)ရက်နေ့ ညနေမှာ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ကလှမ်းပြီး အကူအညီတောင်းပါတယ်။ ဒါနဲ့ ကျွန်တော်လည်း မော်လမြိုင်လက်ထောက်ရေကြောင်းဌာနမှူးချုပ်ကို သတင်းပို့လိုက်တယ်။ အဲဒီကနေ လက်ထောက်အထွေထွေမန်နေဂျာ (AGM) ကိုလည်း သတင်းပို့ပေးတယ်။ ရုံးချုပ်ကိုလည်း သတင်းပို့ပြီးတော့ (၂၈)ရက်မှာ ကျွန်တော်တို့အဖွဲ့တွေလူစုပြီး လာကြိုတဲ့မော်တော်ယာဉ်တွေနဲ့ စုပေါင်း လိုက်သွားကြတာပါ။ အခြားကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဝိုင်းဝန်းလုပ်ပေးကြတယ်။ အဲဒီနေ့ ည ၉နာရီမှာလည်း ထူးကဲဒီရေတက်မယ်ဆိုတဲ့ သတင်းရတာကြောင့် အခြားကယ်ဆယ်ရေးအဖွဲ့တွေနဲ့အတူလိုက်ပြီး သတိပေးတာတွေလည်း လုပ်ဖြစ်ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေနဲ့ (၃၀)ရက်နေ့အထိ ကျွန်တော်တို့အဖွဲ့တွေ ဝိုင်းဝန်းလုပ်ပေးခဲ့ကြပါတယ်။ ပြီးတော့ ကျွန်တော်တို့ရေကြောင်းအဖွဲ့မှာ ကျွန်တော်က ဦးဆောင်ထားတော့အဖွဲ့ကိုယ်စား အခုလိုရေဘေးကြုံတွေ့နေရတဲ့မိဘပြည်သူတွေကို ကျွန်တော်တို့က ကိုယ်တိုင်ကိုယ်ကျမြင်တွေ့ခဲ့ရတော့ အတော့်ကို စိတ်မချမ်းသာဖြစ်မိပါတယ်။ ပြီးတော့ ရေဘေးဒုက္ခခံစားနေကြတဲ့ မိသားစုတွေဆီအရောက် စားသောက်စရာတွေ၊ စက်လှေနဲ့အရောက် ပို့ဆောင်ပေးရတော့လည်း ဝမ်းသာဂုဏ်ယူမိပါတယ်"ဟုပြောသည်။

အဆိုပါအကူအညီများရရှိခဲ့သည့် အခြေအနေများကို ဒေသခံတစ်ဦးဖြစ်သည့် ဘီးလင်းမြို့နယ်၊ ရွှေရောင်ပြကမာဆိုင်ကျေးရွာမှ ရပ်မိရပ်ဖဖြစ်သူ ဦးဝင်းကလည်း "မိုးသည်းထန်စွာရွာသွန်းတာကြောင့် နေအိမ်တွေ ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့တာ ထမင်းဟင်းချက်ပြုတ်ဖို့ အခက်အခဲဖြစ်တာပေါ့။ ကယ်ဆယ်ရေးစခန်းကို ပြောင်းလာတော့ ထမင်းထုပ်တွေ၊ သောက်ရေသန့်တို့ ဆေးဝါးတွေ၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးတာတွေ့ရလို့ အတိုင်းမသိဝမ်းသာမိပါတယ်"ဟု ဦးဝင်းမှ ပြောသည်။

ရေဘေးကယ်ဆယ်ရေးလုပ်ငန်းကို သွားရောက်၍ ကူညီထောက်ပံ့ဆောင်ရွက်ကြရသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ သံလွင်ဌာနခွဲမှ ရေယာဉ်ဝန်ထမ်းများသည် ဘီးလင်းရေကျသွားသည့် ဇူလိုင် (၃၀)ရက်နေ့တွင် မော်လမြိုင်မြို့သို့ ပြန်ခဲ့ကြပြီး ရုံးချုပ်နှင့် သက်ဆိုင်ရာ လ/ထအထွေထွေမန်နေဂျာ၊ လက်ထောက်ရေကြောင်းဌာနမှူးချုပ်တို့အား သတင်းပို့ခဲ့ရာ လ/ထအထွေထွေမန်နေဂျာတို့မှ ရေဘေးကယ်ဆယ်ရေးဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းအဖွဲ့)

AGD ဘဏ်မှ Visa Credit Card သုံးမျိုးပြည်တွင်း၌ စတင်မိတ်ဆက်

AGD ဘဏ်မှ Visa Credit Card အမျိုးအစားသုံးမျိုးကို ဩဂုတ်လ ၁ရက်ကပြည်တွင်း၌ စတင်မိတ်ဆက်လိုက်ကြောင်းသိရသည်။

အဆိုပါအမျိုးအစားသုံးမျိုးမှာ Visa Classic၊ Visa Gold နှင့် Visa Platinum Card တို့ဖြစ်ပြီး အထူးပရိမိုးရှင်းများနှင့် အခြားသီးသန့်အခွင့်အရေးများလည်း ရရှိမည်ဖြစ်ကြောင်းသိရသည်။

ဒီနေ့စတင်မိတ်ဆက်ခဲ့သည့် ထုတ်ကုန်သုံးမျိုးမှာ နည်းပညာမြင့်မားမှုတွေပါဝင်ကြောင်း၊ Visa ကပေးအပ်ထားတဲ့ တစ်ကမ္ဘာလုံးကဆိုင်တွေမှာအသုံးပြုနိုင်ကြောင်း၊ ဒီဇိုင်းပိုင်းမှာလည်း Visa ရုံးချုပ်အထိအဆင့်ဆင့် စစ်ဆေးမှုခံယူထားကြောင်း၊ ကတ်အမျိုးအစားပေါ်မူတည်ပြီး discount တွေလည်းပေးထားကြောင့်၊ Visa Credit Card လျှောက်မယ်ဆိုရင် လစာဝင်ငွေအနည်းဆုံးသုံးသိန်းရရှိမည်ဖြစ်ပြီး၊ ငွေကြေးသုံးစွဲမှုအတွက် ကဘဏ်ရဲ့စာရင်းငွေသားအရ တွက်ချက်ပြီးချမှတ်ပေးမှာ ဖြစ်ကြောင်း AGD Bank ၏ Head of Card and Payment မှဦးကျော်လှိုင်ဝင်းကပြောသည်။

AGD ဘဏ်၏ခရတ်ဒစ်ကတ်များတွင် ကတ်၏လုံခြုံရေးမြင့်မားစေရန်လုပ်ဆောင်ထားပြီး အရေးပေါ်ကတ်ပျောက်ရှုမှုများတွင် ငွေကြေးဆုံးရှုံးမှုမရှိစေရန်အတွက် app မှတစ်ဆင့် Lock ချနိုင်ကြောင်း Credit Card ကို app နှင့်တွဲဖက်အသုံးပြုရာတွင်လည်း ယခင်ကရှိပြီးသား AGD Payapp ဖြင့်သာအသုံးပြုနိုင်ကြောင်းသိရသည်။

ကျော်ကျော်



Samsung Myanmar နှင့် (myME) တို့လက်တွဲပြီး ချို့တဲ့လူငယ်များ ICT နည်းပညာများ လေ့လာ ခွင့်ရအောင် ကူညီသွားမည်



မြန်မာနိုင်ငံတွင် လူငယ်နှင့်ပညာရေး လူမှုအကျိုးပြုမှုဆိုင်ရာလုပ်ငန်းများတက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည့် Samsung သည် လက်ဖက်ရည်ဆိုင်များတွင် အလုပ်လုပ်ကိုင်လျက်ရှိသောလူငယ်များအား ပညာသင်ကြားပေးနေသည့် NGO တစ်ခုဖြစ်သည့် Myanmar Mobile Edu -cation Project (myME) သုံးနှစ်ဆက်တိုက် ကျောင်းပြင်ပရောက်လူငယ်များ ပညာသင်ကြားရေးအတွက် ရွေ့လျားစာသင်ခန်းကားများနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခဲ့ပြီး ယခုလေးနှစ်မြောက်အနေနှင့် ကွန်ပြူတာနှင့် နည်းပညာဆိုင်ရာပညာရပ်များ သင်ကြားရေးအတွက်သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ယခင်လှူဒါန်းထားသော ဘတ်စ်ကား တစ်စီးတွင် ထပ်မံဖြည့်သွင်းပံ့ပိုးလိုက်ကြောင်း ဂူလိုင်လ (၃၁)ရက်နေ့လည် (၂)နာရီက Samsung Iconis Ser -vice တွင် ကျင်းပသောသတင်းစာရှင်းလင်းပွဲမှသိရသည်။

၂၀၁၅ ခုနှစ်တွင် လှူဒါန်းခဲ့သည့် ဘတ်စ်ကားအား ရန်ကုန်မြို့အတွင်း ကျောင်းပြင်ပရောက် သင်ခန်းစာများ သင်ကြားမှုကို အားဖြည့်ရာတွင်အသုံးပြုလျက်ရှိပြီး ၂၀၁၆ခုနှစ်တွင် လှူဒါန်းခဲ့သောဘတ်စ်ကားအား မန္တလေးမြို့ရှိ လူငယ်များအား စာသင်ကြားရန်အသုံးပြုခဲ့သည်။ ၂၀၁၇ခုနှစ်တွင်လှူဒါန်းခဲ့သည့်ဘတ်စ်ကားအား ရန်ကုန်မြို့အတွင်း ကျောင်းပြင်ပရောက်သင်ခန်းစာများ သင်ကြားနိုင်ရန်သာမက အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများ သင်ကြားပို့ချပေးအပ်ရန်အတွက်အသုံးပြုနေဆဲဖြစ်သည်။

"လက်ဖက်ရည်ဆိုင်တွေမှာ အလုပ်လုပ်နေတဲ့ လူငယ်တွေအတွက်ပိုမိုကောင်းမွန်တဲ့အနာဂတ်တွေ ပုံဖော်နိုင်အောင် ပံ့ပိုးပေးနေတဲ့ myME နဲ့အတူလက်တွဲလာတာ အခုဆိုရင် လေးနှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ လိုအပ်နေတဲ့လူမှုပတ်ဝန်းကျင်နဲ့ နေရာဒေသတွေကို အမြဲကူညီဖို့အသင့်ဖြစ်နေတဲ့ နိုင်ငံတကာအမှတ်တံဆိပ်တစ်ခုဖြစ်တာနဲ့အညီ ကမ္ဘာတစ်လွှားမှာရှိတဲ့ လူပတ်ဝန်းကျင်အသိုင်းအဝိုင်းကို ပိုမိုကောင်းမွန်တဲ့ အနေအထားရောက်အောင်ပံ့ပိုးသွားဖို့ အသင့်ရှိနေပါတယ်။ အခုလိုမြန်မာနိုင်ငံက ကလေးငယ်တွေနဲ့လူငယ်တွေရဲ့ ကြိုးစားအားထုတ်မှုကို myME နဲ့ လက်တွဲမှုက တစ်ဆင့် တွေ့မြင်နေရတဲ့အတွက်ဝမ်းမြောက်ရပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း myME ကို အနာဂတ်မှာဆက်လက်ပံ့ပိုးကူညီနိုင်အောင် အကောင်းဆုံးကြိုးစားသွားမှာပါ။ အခုလို myME မှာ ပညာသင်ကြားနေတဲ့ကလေးတွေကလည်း နောင်တစ်ချိန်မှာမြန်မာနိုင်ငံနဲ့မြန်မာလူမျိုးတွေကို အကျိုးပြုနိုင်တဲ့ လူတော်လူကောင်းတွေဖြစ်လာလိမ့်မည်လို့ မျှော်လင့်ပါတယ်"ဟု လေးနှစ်မြောက် လက်တွဲမှုနှင့်ပတ်သက်ပြီး Samsung Myanmar ၏ PR and Citizenship Mana -ger ဖြစ်သူ ကိုစိုးသူရမှုပြောကြား သည်။

ယခုသင်တန်းအား ရန်ကုန်မြို့အတွင်းရှိမြို့နယ်များဖြစ်သော ရန်ကင်းမြို့နယ်ရှိ SoyAi Youth Center မှ လူငယ် (၂၅)ဦး၊ myME သင်တန်းနှစ်ခုတည်ရှိရာ ရွှေပြည်သာမြို့နယ်မှ (၁၂)ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ (၁၂)ဦး၊ မြောက်ဒဂုံမြို့နယ် (၃၂)ရပ်ကွက်မှ (၁၂)ဦး၊ သာကေတမြို့နယ်မှ (၄၅)ဦးဖြင့် စုစုပေါင်း (၁၂၁)ဦးတို့ကို အပတ်စဉ် သင်ကြားပေးသွားမည်ဖြစ်ပြီး တစ်လလျှင် (၄၈၄)ဦးတစ်နှစ်လျှင် (၅,၈၀၈)ဦးတို့ကို သွားရောက်သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

၁၅ ကြိမ်မြောက်စင်ထွာမီးလင်းကတ္တား ကံထူးရှင်ရွေးချယ်

စင်ထွာမီးလင်းကတ္တား(၁၅) ကြိမ်မြောက်မဟာကံထူးရှင် ရွေးချယ်ပွဲကြီးကို ဇူလိုင်လ ၃၁ရက်၊ည နေ ၆နာရီက ပြည်လမ်း LOTTE ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေါ်တင်မိုးလွင်မှ အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ခဲ့ပြီး Talents & Model Agency မှမော်ဒယ်လေးများမှ Logo Show ဖြင့်တင်ဆက်ခဲ့သည်။ ကံထူးရှင်များကို တေးသံရှင်မိုးသောက်နှင့် နီနီခင်ဇော်တို့မှ ရွှေးချယ်ပေးခဲ့ပြီး တေးသံသာများဖြင့် သီဆိုဖျော်ဖြေ ပေးခဲ့သည်။

ကံထူးရှင်များအတွက် Toy-ota Belta တစ်စီး၊ ရေခဲသေတ္တာ (၅)လုံး မဲနှိုက်ရွေးချယ်ပေးခဲ့ပြီး၊ စင်ထွာမီး လင်းကတ္တား၏ ရောင်းအား အကောင်းဆုံးအရောင်းအဖွဲ့များကို ပထမဆု သိန်း ၂၀ကျပ်၊ ဒုတိယဆု ၁၇သိန်းကျပ်၊ တတိယဆု ၁၄သိန်းကျပ်နှင့် နှစ်သိမ့်ဆု အပါအဝင်ဆု(၇)ဆုကို ချီးမြှင့်ပေးကြောင်းသိရသည်။

ကျော်ကျော်





Huawei မှ ကင်မရာလေးလုံးပါ စမတ်ဖုန်းသစ် Nova 3 နှင့် Nova 3i အား မြန်မာနိုင်ငံတွင် မိတ်ဆက်

Huawei မှ ၎င်း၏ တတိယ Nova မျိုးဆက်သစ်ဖြစ်သည့် Huawei Nova 3 နှင့် Nova 3i တို့အား စတင်မိတ်ဆက်လိုက်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ အကောင်းဆုံး AI selfie camera အား ဖန်တီးထုတ်လုပ်ပေးနိုင်ရန်ကြိုးပမ်းနေသည့် Huawei သည် မိတ် ဆက်လိုက်သည့် ၎င်း၏ ထုတ်ကုန်အသစ်များတွင် AI ကင်မရာလေးလုံး ပါဝင်သည့် nova series ဖြစ်ကြောင်း သိရသည်။

Nova 3 ၏ ဒီဇိုင်းသည် ကိုင်တွယ်ရာတွင် ကျစ်လစ်သိပ်သည်းမှုကို ဒီဇိုင်နာများ၏ အကောင်းဆုံးဖြစ်စေလိုသည့် ရည်ရွယ်ချက်တို့ဖြင့် ဖန်တီးထားသည်။ မျက်နှာပြင်၏ ဘက်ပေါင်းစုံတွင် ချောမွေ့မှုကို ခံစားရစေမည့် Huawei Nova 3 အား ရှေ့ နောက် 3D ဖန်ကွေးတပ်ဆင်ပေးထားပြီး အရှေ့ဘက်ဖန်မျက်နှာပြင်အောက် တွင် ၆.၃ လက်မရှိ FullView Display မျက်နှာပြင်တပ်ဆင်ထားသည်။ Notch ပါရှိသည့် Full HD+ panel သည် 19.5 : 9 အချိုးရှိပြီး၊ 18:9 counterpart ထက် ပိုမိုကျစ်လစ် သေးသွယ်သွားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ ထို့အပြင် Huawei မှ အသုံးပြုထားသည့် တိကျသေချာသော အင်ဂျင်နီယာနည်းပညာကြောင့် မျက်နှာပြင်၏ ထောင့်လေးဘက်စလုံးအား တပြေးညီတည်း ကွေးထားသောကြောင့် အလယ်ဗဟိုရှိ frame နှင့် စပ်ကြောင်း မရှိတွဲဆက်နေပြီး၊ အနုပညာမြောက်စွာ ကျော့ရှင်းချောမွေ့စေကြောင်း၊ Huawei Nova 3 တွင် f/1.8 wide aperture ရှိပြီး 6p မှန်ဘီလူးတပ်ဆင်ထားသည့် 24 MP monochrome နှင့် 16MP RGB sensor ပါ နောက်ကင်မရာနှစ်လုံးပါရှိပြီး အရှေ့ဖက်တွင်လည်း 24 MP primary sensor နှင့် 2 MP sensor ပါရှိသည့် ကင်မရာနှစ်လုံးပါ ရှိသည်။ အဆိုပါကင်မရာ ၄ လုံးသည် ကောင်းမွန်သော ရုပ်ပုံများ ရိုက်ကူးနိုင်ရုံသာမက၊ ဓာတ်ပုံများကို ချိန်ဆပြုပြင်နိုင်စေရန် အကောင်းမွန်ဆုံးပုံပိုးပေးမည်ဖြစ်သည်။

Huawei Nova 3i သည် ၎င်း၏ ၆.၃ လက်မ ရှိသည့် FullView Display နှင့်အတူ ထိပ်တန်းဒီဇိုင်း တစ်ခုကဲ့သို့ ထုတ်လုပ်ဖန်တီးထားသည်။ ထို့အပြင် ကြည်လင်ပြီးရုပ် ထွက်လှပသည့် bokeh ရိုက်ချက်များကို ရရှိစေမည့် 24MP နှင့် 2MP ပါဝင်သည့် အရှေ့ကင်မရာများ 16 MP နှင့် 2MP ရှိသည့် နောက်ကင်မရာများ ပါဝင်သည်။ နောက်ဆုံးပေါ် EMUI 8.2 ဖြင့်လည်းထပ်မံပုံပိုးထားပြီး ၎င်းကဲ့သို့ AI ကင်မရာလေးလုံးတပ်ဆင်ထားမှုကြောင့် ဓာတ်ပုံရိုက်ကူးရာတွင် flagship ထုတ်ကုန်များနှင့် တန်းတူယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ Huawei ရဲ့ တတိယမျိုးဆက် ကြယ်ပွင့်များဖြစ်ကြသည့် Nova Series အသစ်သည် သုံးစွဲသူများကို AI ကင်မရာလေးလုံး၏ မှန်ဘီလူးများမှ တဆင့်အတွေ့အကြုံအသစ်များကို ရှာဖွေစေနိုင်မည်ဖြစ်သည်။ အဆိုပါ AI selfie feature သည် ရိုက်ကူးနေသည့်အရာဝတ္ထု၏မျက်နှာပြင်ကို ကြည်လင်ပြတ်သားစွာဖမ်းယူရိုက်ကူးနိုင်ရုံသာမက ရိုက်ကူးနေသည့်အရာဝတ္ထု၏စတိုင်နှင့်အမူအရာ နောက်ကွယ်မှပုံရိပ်များကိုပါ ရိုက်ကူးသိမ်းဆည်းထားနိုင်မည်ဖြစ်သည်။

Nova 3 ကို gradient အရောင်ဖြစ်သည့် Iris Purpleအပြင်၊ အနီနှင့် အနက်အရောင်သုံးရောင်ဖြင့်ဝယ်ယူရရှိနိုင်မည်ဖြစ်ပြီး Nova 3i ကို Iris Purple၊ အဖြူနှင့် အမည်းအရောင်သုံးရောင်ဖြင့်) Nova 3i အား မြန်မာ ကျပ် ၄၄ ၃၅၉,၀၀၀ ဖြင့်လည်း ကောင်း၊ Nova 3 အား ၅၅၉,၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူနိုင်မည်ဖြစ်သည်။



ကျော်ကျော်

Emirates ကမ္ဘာ့အကောင်းဆုံး လေယာဉ်တွင်းဆိုင်ရာ ဖျော်ဖြေရေးဆု (၁၄)နှစ်ဆက်တိုက်ဆုရရှိ



Emirates သည် Skytrax World Airline Awards 2018 အခမ်းအနားတွင် ကမ္ဘာ့အကောင်းဆုံး လေယာဉ်တွင်းဆိုင်ရာ ဖျော်ဖြေရေးဆုအား ဆွတ်ခူးရရှိခဲ့ပြီး Emirates သည် အဆိုပါဆုအား (၁၄)နှစ်ဆက်တိုက်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် Emirates လေကြောင်းသည်ယခုနှစ်အတွက် အရှေ့အလယ်ပိုင်းဒေသတွင် လေယာဉ်ဝန်ထမ်းများ၏ဝန်ဆောင်မှုပိုင်းဆိုင်ရာ အကောင်းမွန်ဆုံးဆုကိုလည်း ရယူနိုင်ခဲ့သည်။ Skytrax World Airline Awards များသည် လေကြောင်းလိုင်းများ၏ဝန်ဆောင်မှုပိုင်းဆိုင်ရာ စံနှုန်းများအားအကဲဖြတ်သတ်မှတ်ပေးသည့် ဆုတံဆိပ်များဖြစ်ပြီး ယခုနှစ်အတွက်ရလာဒ်များကို နိုင်ငံပေါင်း (၁၀၀)ကျော်ရှိခရီးသည်ပေါင်း သန်း (၂၀)ကျော်မှသတ်မှတ် ဆုံးဖြတ်ပေးခြင်းဖြစ်သည်။ စစ်တမ်းများကို ၂၀၁၇ခုနှစ်၊ ဩဂုတ်လမှ ၂၀၁၈ခုနှစ်၊ မေလအတွင်းလေကြောင်းလိုင်းပေါင်း (၃၃၅)ခုကျော်မှ ကောက်ယူစုဆောင်းထားခြင်းဖြစ်သည်။

Emirates သည် ဆန်းသစ်တီထွင်မှုပိုင်းတွင် ရှေ့ဆောင်လေကြောင်းလိုင်းတစ်ခုအဖြစ် ရပ်တည်နေခဲ့ပြီး (၁၉၉၂)ခုနှစ်မှစ၍ တီဗီဖန်သားပြင်များကို လေယာဉ်တိုင်းရှိထိုင်ခုံတိုင်းတွင် ပထမဆုံး ထည့်သွင်းပေးခဲ့သောလေကြောင်းလိုင်းလည်းဖြစ်သည်။ Emirates သည်ဆုတံဆိပ်များစွာ ဆွတ်ခူးရရှိထားပြီးဖြစ်သည့် လေယာဉ်တွင်းဖျော်ဖြေရေးစနစ်တစ်ခုဖြစ်သော ice -e နည်းပညာဖြင့် ပြီးပြည့်စုံ၍ဆန်းသစ်ခေတ်မီသော ဖျော်ဖြေရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများအား ခရီးသည်များထံပေးအပ်လျက်ရှိသည်။ ထို့အပြင် ကလေးငယ်များအတွက် ရုပ်သံလိုင်းပေါင်း (၁၀၀)ကျော်နှင့် ကမ္ဘာအရပ်ရပ်မှရုပ်ရှင်ကားပေါင်း (၈၅၀)ကျော်ပါဝင်သည့် ဖျော်ဖြေရေးလိုင်းပေါင်း (၃၅၀၀)ကျော်ကိုလည်း ထားရှိပေးထား သည်။

များပြားလှစွာသော ရွေးချယ်ကြည့်ရှုစရာများအပြင် Emirates သည် ခရီးသည်များအတွက် မြန်ဆန်သော ချိတ်ဆက်မှုနှင့် Live (တိုက်ရိုက်ထုတ်လွှင့်သော) ရုပ်သံလိုင်းကိုပါပံ့ပိုးပေးနိုင်ရန်ရင်းနှီးမြှုပ်နှံလျက်ရှိသည်။ Boeing 777-200LR နှင့် 777-300 ER လေယာဉ်အမျိုးအစား အားလုံးအပါအဝင် Emirates လေယာဉ်များ၏ (၇၀)ရာခိုင်နှုန်းတွင် Live ရုပ်သံများ ကြည့်ရှုနိုင်မည့် ဝန်ဆောင်မှုများ ပါရှိပြီး Live ရုပ်သံလိုင်းများမှတဆင့် ခရီးသည်များနှင့် အားကစား ပါသနာရှင်များသည် Sport 24 နှင့် Sport 24 Extra တို့တွင် ထုတ်လွှင့်ပြသသောကစားပွဲများနှင့်ဖလားပြိုင်ပွဲများကို တိုက်ရိုက် ကြည့်ရှုနိုင်မည်ဖြစ်သည့် အပြင်ခရီးသည်များသည် နိုင်ငံတကာသတင်းရုပ်သံလိုင်းများဖြစ်သော CNN၊ BBC World News၊ Sky News၊ Euro News၊ CNBC နှင့် NHK World အစရှိသည်တို့ကိုလည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။ လက်ရှိတွင် Boeing 777 နှင့် Emirates A380အပါအဝင် Emirates လေယာဉ်ပေါင်း (၁၇၀)ကျော်တွင် Live ရုပ်သံလိုင်းများကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

Mister & Miss New Face Model of Myanmar 2018 ပြိုင်ပွဲ Winner များ မိတ်ဆက်အပ်နှံ



Mister & Miss New Face Model of Myanmar 2018 ပြိုင်ပွဲဝင် Winner ရရှိသူများ စာနယ်ဇင်းမီဒီယာများသို့ မိတ်ဆက်အပ်နှံခြင်းကို ဇူလိုင်လ (၃၁)ရက်ညနေ (၃)နာရီက ယုဇနဟိုတယ်၌ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် ခေါင်းစဉ်အသီးသီးဖြင့် Winner ဆုရအလှမယ်များဖြစ်သည့် ကြွေရှိုချိုပြုံး၊ ပန်ပန်၊ မီမီအောင်၊ နွဲ့ဝင်းယုဉ်မြင့်မိုရ်၊ အိမ်မက်မာန်၊ အေးအိန္ဒြာသော်နှင့် အလှမောင်များဖြစ်သည့် သီဟနိုင်၊ ဝေယံဦး၊ စည်သူထက်၊ နေသူနိုင်၊ ဇွဲထက်ရာ၊ ဝင်းစည်သူ၊ မြတ်ဘုန်းမာန်တို့အား မိတ်ဆက်အပ်နှံပေးခဲ့ပြီး အလှမယ်/အလှမောင်များထဲမှ Brand Ambassador အဖြစ် ရွေးချယ်ခန့်အပ်ပေးခဲ့သည်။

မိတ်ဆက်ပေးခဲ့သည့် အလှမယ်/အလှမောင်များဖြစ်သည့် The Model of Myanmar Beauty Pageant မှ ဦးစီးပြီး ဇူလိုင်လ (၂၀)ရက်က ကျင်းပခဲ့သည့် Mr & Miss New Face Model of Myanmar 2018 မှ Winner ရရှိခဲ့ပြီး Organi -zation မှ ရွေးချယ်ခဲ့သော Mr နှင့် Miss များဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

Eliza Skin တစ်နှစ်မြည့်မွေ ကျင်းပခဲ့

ELIZA

BE FLAWLESS, BE CONFIDENT


အလှအပမြတ်နိုးသူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနေသော Eliza Skin တစ်နှစ်ပြည့်အခမ်းအနားကို ဇူလိုင်လ ၂၈ရက်ည နေ့နာရီက ဂျန်းရှင်းစီးတီးတွင်ကျင်းပခဲ့သည်။


Eliza Skin သည် ၂၀၁၈ခုနှစ်၊ မတ်လကတစ်နှစ်ပြည့်ခဲ့ပြီး တစ်နှစ်တာအတွင်းအားပေးခဲ့သည့် Blogger များနှင့် အနုပညာရှင်များကိုကျေးဇူးတုံ့ပြန်လိုသောကြောင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ အမြဲတမ်းအားပေးနေသည် Customer များအဘက်ဘက်မှဝိုင်းဝန်းပံ့ပိုးပေးသူများကြောင့် တစ်နှစ်အတွင်းအောင်မြင်၊ လူသိများလာကြောင်း၊ ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်တစ်နှစ်ပြည့်ပွဲကျင်းပရတာဖြစ်ပြီး၊ ပွဲတွင် VIP Customer Regular Cus tower များအတွက် အထူးပရိုမိုးရှင်းအဖြစ် Special Reward ပေးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပွဲတွင် အလှဖန်တီးရှင် ခင်စန်းဝင်း၊ ညီညီမောင်(စမ်းချောင်း) နှင့်အလှမယ် ဂုဏ်ရည်အေးကျော်တို့က အလှအပအထွက်အကြံပြုစကားများပြောဆိုခဲ့ပြီး အဆိုတော် ရွှေထူး၊ Bobby Soxer နှင့် K pop Dancer အဖွဲ့များကဖျော်ဖြေပေးခဲ့ကြောင်းသိရသည်။

ကျော်ကျော်

အမေရိကန်စီးပွားရေး ၄ရာနှုန်းတိုးတက်ခဲ့သည့် ယခုနှစ် ဒုတိယ ၄ပတ်





အမေရိကန်စီးပွားရေး ဖွံ့ဖြိုးမှုသည် ယခုနှစ်ဒုတိယ ၄ပတ်တွင် ၄.၁ရာခိုင်နှုန်းမြင့်တက်ခဲ့သည်ဟု တရားဝင်ထုတ်ပြန်သည့် ကိန်းဂဏာန်းများတွင်ဖော်ပြထားသည်။ ယခင်စီးပွားရေးကျနေရာမှ ယခုလို တက်လာရခြင်းမှာ သူ၏မူဝါဒများ အောင်မြင်ကြောင်းပြသလိုက်ခြင်းဖြစ်သည်ဟု သမ္မတ ထရမ့်မှ ပြောသည်။ မစ္စတာ ထရမ့်၏ သွင်းကုန်ခွန် ကောက်ခံမှုနောက်ဆက်တွဲရလဒ်များကြောင့် ယခုတိုးတက်မှုနှုန်းသည် ရေရှည်တည်တံ့ နိုင်မလားဟု စီးပွားရေးပညာရှင်များက မေးခွန်းထုတ်လိုက်သည်။

ထိုကိန်းဂဏာန်းများကို ဆက်လက်ထိန်းထားနိုင်မည်ဟု သူယုံကြည်ကြောင်း တစ်ကြိမ်တစ်ခါတည်း ခုနှစ်တက်ခြင်းမျိုးမဟုတ်ဘဲ လာမည့်လေးပတ်တွင် ထူးခြားတိုးတက်မည်ဟုထင်ကြောင်း အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲတွင် ထရမ့်ကပြောသည်။ ယခုဖွံ့ဖြိုးမှုနှုန်းသည့် ၂၀၁၄ခုနှစ်နောက်ပိုင်း အမြင့်ဆုံးစီးပွားရေးတိုးတက်ခြင်းဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအကြား တိုးတက်မှုအမြင့်မားဆုံးလည်းဖြစ်သည်။

တရုတ်သည် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးကုန်သွယ်ရေး စစ်ပွဲကြီးကို အမေရိကန်မှ စတင်လိုက်သည်ဟု စွပ်စွဲပြောကြားခဲ့သည်။ ဒေါ်လာ ၃၄ ဘီလီယံတန်ဖိုးရှိသည့် တရုတ်ကုန်ပစ္စည်းများအပေါ်တွင် အမေရိကန်မှ အခွန်စည်းကျပ်မှုကို ဇူလိုင်လ ၆ရက်နေ့တွင်စတင်လိုက်ပြီး တရုတ်ဘက်မှ တုံ့ပြန်သည့်အနေဖြင့် အမေရိကန်ဒေါ်လာပေါင်း ထောင်နှင့်ချီတန်ဖိုးရှိသည့် အမေရိကန်ကုန်ပစ္စည်းများအပေါ် အခွန်ကောက်မည်ဟု ပြန်လည်ခြိမ်းခြောက်ခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က တရုတ်၏ ၂၀၁၇ခုနှစ်၏ စုစုပေါင်းသွင်းကုန် အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀တန်ဖိုးရှိသည့် တရုတ်ကုန်ပစ္စည်းများကို ပစ်မှတ်ထားအခွန်ကောက်မည်ဟု ပြန်လည်ခြိမ်းခြောက်ခဲ့သည်။ တရုတ်နှင့် အမေရိကန်ကြားတွင် ကုန်သွယ်ရေးအငြင်းပွားမှုများမှ ပို့ကုန်များအပေါ်တွင် အခွန်များတိုးကောက်မည်ဟု ပြန်လည်ခြိမ်းခြောက်ခဲ့ရာမှ ယခုအမှန်တကယ်လုပ်ဆောင်နေကြသည့် အခြေအနေကို ရောက်ရှိနေပြီးဖြစ်သည်။

ဇူလိုင်လဆန်းပိုင်းတွင် အမေရိကန်၏ တရုတ်သွင်းကုန်အပေါ် ၂၅ရာခိုင်နှုန်းအခွန်စည်းကျပ်မှုစတင် သက်ဝင်ခဲ့သည်။ ထိုအရာသည် ဥဏာပစွဲညဉ်းခိုးယူမှုများကို တိုက်ဖျက်ရန်အတွက် လုပ်ဆောင်ခြင်းဖြစ်သည်ဟု အမေရိကန်မှ ပြောကြားလိုက်သည်။ တရုတ်ဘက်မှ ယခုလိုပြုလုပ်ခြင်းသည် လုံးဝအဓိပ္ပာယ်မရှိ၊ မမှန်မကန်ဆောင်ရွက်နေခြင်းများကို မည်သူမျှလက်မခံသင့်၊ သူတို့၏ တရားဝင်ဖြစ်သည့် အကျိုးစီးပွားကို ထိပါးမည်ဆိုပါက မည်သည့်အကြောင်းအချက်ကိုမျှ မကြည့်ဘဲတန်ပြန်လုပ်ဆောင်သွားမည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Lukang ကပြောသည်။

သမ္မတဘုရှ်လက်ထက်က အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေးဆိုင်ရာဒုတိယကိုယ်စားလှယ် John Veroneau က လွန်ခဲ့သည့် ၁ဝနှစ်အတွင်း တရုတ်နိုင်ငံသည် ကုန်သွယ်ရေးတွင် အထူးသဖြင့် ပို့ကုန်များများ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန် အနည်းငယ်သာ သွင်းရန်လုပ်ဆောင်ခဲ့သည်။ ထိုအကြောင်းအရာသည် အမေရိကန်ဘက်မှ တရုတ်နှင့်ရင်ဆိုင်ရမည့် အခြေအနေတစ်ရပ်ဖြစ်သည်ဟု ခံစားခဲ့ရသည်ဟု ပြောသည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် တရုတ်နှင့် ထိပ်တိုက်ရင်ဆိုင်ရန် လိုအပ်ကြောင်းပြောဆိုလိုက်သည်။

အမေရိကန်စီးပွားရေးနယ်ပယ်တွင် ယခုကုန်သွယ်ရေးစစ်ပွဲသည် မည်မျှသောအချိန်အထိ ဆက်လက်ဖြစ်ပေါ်နေမလဲဆိုတာကို စိုးရိမ်ပူပန်မှုများရှိနေကြောင်း ထင်မြင်သူများက သုံးသပ်ပြောကြားလိုက်သည်။ အမေရိကန်သမ္မတထရမ့်သည် တရုတ်မှ ဝင်သည့်ကုန်ပစ္စည်းများကြောင့် အမေရိကန်အလုပ်အကိုင်အခွင့်အလမ်းများ မထိခိုက်စေရန်နှင့် အမေရိကန်နည်းပညာများ တရုတ်သို့ တစ်ဖက်စောင်းနင်းရောက်ရှိမသွားစေရန်ဆိုသည့် နောက်ခံရည်ရွယ်ချက်များဖြင့် ယခုလို တရုတ်နိုင်ငံ၏ သွင်းကုန်များအပေါ်တွင် တိုးမြှင့်ကောက်ခံလိုက်ခြင်းဖြစ်သည်။

အမေရိကန်သို့ တင်သွင်းသည့် အဝတ်လျော်စက်၊ နေစွမ်းအင်ပြားများကို အခွန်ကောက်ခံခဲ့ပြီး ဥရောပသမဂ္ဂ၊ မဏ္ဍာဆီကိုနှင့် ကနေဒါတို့မှ တင်သွင်းသည့် သံမဏိ၊ အလူမီနီယံတို့ကိုလည်း စတင်အခွန်ကောက်ခံနေပြီးဖြစ်သည်။ တရုတ်ဘက်မှ ကုန်သွယ်ရေးအမူအကျင့်များ ပြောင်းလဲရန် ဆက်လက်ငြင်းပယ်နေမည်ဆိုလျှင် ဒေါ်လာဘီလီယံ ၂၀၀တန်ဖိုးရှိသည့် တရုတ်ကုန်ပစ္စည်းများကို အခွန် ၁ဝရာခိုင်နှုန်း ထပ်မံကောက်ခံမည်ဟု ခြိမ်းခြောက်ခဲ့သည်။

အမေရိကန်ဘက်မှ ယခုလကုန်ပိုင်းတွင် သမ္မတ ထရမ့်အကြံပြုထားသလို ၁၆ဘီလီယံတန်ဖိုးရှိသည့် ကုန်ပစ္စည်းများအပေါ်တွင် ထပ်မံအခွန်ကောက်ခံရေး ဆွေးနွေးမည်ဟု အိမ်ဖြူတော်ကပြောသည်။

လရောင်

လူ ၄သန်းကို နိုင်ငံသားဖြစ်ခွင့် ရုပ်သိမ်းမည်ဟု ကြေညာလိုက်သည့် အိန္ဒိယ

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် ၁ဝစုနှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသည့် လူ ၄သန်းအား နိုင်ငံသားဖြစ်ခွင့် ရုပ်သိမ်းမည်ဟု တာဝန်ရှိသူများက ထုတ်ပြန်လိုက်သည်။ လူအများစုသည် ဘင်္ဂလီစကားပြော အစ္စလာမ်ဘာသာဝင်များဖြစ်ကြသည်။ ၄င်းတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဟုမဖြစ်ပေါ်မီ ၁၉၇၁ခုနှစ် မတိုင်ခင်ကတည်းမှ အိန္ဒိယနိုင်ငံတွင် နေထိုင်ခဲ့ကြောင်း သက်သေပြရန် လိုအပ်သည်ဟုဆိုသည်။

ယခုလို ဆောင်ရွက်ရသည်မှာလည်း ဘင်္ဂလားဒေ့ရှ်မှ တရားမဝင်ဝင်ရောက် နေထိုင်ကြသူများကို ရှင်းလင်းလိုသည့်အတွက် ဖြစ်သည်ဟု အိန္ဒိယတာဝန်ရှိ သူများက ပြောသည်။ လူစာရင်းများ ထုတ်ပြန်ခဲ့မှုကြောင့် အကြမ်းဖက်မှုများ ပေါ်ပေါက်လာမည်ကို စိုးရိမ်လာသည့်အတွက်ယခုလက် တလောအချိန်တွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချက်ချင်းနိုင်ငံအတွင်းမှ နှင်ထုတ်သွားမည်မဟုတ်ဟု တာဝန်ရှိသူများက ပြောသည်။ လူ၄သန်းသည် ၄င်းတို့၏နိုင်ငံသားဖြစ်မှုအတွက် တရားရုံးတွင် အယူခံဝင်ခွင့်ရရှိမှာဖြစ်ပြီး ရှည်ကြာသည့် တရားရင်ဆိုင်မှုများနှင့် ကြုံတွေ့ရဖွယ်ရှိနေသည်။

၁၉၇၁ခုနှစ်၊ မတ်လ ၂၅ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံမှ ခွဲထွက်ခဲ့ပြီး သီးခြားလွတ်လပ်ရေးကြေညာခဲ့သည်။ ထိုအချိန်တွင် နှစ်နိုင်ငံစစ်ဖြစ်ပွားခဲ့ပြီး သန်းနှင့်ချီသည့် လူအများသည် အိန္ဒိယနိုင်ငံအာသံပြည်နယ်သို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။ ထိုစစ်ပွဲမတိုင်မီ အာသံပြည်နယ်တွင် ရောက်ရှိနေထိုင်ကြသည့် လူများကို အိန္ဒိယအစိုးရမှ နိုင်ငံသားအဖြစ် အသိအမှတ်ပြုထားသည်။ လက်ရှိအာသံပြည်နယ်တွင် စုစုပေါင်းလူဦးရေသန်း ၃၀ မျှနေထိုင်သည်။

အိန္ဒိယအနေဖြင့် တရားမဝင်နေထိုင်ကြသည့် အစ္စလာမ်ဘာသာဝင်များကို တိုင်းပြည်မှ နှင်ထုတ်မည်ဟုဆိုပြီး လက်ရှိအာဏာရပါတီနှုန်းအမျိုးသားရေးပါတီအဖြစ် လူသိများသည့် BJP ပါတီ၏ ခေါင်းဆောင်ဝန်ကြီးချုပ် နာရမ်ဒရာမိုဒီမှ ပြောဆိုလိုက်သည်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူ ၄သန်းကို ၄င်းတို့နိုင်ငံသို့ ပြန်ပို့မည်ဆိုသည့် အိန္ဒိယ၏ ပြောဆိုချက်များကို လွယ်လင့်တကူလက်ခံရန် မရှိဟုသိရသည်။

လရောင်

ဗီယက်နမ်မှ Landmark 81 မိုးမျှော်တိုက်ဖွင့်



အမြင့်ပေ ၁၅၀၀ကျော်၊ အထပ်ပေါင်း ၈၁ထပ်ရှိပြီး Landmark 81 မိုးမျှော်အဆောက်အဦကြီးသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမြို့ကို လာကြသည့် ဧည့်သည်များ၊ ဒေသခံများကို စတင်လက်ခံလည်ပတ်ခွင့်ပေးနေပြီဖြစ်သည်။

ထို ၈၁ထပ်အဆောက်အဦကြီးကို Vin Group ပုဂ္ဂလိကအိမ်နှင့် မြေယာလုပ်ငန်းကုမ္ပဏီစုများက ပိုင်ဆိုင်ခြင်းဖြစ်သည်။ Binh Thanh ရပ်ကွက်တွင် တည်ရှိသည်။ ထိုအဆောက်အဦတွင် ပြည်တွင်း၊ ပြည်ပ နိုင်ငံကျော်အမှတ်တံဆိပ်ဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ဧရာခြေပြင် စကိတ်စီးနိုင်သည့် နေရာအပြင် အခြားဖျော်ဖြေရေးဆိုင်ရာ အပန်းဖြေနေရာများနှင့် စားသောက်ဆိုင်များလည်း ရှိသည်။

Vin Group ကုမ္ပဏီ၏ ၂၅နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဖွင့်ပွဲတွင် ပြိုင်ကားများခင်းကျင်းပြသမှု၊ ဒေသအနုပညာရှင်များ၏ ဖျော်ဖြေမှုနှင့် ရေခဲပြင်စကိတ်အလှစီးသူများလည်း ပါဝင်ဖျော်ဖြေခဲ့ကြသည်။ ထိုအဆောက်အဦကြီးကို ဖွင့်လှစ်ခြင်း၏ အကြောင်းအရင်းမှာ ဆိုင်ငံ့ဟုအမည်တွင်သည့် ဟိုချီမင်းစီးတီးမြို့ကို ပြည်တွင်း၊ ပြည်ပခရီးသည်များ ပိုမို ဝင်ထွက်သွားလာနိုင်အောင် စွဲဆောင်ခြင်းလည်းဖြစ်သည်။

ယခုနှစ် ပထမနှစ်ဝက်တွင် ခရီးသည် ၃.၈၃သန်း လာရောက်လည်ပတ်ခဲ့ကြသည်။ ပြီးခဲ့သည့် နှစ်နှင့် ယှဉ်လျှင် ၂၆.၃ရာခိုင်နှုန်းများပြားခဲ့ကြောင်း သိရသည်။ ထိုအဆောက်အဦသည် အရှေ့တောင်အာရှဒေသတစ်ခုလုံးတွင် အမြင့်ဆုံး အထပ်မြင့်အဆောက်အဦဖြစ်ကြောင်းသိရသည်။

လရောင်

ခရီးသည်တင်လေယာဉ်တစ်စီး လေယာဉ်ကွင်းမှ ထွက်ခွာပြီး မိနစ်ပိုင်းအတွင်းပျက်ကျ

မဏ္ဍာဆီကိုနိုင်ငံ ဒူရဗ်ဝိုမြို့မှ နိုင်ငံတကာလေဆိပ်တွင် ခရီးသည်တင်လေယာဉ်တစ်စီး လေယာဉ်ကွင်းမှ ထွက်ခွာပြီး မိနစ်ပိုင်းတွင် ပျက်ကျခဲ့သည်။ ပျက်ကျခဲ့သည့် လေယာဉ်တွင် လိုက်ပါခဲ့သည့်ခရီးသည် ၁၀၁ဦးတွင် ၈၅ဦးဒဏ်ရာရရှိခဲ့သည်ဟု မြို့တော်ဝန်မှ သူ၏ တွစ်တာတွင် ရေးသားထားသည်။ ၂ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်ဟု ၄င်းမှ ပြောသည်။ လေယာဉ်ပျက်ကျရာတွင် သေဆုံးသူမရှိကြောင်း သိရသည်။

AM 2431 လေယာဉ်သည် ဒူရဗ်ဝိုမြို့၏ ဗစ်တိုးရီးယားနိုင်ငံတကာလေဆိပ်မှ မဏ္ဍာဆီကိုစီးတီးကို ပျံသန်းပြေးဆွဲနေသည့် လေယာဉ်ဖြစ်သည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၉၇ဦး လေယာဉ်အမှုထမ်း ၄ဦး လိုက်ပါခဲ့ခြင်းဖြစ်ပြီး ၃၇ဦးကို ဆေးရုံတွင် တင်ဆောင်ထားသည်။

ခရီးသည်များ၏ အမည်နှင့်နိုင်ငံများကို ဖော်ပြထားခြင်းမရှိကြောင်းသိရသည်။ လေဆိပ်အော်ပရေတာများ၏ မှတ်တမ်းများအရ ရာသီဥတုဆိုးရွားနေသည့် အခြေအနေများတွင် ထွက်ခွာခဲ့ပြီးနောက် အရေးပေါ်ပြန်လည်ဆင်းသက်ရာမှ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းဖော်ပြထားသည်။

လေယာဉ်ပျက်ကျချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အချိန်မီ ငြိမ်းသတ်နိုင်ခဲ့သဖြင့် မီးလောင်ဒဏ်ရာရရှိသူမရှိကြောင်း၊ လေယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီးချိန်တွင် ဂွါတာလူဗီ ဗစ်တိုးရီးယားနိုင်ငံတကာလေဆိပ်ကို ပိတ်ထားခဲ့ကြောင်းသိရသည်။

လရောင်



လူ ၁၉ဦး ဒဏ်ရာရရှိခဲ့သည့် ဂျပန်တိုက်ဖွန်းမုန်တိုင်း

ဂျပန်နိုင်ငံ တိုကျိုမြို့၏ အနောက်ပိုင်းဒေသတွင် ပြင်းထန်သည့် တိုက်ဖွန်းမုန်တိုင်းကြောင့် အနည်းဆုံး လူ ၁၉ဦး ဒဏ်ရာရရှိခဲ့ပြီးနေအိမ်များ ထောင်နှင့်ချီ၍ လျှပ်စစ်မီးပြတ်တောက်ခဲ့ရသည်။ တိုက်ဖွန်း Jongdari သည် ဂျပန်၏ အဓိက Honshu ကျွန်းပေါ်ကို ဝင်ရောက်ခဲ့ရာတွင် တိုက်ဖွန်းကြောင့် မိုးသည်းထန်ခဲ့ပြီး တစ်နာရီ ၁၁၀မိုင်နှုန်းဖြင့် လေပြင်းများတိုက်ခတ်ခဲ့သည်။

တိုက်ဖွန်းသည် ကုန်းတွင်းပိုင်းကို ဝင်ရောက်ခဲ့ပြီးနောက် မိုးလေဝသမှတာဝန်ရှိသူများသည် တိုက်ဖွန်းမုန်တိုင်းအဆင့် လျော့ကျသွားခဲ့သော်လည်း သည်းထန်သည့်မိုးကြောင့် မြေပြိုနိုင်သည်ဟု သတိပေးချက်များ ထုတ်ပြန်ထားသည်။ မုန်တိုင်းသည် အနောက်သို့ ရွေ့လျားသွားပြီးထောင်နှင့် ချီသည့် ပြည်သူများကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ရန် တိုက်တွန်းခဲ့သည်။

Shobara နှင့် Kure မြို့မှ လူဦးရေ ၎သန်းကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် ညွှန်ကြားထားသည်။ ဟီရိုရှီးမား အုပ်ချုပ်ရေးမှူး Hidehiko Yuzaki က ဘေးလွတ်ရာပြောင်းရွှေ့ကြသည့် လမ်းကြောင်းများတွင် လေပြင်းနှင့် ရေကြီးမှုများကြောင့် လမ်းကြောင်းများပိတ်သွားပြီး လူအများ မရွှေ့နိုင် မပြောင်းနိုင်ဖြစ်မည်ကို စိုးရိမ်နေသည်ဟု ပြောကြားခဲ့သည်။

လူအများ ဘေးကင်းရန် ကြိုတင်ပြီး ဘေးလွတ်ရာကို ပြောင်းရွှေ့စေရန် ဆန္ဒရှိသည်ဟု ၎င်းမှ ပြောသည်။ တိုကျိုမြို့အနောက်ပိုင်းကမ်းခြေတွင် ပြင်းထန်သည့်လိုင်းများက ကျောက်ဆောင်များကို ရိုက်ခတ်နေသည့် ပုံရိပ်များကို တွေ့မြင်ကြရသဖြင့် ရေကြောင်းခရီးလမ်းကြောင်းများကိုလည်း ရပ်နားထားရသည်။

မုန်တိုင်းသည် ပင်လယ်ကမ်းခြေသို့ နီးကပ်လာခြင်းကြောင့် ရာနှင့်ချီသည့် ရေကြောင်းခရီးစဉ်များကိုလည်း ပယ်ဖျက်ခဲ့သည်။ ယခုလ အစောပိုင်းက ဂျပန်တွင်ရေကြီး၍ လူ ၈သန်းကျော် အိုးအိမ်များမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရပြီး လူ ၎သန်းကျော်လည်း ယာယီနေအိမ်များတွင် ခိုလှုံခဲ့ရသည်။ ဂျပန်နိုင်ငံကို အပူလှိုင်းဖြတ်သန်းခဲ့ပြီး သဘာဝဘေးအန္တရာယ်ဆိုးအဖြစ် အစိုးရမှ ကြေညာခဲ့သည်။ အပူလှိုင်းကြောင့် လူ ၈၀ကျော် သေဆုံးခဲ့ပြီး အပူရှပ်မှုကြောင့် လူ ၂သောင်းကျော်ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ကြသည်။

လရောင်

လျှပ်စစ်မီးလုံလောက်စွာ မရရှိသည့်အတွက် အီရတ်မှ လျှပ်စစ်ဝန်ကြီးအား အလုပ်ဖြုတ်

အီရတ်တွင် လျှပ်စစ်မီးလုံလုံလောက်လောက်မရရှိသည့်အတွက် အစိုးရကို မကျေနပ်သည့် ဆန္ဒပြမှုများ ၃ပတ်မျှ ဖြစ်ပွားခဲ့အပြီး ဝန်ကြီးချုပ်ဟိုင်ဒါ အလီအဘာဒီက လျှပ်စစ်ဝန်ကြီး ကတ်ဆမ်အလ်ဖာဒါဝီကို အလုပ်ထုတ်လိုက်သည်။ အလုပ်ထုတ်ပစ်ရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြပြီး လျှပ်စစ်မီးရရှိမှုအခြေအနေပိုမိုဆိုးရွားလာမှုကြောင့် မစ္စတာ ဖာဒါဝီကို ထုတ်ရခြင်းဖြစ်သည်ဟု အစိုးရမှ ထုတ်ပြန်ထားသည်။

မစ္စတာ ဖာဒါဝီသည် လျှပ်စစ်ဝန်ကြီးအဖြစ် ၂၀၁၄ခုနှစ်၊ စက်တင်ဘာလတွင် အဘာဒီအစိုးရအဖွဲ့မှ လျှပ်စစ်ဝန်ကြီးအဖြစ် ထမ်းဆောင်စေခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၀၉ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ Anbar ၏ အုပ်ချုပ်ရေးမှူးအဖြစ် လည်းတာဝန်ထမ်းဆောင်ခဲ့သည်။ ပါလီမန်ရွေးကောက်ပွဲအတွင်း မဿမမှုနှင့် လိမ်လည်မှု စွပ်စွဲခံရပြီး ရွေးကောက်ပွဲအရာရှိ ၅ဦးကို ထုတ်ပယ်ရန် အဘာဒီ၏ ထောက်ခံချက်ကို လွှတ်လပ်သည့် ရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုပြီးနောက် လျှပ်စစ်ဝန်ကြီးကို ထုတ်ပယ်လိုက်ခြင်းလည်းဖြစ်သည်။

အီရတ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ပိုင်းမြို့များတွင် ဖြစ်ပွားခဲ့သည့် ထိုဆန္ဒပြပွဲများတွင် လျှပ်စစ်မီးကိစ္စအပြင်၊ အလုပ်လက်မဲ့များပြားမှု၊ သောက်ရေသန့်မရရှိမှုနှင့် အစိုးရစီမံခန့်ခွဲရေး ညံ့ဖျင်းမှုများကိုလည်း ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

၂၀၁၃ခုနှစ် နောက်ပိုင်း အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန် အဖြုတ်ခံရပြီး စစ်ကြောင့် ပျက်စီးခဲ့ရသည့် လျှပ်စစ်ဓာတ်အားလိုင်းများကို ပြန်လည်တည်ဆောက်ရန် အမေရိကန်ဒေါ်လာ ဘီလီယံ ၎ဝအထိ အစိုးရက လျှာထားခဲ့ပြီး လျှပ်စစ်ဝန်ကြီးအဆက်ဆက်က အကျင့်ပြတ်ချစားမှုများရှိနေခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံတစ်ဝှမ်း တစ်ရက်ကို နာရီအနည်းငယ်မျှ နည်းရရှိသည့် အတွက် လမ်းနောက်များတွင် မီးစက်မောင်းပြီး လျှပ်စစ်ဓာတ်အားရောင်းချသူများထံမှ ပြည်သူများ ဝယ်ယူနေခဲ့ရသည်။

မဿမမှုများ၊ လိမ်လည်မှုများရှိနေသည်ဟု သတင်းများရှိနေခဲ့သည့် အီရတ်ရွေးကောက်ပွဲနောက်ပိုင်း နိုင်ငံရေးသမားများက အစိုးရဖွဲ့ရန် ရုံးကန်နေရသဖြင့် ပြည်သူလူထုကလည်း နိုင်ငံတွင်းရင်ဆိုင်နေရသည့် အခက်အခဲများကြောင့် မကျေနပ်မှုများ မြင့်တက်ခဲ့ရသည်။

လရောင်

ယူကေအစိုးရကို ဝန်ကြီးချုပ်ဟောင်း ယင်လတ်အား လွှဲပေးရန် ထိုင်းအစိုးရမှ တောင်းဆို



ထိုင်းဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်သည် ယူကေနိုင်ငံတွင် နေထိုင်သည်ဟု ယူဆသဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရန် ထိုင်းအစိုးရမှ တောင်းဆိုလိုက်သည်။ လန်ဒန်မြို့ရှိ ထိုင်းသံရုံးမှ ဖြိတ်နိန်နိုင်ငံခြားရေးနှင့် ဓနသဟာယအဖွဲ့ရုံးကို ဇူလိုင်လ (၃၀)ရက် ရက်စွဲဖြင့် စာရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။

၂၀၁၄ခုနှစ်တွင် ထိုင်းစစ်တပ်မှ အာဏာသိမ်းယူပြီး ဝန်ကြီးချုပ်ဟောင်း ယင်လတ်ရှင်နာဝပ်ကို ဖြုတ်ချခဲ့သည်။ ထိုင်းအစိုးရမှငွေ စိုက်ထုတ်ပြီး လယ်သမားများထံမှ ဆန်စပါးဝယ်ယူခဲ့သည့် စီမံကိန်းလုပ်ဆောင်မှုအတွက် ဝန်ကြီးချုပ်ဟောင်း ယင်လတ်တရား၀ွဲခဲ့ခဲ့ခြင်းဖြစ်သည်။ ထို့အတွက် ထိုင်းနိုင်ငံ၏ ဘဏ္ဍာငွေ ဒေါ်လာ ဘီလီယံနှင့် ချီပြီး ဆုံးရှုံးခဲ့ရသည်။ ၂၀၁၆ခုနှစ်တွင် ယင်လတ်ကို တရားရုံးတွင် နာကြားစစ်ဆေးမှုပြုလုပ်ခဲ့သည်။

၂၀၁၇ခုနှစ်၊ ဩဂုတ်လတွင် အမိန့်ချမှတ်မည့် နေ့တွင် ဝန်ကြီးချုပ်ဟောင်း ယင်လတ် တရားရုံးကို ရောက်လာခဲ့ခြင်းမရှိပါ။ ၂၀၁၇ခုနှစ်၊ စက်တင်ဘာလတွင် ၎င်း၏ မျက်ကွယ်တွင် ထောင်ဒဏ် ၅နှစ်ချမှတ်ခဲ့သည်။

ယင်လတ်မှ သူ့အနေဖြင့် တစ်စုံတစ်ရာ အမှားအယွင်းမလုပ်ခဲ့ကြောင်းနှင့် ထိုနာကြားစစ်ဆေးမှုသည် နိုင်ငံရေးနှင့် ဆက်နွယ်မှုရှိသည်ဟု ပြောသည်။ ထို့နောက်တွင် ယင်လတ်ကို ဖမ်းဝရမ်းထုတ်ပြန်ခဲ့သည်။ ယင်လတ်သည် ထိုင်းနိုင်ငံမှ ပြည်ပသို့ ထွက်ခွာသွားခဲ့သည်ဆိုသော သတင်းများထွက်ပေါ်လာခဲ့သည်။ ထိုင်းအစိုးရမှ ယင်လတ်ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးရန် ၎င်းခိုလှုံနေသည့် ဗြိတိန်နိုင်ငံကို တောင်းဆိုခဲ့သည်။

ထိုင်းဝန်ကြီးချုပ် ပရာယွတ်ကျန်အိုချားသည် ထိုင်းနှင့် ယူကေ နိုင်ငံခြားမှတရား၁ံ ပြန်လည်လွှဲပြောင်းပေးရေးဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးထားသည့်အတွက် ယခုလို မေတ္တာရပ်ခံရန် လိုအပ်သည်ဟု ရှိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြည်ပတွင် နေထိုင်သူများကို သွားရောက်ဖမ်းဆီးရန် မရနိုင်ကြောင်း ၎င်းကို ဖမ်းပြီး ထိုင်းနိုင်ငံကို ပြန်ပို့ရန်ဆိုသည်မှာ ၎င်းနေထိုင်သည့် နိုင်ငံအပေါ်တွင်မူတည်ကြောင်းကိုလည်းဖော်ပြခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ယင်လတ်နှင့် ၎င်း၏ အကို ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်တို့သည် ထိုင်းနိုင်ငံ၏ နိုင်ငံရေးလောကကို ဆယ်စုနှစ် တစ်ခုကျော်ဩဇာလွှမ်းမိုး နေခဲ့ကြသည်။

လရောင်

ပါကစ္စတန်နိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲရလဒ်ကို လက်မခံ

ပါကစ္စတန်နိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်များအရ ခရစ်ကဒ်လက်ရွေးစင်ကစားသမားဟောင်း အင်မရမ်ခန်း ဝန်ကြီးချုပ်ဖြစ်ရန် သေချာနေပြီဖြစ်သော်လည်း နိုင်ငံရေးပါတီ တော်တော်များများမှ မဲရလဒ်ကို လက်မခံဟု ကန့်ကွက်လိုက်သည်။ ယခုမဲရလဒ်များအရ အင်မရမ်ခန်း၏ PTI ပါတီမှ အသာရနေပြီး ၎င်းတို့ပါတီအနိုင်ရသည်ဟု ကြေညာထားသည်။ ပြိုင်ဘက်ပါတီများမှ မဲလိမ်မှုများရှိသည်ဟု စွပ်စွဲပြောဆိုလိုက်သည်။

အစ်စလာမာဘာဒ်မြို့တွင် ပြိုင်ဘက်နိုင်ငံရေးပါတီများ ပူးပေါင်းဆွေးနွေးခဲ့ကြအပြီးတွင် ပါတီခေါင်းဆောင်တစ်ဦးမှ ရွေးကောက်ပွဲအသစ်တစ်ခု ပြန်လည်ကျင်းပပေးရန် တောင်းဆိုဆန္ဒပြမည်ဟုပြောသည်။ ထိုပြိုင်ဘက်ပါတီများတွင် အဂတိလိုက်စားမှုစွပ်စွဲချက်ဖြင့် အကျဉ်းချခံနေရသည့် ဝန်ကြီးချုပ်ဟောင် နဝါဇ်ရှာရစ်ဖ်၏ ညီဖြစ်သူ ရှာဘာ့ဇ်ရှာရစ်ဖ်ခေါင်းဆောင်သည့် PML-N ပါတီလည်းပါဝင်သည်။

PML-N ပါတီသည် သူတို့ပါတီအနေဖြင့် အခြားသောပါတီများနှင့် ဆွေးနွေးပြီးပါလီမန်ကို သတိတ်မှောက်ခြင်းလုပ်ဆောင်ရန် သုံးသပ်နေသည်ဟုပြောသည်။ ရွေးကောက်ပွဲအပြီးတွင် ပူးတွဲနည်းဗျူဟာတစ်ခုရေးဆွဲရန် ပါတီပေါင်း ၁၅ခု၏ ခေါင်းဆောင်များကို အစည်းအဝေးခေါ်ယူခဲ့ခြင်းဖြစ်သည်။

မဲရလဒ်အများစုကို ရေတွက်ပြီးချိန်တွင် ပါလီမန်အမတ်နေရာ ၂၇၂နေရာတွင် အင်မရမ်ခန်း၏ PTI ပါတီမှ ၁၁၅နေရာရရှိထားပြီး PML-N ပါတီမှ ၆၄နေရာရရှိထားသည်။ ဝန်ကြီးချုပ်အဖြစ် ၂ကြိမ်ထမ်းဆောင်ခဲ့ပြီး လုပ်ကြံခံခဲ့ရသူ ဘနဇ်ဇီယာဘူတို့၏ သားဖြစ်သူ ဘီလာဝါးလ်ဘူတိုဇာဒါဝီဦးဆောင်သည့် PPP ပါကစ္စတန်ပြည်သူ့ပါတီမှ အမတ်နေရာ ၄၃နေရာဖြင့် တတိယနေရာတွင် ရပ်တည်နေသည်။ ပြိုင်ဘက်ပါတီများ၏ အစည်းအဝေးကို PPP ပါတီ တက်ရောက်ခဲ့ခြင်းမရှိပါ။

အမတ်နေရာ အများဆုံးရရန်အတွက် ၁၃၇နေရာ ရရန်လိုအပ်သည်။ အင်မရမ်ခန်းအနေဖြင့် ဝန်ကြီးချုပ်ဖြစ်ဘာရန် ရှိနေပြီး ညွှန့်ပေါင်းအစိုးရဖွဲ့ရန် လိုအပ်သည်။ ပြိုင်ဘက်ပါတီအတော်များများမှ ရွေးကောက်ပွဲအသစ် ကျင်းပရေးတောင်းဆိုမှုများ စီစဉ်နေရာတွင် တကယ်တမ်းတောင်းဆို ဆန္ဒပြမှုများ ရှေ့တိုးလုပ်ဆောင်လျှင် ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာ မငြိမ်မသက်ဖြစ်လာနိုင်သည်။

PML-N ပါတီသည် ပါကစ္စတန်နိုင်ငံ၏ လူဦးရေအများဆုံး ပန်ဂျပ်ပြည်နယ်တွင် အစိုးရဖွဲ့နိုင်ရန် အပြင်းအထန်ကြိုးစားနေခြင်းလည်းဖြစ်သည်။ PML-N ပါတီအနေဖြင့် ဖယ်ဒရယ်အဆင့်တွင် အစိုးရဖွဲ့နိုင်မည်မဟုတ်သည့်အတွက် သူတို့အမြဲချုပ်ကိုင်ထားသည့် ပန်ဂျပ်ပြည်နယ်ကို ပြန်လည်ရရှိရန် စိတ်အားထက်သန်နေသည်။

လရောင်



မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်မှုအသစ်များ ပြုလုပ်နေသည်ဟု အမေရိကန်ပြော



ထောက်လှမ်းရေးပြုလုပ်တုမှ ရရှိသည့် သတင်းအချက်အလက်မှာတော့ပုံများအရ ဒုံးခွင်းဒုံးကျည်စမ်းသပ်မှုအသစ်များ ပြုလုပ်နေသည့်နေရာကို ခြေရာခံမိထားသည်ဟု အမည်မဖော်လိုသည့် အမေရိကန်အရာရှိ တစ်ဦးမှ ပြောသည်။ ဖြိုလ်တုမှာတော့ပုံတွင် စက်ရုံဝန်းထဲသို့ ယာဉ်များဝင်ထွက်နေကို တွေ့ရသည်။ မြို့တော် ပြုံးယမ်းအနီးမှ Sanumdong နျူကလီးယားစမ်းသပ်စက်ရုံအနီးတွင် ဒုံးခွင်းဒုံးကျည်စမ်းသပ်ရေး အဆောက်အဦတစ်ခု (သို့မဟုတ်) နှစ်ခုရှိသည်ဟု ပြောသည်။ စမ်းသပ်မှုသည် မည်မျှ ခရီးပေါက်နေမည် ဆိုသည်မှာ ရှင်းရှင်းလင်းလင်း မသိရသေးဟု အမည်မဖော်လိုသည့် အမေရိကန်အရာရှိတစ်ဦးမှ ထပ်မံပြောကြားခဲ့သည်။

သမ္မတ ထရမ့်နှင့် ခေါင်းဆောင် ကင်ဂျုံအန်တို့သည် ပြီးခဲ့သည့် ဇူလိုင်လက စင်ကာပူတွင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး နျူကလီးယားလျော့ချရေးကိုထိပ်သီးခေါင်းဆောင်နှစ်ဦးမှ သဘောတူညီခဲ့ကြသည်။

နျူကလီးယားဗွန်လွှတ်ရေးနှင့် ဒုံးလက်နက်များ အဆုံးသတ်ရေးမှာအမေရိကန်သည် မြောက်ကိုရီးယားခေါင်းဆောင်နှင့် တိကျသည့် ကတိကဝတ်များ မယူဘဲ လိုက်လျောခဲ့သည့်အပေါ် သမ္မတထရမ့်ကို ဝေဖန်ပြစ်တင်မှုများရှိခဲ့သည်။

လရောင်

အင်ဒိုတွင် လူပ်ခတ်ခဲ့သည့် လျှင်ကြောင့် တောင်တက်သမား ၂၀၀ကျော် ပိတ်မိ

လူပေါင်းများစွာ သေဆုံးခဲ့ရသည့် ငလျင်လှုပ်ခတ်မှုအပြီး အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံခြားသားခရီးသွားများ လာရောက်လေ့ရှိသည့် လွမ်ဘတ်ကျွန်းတွင် လူဦးရေ ၂၀၀ကျော်မျှရှိသည့် တောင်တက်သမားများ ပိတ်မိနေခဲ့သည်။ ငလျင်ကြောင့် မြေပြိုမှုများလည်း ဖြစ်ပေါ်ခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်ခဲ့ရသည်။ ကယ်ဆယ်ရေးလုပ်သားများသည် တောင်တက်သမားများ လာရောက်လေ့ရှိသည့် ရင်ဂျာနီတောင်ကို သွားရောက်နေကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်။

လူပ်ခတ်ခဲ့သည့် အင်အား ၆.၄ရှိ ငလျင်ဗဟိုပြု လူပ်ခတ်ခဲ့သည့်နေရာသည် ယင်းတောင်နှင့် သိပ်မဝေးဟုသိရသည်။ ငလျင်ကြောင့် အနည်းဆုံး ၁၆ဦးသေဆုံးခဲ့ပြီး ၁၆၀ဦး ဒဏ်ရာရရှိခဲ့သည်။ ဟယ်လီကော်ပတာများဖြင့် တောင်နံရံများမှ ပျံသန်းပြီး ရှာဖွေမှုများပြုလုပ်နေသည်။ ငလျင်ကြောင့် လွမ်ဘတ်နှင့် ဘာလီကျွန်းတွင် ထောင်နှင့်ချီသည့် နေအိမ်များပျက်စီးခဲ့ရပြီး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

ရင်ဂျာနီတောင်ကို တက်ခဲ့သည့် မလေးရှားနိုင်ငံသား ခရီးသွားလည်း သေဆုံးခဲ့ရသည်။ အခြားသော အင်ဒိုနီးရှားလူငယ်တစ်ဦးသည် ကျောက်တုံးများထိမှန်ပြီး သေဆုံးခဲ့သည်။ ပြင်သစ်၊ ထိုင်း၊ နယ်သာလန်နှင့် မလေးရှားနိုင်ငံခရီးသွားများသည် ငလျင်လှုပ်မည့်နေ့တွင် ထိုတောင်ကို တက်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့မှာ လာရောက်ကယ်ဆယ်မည့်သူများကို စောင့်ဆိုင်းနေကြသည်။ အာဏာပိုင်များက နိုင်ငံခြားသားခရီးသည်အများစု ပါသည့် လူ ၅၀၀ ဦးသည် ထိုတောင်မှ ဆင်းလာနိုင်ခဲ့သည်။ ယခုအထိ တောင်ပေါ်တွင် ပိတ်မိသောင်တင်နေသူ ၂၆၆ဦး ရှိသည်ဟု ထုတ်ပြန်ထားသည်။

လရောင်



ဇင်ဘာဘွေ ရွေးကောက်ပွဲ အာဏာရပါတီကို မဲမပေးဟုဆို



ဇင်ဘာဘွေနိုင်ငံကို နှစ် ၄၀နီးပါး အုပ်ချုပ်ခဲ့သည့် ယခင်နှစ်က ရာထူးမှ ဆင်းပေးခဲ့သည့် သမ္မတဟောင်း ရောဘတ်မူဂါဘီက ရွေးကောက်ပွဲတွင် အာဏာရပါတီကို မဲမပေးဟုပြောဆိုလိုက်သည်။ ၎င်း၏ မဟာမိတ်ဟောင်းလည်းဖြစ် ၎င်းရာထူးကို ယခုရယူထားသူလည်းဖြစ်သည့် အယ်မာဆင်မနန်ဂါဂွါသည် ၎င်းကို စိတ်အကြီးအကျယ်ဒုက္ခရောက်စေခဲ့သည့်အတွက် ထိုလူမျိုးကို မဲပေးမည်မဟုတ်ဟု မစ္စတာမူဂါဘီမှ သတင်းထောက်များကို ပြောကြားလိုက်သည်။

အာဏာရပါတီအစား အဓိကအတိုက်အခံဖြစ်သည့် ဒီမိုကရေစီပြောင်းလဲမှုဆိုင်ရာ လှုပ်ရှားမှုပါတီ MDC မှ Nelson Chamisa ကို ထောက်ခံမည်ဟု ပြောဆိုသည်။ ရောဘတ်မူဂါဘီနှင့် မစ္စတာ ချာမီဆာတို့အကြား တရားမဝင်သည့် သဘောတူညီချက်ရှိနေသည်ဟု မစ္စတာမနန်ဂါဂွါက ပြောဆိုလိုက်သည်။

ဇူလိုင်လ ၃၀ရက်တွင် ကျင်းပခဲ့သည့် ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲသည် နှစ်ပေါင်း ၄၀အတွင်း သမိုင်းတွင်ကျန်ရစ်မည်ဖြစ်သည်။ ပြီးခဲ့သည်နှစ် နိုဝင်ဘာဘတွင် သမ္မတဟောင်း မူဂါဘီကို စစ်တပ်မှ ရာထူးဖယ်ရှားပြီး ပထမဆုံး ရွေးကောက်ပွဲကျင်းပမည်ဖြစ်သည်။

မစ္စတာမူဂါဘီမှ ပထမဆုံးအကြိမ်သတင်းစာရှင်းလင်းပွဲတွင် အသက် ၇၅နှစ်ရှိသည့် မစ္စတာ မနန်ဂါဂွါကို မဲပေးမည်မဟုတ်ကြောင်း၊ ၎င်းအပေါ်တွင် အနိုင်ကျင့်သွားသည်ဟု ခံစားရမိကြောင်း၊ ထို့ကြောင့် အတိုက်အခံ MDC ပါတီခေါင်းဆောင် မစ္စတာချာမီဆာအား အရေအချင်းရှိသည့်အတွက် ၎င်းကို အနိုင်ရရှိစေကြောင်းပြောကြားခဲ့သည်။

မစ္စတာ ချာမီဆာသည် လွှတ်တော်အမတ်လည်းဖြစ်သည်။ ရှေ့နေ၊ တရားဟောဆရာလည်းဖြစ်သည့်အတွက် လူကြိုက်များသည်။ ဇင်ဘာဘွေတွင် မဲဆန္ဒရှင်အများစုက ခေတ်ပြောင်းချိန်ကို လိုလားနေကြသည်။ မစ္စတာ မူဂါဘီ၏ စကားအပြောအဆိုများအရ မစ္စတာချာမီဆာသည် မစ္စတာမူဂါဘီနှင့် အပေးအယူလုပ်ထားခြင်း ဖြစ်ကြောင်း။ ဇင်ဘာဘွေနိုင်ငံသစ်ပြန်လည်တည်ဆောက်ရေးဆိုသည့် မစ္စတာချာမီဆာ ရည်ရွယ်ချက်အပေါ်တွင် ယုံကြည်စရာမရှိကြောင်း မစ္စတာ မနန်ဂွါဂါမှ ဝေဖန်ပြီး ၎င်းကို မဲပေးရန် မိတ်ဆက်စကားပြောကြားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံသားများအတွက် နှစ်ပေါင်းများစွာ မစ္စတာမူဂါဘီလက်အောက်တွင် ဖိနှိပ်မှုများနှင့် စီးပွားရေးကျပ်တည်းမှုများကို ခါးစည်းခံခဲ့ရပြီး ပညာရေး၊ ကျန်းမာရေးနှင့် အလုပ်အကိုင်များဖန်းတီးပေးနိုင်သည့် အစိုးရသစ်ကို လိုလားနေကြခြင်းဖြစ်သည်။

လရောင်

ထရမ့်မှ အီရန်ကို ဆွေးနွေးရန်ကမ်းလှမ်း

ခြွင်းချက်တစ်စုံတစ်ရာမရှိဘဲ အီရန်ခေါင်းဆောင်များနှင့် အချိန်မရွေး တွေ့ဆုံဆွေးနွေးရန် အသင့်ရှိနေကြောင်း အမေရိကန်သမ္မတထရမ့်က ကမ်းလှမ်းခဲ့သည်။ အီရန်နှင့် ပတ်သက်သည့် နိုင်ငံတကာ နျူကလီးယားစာချုပ်မှ အမေရိကန်နှုတ်ထွက်ခဲ့ပြီး ပြည့်စုံလေးနက်သည့် စာချုပ်တစ်ခုနှင့် အစားထိုးလုပ်ဆောင်သွားရန် လိုလားကြောင်း အမေရိကန်သမ္မတမှ ပြောကြားခဲ့သည်။

အီရန်သမ္မတ ဟတ်ဆန်ရိဟာနီ၏ အကြံပေးတစ်ယောက်မှ သူတို့အနေဖြင့် ဆွေးနွေးလိုပါက အမေရိကန်အနေဖြင့် နျူကလီးယားစာချုပ်တွင် ပြန်လည်ပါဝင်သင့်သည်ဟုဆိုသည်။ သမ္မတ ထရမ့်မှလည်းအီရန်သည်သမိုင်းတွင် အမည်ဆိုးဖြင့် တွင်ကျန်ရစ်လိုက်မည်ဟု တုံ့ပြန်ခြိမ်းခြောက်ခဲ့သည်။

အမေရိကန်သမ္မတထရမ့်သည် အိမ်ဖြူတော်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အီရန်ခေါင်းဆောင်များနှင့် ကြိုတင်သတ်မှတ်စည်းကမ်းချက်များမပါသည့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် အသင့်ပြင်ပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်မှ တွေ့လိုလျှင် အသင့်ဖြစ်ကြောင်းနှင့် အီရန်သည် အခြေအနေမကောင်းဘဲ အခက်အခဲများရှိနေသည့်အတွက် မျက်နှာချင်းဆိုင်တွေ့ရန်ပိုလိုလားကြောင်း ထရမ့်ကပြောသည်။ သမ္မတထရမ့်အနေဖြင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံမှု ပြီးဆုံးသွားပြီးဖြစ်သည့်အတွက် သူ့အနေဖြင့် အပြုသဘောဆောင်သည့် မျက်နှာချင်းဆိုင်ဆွေးနွေးမှုများသည် အမေရိကန်ဘက်မှ အသိအမှတ်ပြုထားသည့် နိုင်ငံတကာအကြမ်းဖက်အဖွဲ့များကို ထောက်ခံသည့် ခေါင်းဆောင်များကို ကိုင်တွယ်နိုင်စွမ်းရှိသည်ဟု ယုံကြည်ထားခြင်းလည်းဖြစ်သည်။

ထရမ့်၏ ကမ်းလှမ်းမှုကို အီရန်နိုင်ငံခြားရေးဌာနမှ မည်သို့တွေ့ဆုံဆွေးနွေးမည်ပုံစံဖြစ်ပါစေ လက်မခံနိုင်သည့်အကြောင်း အမေရိကန်သည် လုံးလုံး လျားလျားယုံကြည် အားထား၍ မရကြောင်းလည်းတုံ့ပြန်ထားသည်။

လရောင်

ဟွန်ဆန် ကမ္ဘောဒီးယားရွေးကောက်ပွဲတွင် မဲအပြတ်အသတ်အနိုင်ရ

ကမ္ဘောဒီးယားနိုင်ငံတွင်ကျင်းပနေသည့် အထွေထွေရွေးကောက်ပွဲကို အပြတ်အသတ်အနိုင်ရရှိကြောင်း ၁၉၈၅ ခုနှစ်ကတည်းမှ နိုင်ငံကိုအုပ်ချုပ်ခဲ့သည့် ဝန်ကြီးချုပ် ဟွန်ဆန်က ပြောသည်။ ကမ္ဘောဒီးယားပြည်သူ့ပါတီ CPP သည် လွှတ်တော်အမတ် ၁၂၅ နေရာအနိုင်ရရှိခဲ့ပြီး မဲရလဒ် ၇၇.၅ ရာခိုင်နှုန်းရရှိခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့် ၅ နှစ်က ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲသည် ကျဉ်းမြောင်းသည့် မဲရလဒ်နှင့် ရှုံးနိမ့်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံပြန်လည်ကယ်တင်ရေးပါတီသည် ယခုအကြိမ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိပါ။ ယခုရွေးကောက်ပွဲသည် အယောင်ပြ အရေခြုံရွေးကောက်ပွဲဖြစ်ပြီး မဲရလဒ်ကို ပယ်ဖျက်ပေးရန်ကိုလည်း ၎င်းတို့ကကောင်းဆိုထားသည်။ ကမ္ဘောဒီးယားပြန်လည်ကယ်တင်ရေးပါတီသည် နိုဝင်ဘာလတွင် တရားရုံး၏ အမိန့်ဖြင့် ဖျက်သိမ်းခြင်းခံထားရခြင်းဖြစ်ပြီး ယခုအကြိမ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရရှိခဲ့ခြင်းလည်းဖြစ်သည်။

ယခင်ရွေးကောက်ပွဲတွင် ၎င်းတို့ပါတီသည် လွှတ်တော်အမတ် ၅၅ နေရာအထိ အနိုင်ရရှိခဲ့ပြီး ဝန်ကြီးချုပ် ဟွန်ဆန်၏ CPP ပါတီသည် ၆၈ နေရာ အနိုင်ရရှိခဲ့သည်။ ယခုတစ်ချိန်ရွေးကောက်ပွဲတွင် CPP သည် ၁၂၅ နေရာဖြင့် မဲအပြတ်အသတ်အနိုင်ရရှိခဲ့သည်။

ကမ္ဘောဒီးယားရွေးကောက်ပွဲသည် မသမာမှုများနှင့် ပြည့်နှက်နေကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောဆိုလိုက်သည်။ ကမ္ဘောဒီးယားအပေါ် အရေးယူမှုများ လုပ်ဆောင်သွားမည်ဟုလည်း ပြောသည်။ သမ္မတ ထရမ့်အစိုးရအနေဖြင့် ကမ္ဘောဒီးယား အရာရှိများကို ပြည်ဝင်ခွင့်ဗီဇာကန့်သတ်မှုချမှတ် အရေးယူရန်စဉ်းစားနေကြောင်းလည်း အမေရိကန်တာဝန်ရှိသူများက ပြောသည်။

အထွေထွေရွေးကောက်ပွဲတွင် မဲပေးသူ ၈၂ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ကျေးလက်နှင့် တောရွာမှ အလုပ်သမား၊ လယ်သမားအများစုသည် မဲပေးရန် ဖိအားပေးခြင်းခံခဲ့ရသည်ဟုလည်း စွပ်စွဲမှုများပေါ်ပေါက်ခဲ့သည်။ အမေရိ ကန်၏ စွပ်စွဲပြောဆိုမှုများကို ကမ္ဘောဒီးယား တာဝန်ရှိသူများက ငြင်းဆိုခဲ့ကြပြီး ရွေးကောက်ပွဲကို အခြားသောနိုင်ငံရေးပါတီ ၁၉ ခုမှကိုယ်စားလှယ်များလည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်ဟု သိရသည်။

လရောင်

ကောလာဟလများ ထွက်ပေါ်လာတဲ့ ဂျနီဖာတို့ ခိုတွဲ



အမေရိကန်အဆိုတော် ဂျနီဖာလိုပက်ဇ်နှင့်စေ့စပ်ခဲ့ကြောင်း ကောလာဟလများ ပေါ်ထွက်လာပြီးနောက် ၎င်း၏ချစ်သူ ဘော့စ်ဘောကစားသမားဟောင်း အဲလက်စ်ရိုဒရီဂူဇ်က ထိုသတင်းများကို ငြင်းပယ်ခဲ့သည်။ အသက် (၄၉) နှစ်အရွယ် ဂျနီဖာလိုပက်ဇ်လက်ထဲတွင် ကြီးမားသောလက်စွပ်တစ်ကွင်း ဝတ်ဆင်ထားသည်ကို တွေ့ရပြီးနောက် ထိုကောလာဟလသတင်းများပေါ်ထွက်လာသည်။

"အဲဒီလက်စွပ်က ကျွန်တော် ပေးခဲ့တာဟုတ်ပါတယ်။ ဒါပေမဲ့ လွန်ခဲ့တဲ့လေးလ၊ ငါးလလောက်ကတည်းကပေးခဲ့တာပါ။ ဒါကိုဂျနီဖာကလည်း သဘောကျတယ်။ သူနဲ့ဘယ်လောက်လိုက်ဖက်လဲဗျာ။ ဒါပေမဲ့ ဒီလက်စွပ်က စေ့စပ်လက်စွပ်မဟုတ်ပါဘူး။ ကျွန်တော်တို့ မစေ့စပ်ရသေးပါဘူး" ဟုအဲလက်စ်ရိုဒရီဂူဇ်က ဩဂုတ် ၁ရက် Today အစီအစဉ်တွင် ပြောသည်။

မိမိတို့နှစ်ဦးစလုံးသည် သားသမီးများရှိသည့် (၄၀)ကျော် အရွယ်များဖြစ်ပြီး တစ်ဦးကိုတစ်ဦးတန်ဖိုးထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဂျနီဖာလိုပက်ဇ်နှင့် အဲလက်စ်ရိုဒရီဂူဇ်သည် ၂၀၁၇ ဇေဖော်ဝါရီတွင် စတွဲခဲ့သည်။

လရောင် Ref-justjared



ဂီတလှုပ်ရှားမှုတွေ စတင်တော့မယ့် Girls' Generation အဖွဲ့သစ်

SM Entertainment ကုမ္ပဏီက Girls' Generation ကိုအဖွဲ့သစ်ပြန်လည်တည်ထောင်ကာဂီတလှုပ်ရှားမှုများ ပြုလုပ်မည်ဟု အတည်ပြုပြောကြားသည်။ ၂၀၁၇ အောက်တိုဘာတွင် အဖွဲ့ဝင်များဖြစ်သော တီဖန်နီ၊ ဆိုယောင်နှင့် ဆိုဟွန်တို့ SM Entertainment ကုမ္ပဏီမှ နတ်ထွက်ပြီးနောက် Girls' Generation အဖွဲ့သည်တရားဝင် ဖျက်သိမ်းခြင်းမဟုတ်သော်လည်း ဂီတလှုပ်ရှားမှုများ ရပ်တန့်ခဲ့သည်။

"Girls' Generation အဖွဲ့သစ်ကအခုနှစ်ဒုတိယနှစ်ဝက်မှာ တေးအယ်လ်ဘမ်သစ်တစ်ခုထုတ်ဖို့ ပြင်ဆင်နေပါတယ်။ အသေးစိတ်ကို နောက်ပိုင်းမှာထပ်ပြီး ကြေညာပေးသွားပါမယ်" ဟု SM Entertainment ကုမ္ပဏီကကြေညာသည်။ ၂၀၀၇ ကတည်းကစတင် တည်ထောင်ခဲ့သော Girls' Generation အဖွဲ့တွင် လက်ရှိ SM Entertainment နှင့် စာချုပ်ချုပ်ထားသည့် အဖွဲ့ဝင်တေ ယွန်၊ ယွန်အေ၊ ဟိုယီအွန်၊ ယူရီနှင့် ဆွန်နီတို့ ငါးဦးသာကျန်ရှိသဖြင့် Girls' Generation အဖွဲ့သစ်တွင် မည်သည့်အဖွဲ့ဝင်များ ထပ်မံပါဝင်လာမည်ကို ပရိသတ်များ စိတ်ဝင်တစားစောင့်မျှော်နေသည်။ လရောင်- alkpop

မီနီအယ်လ်ဘမ်သစ်ထုတ်မယ့် Red Velvet ကေပေါ့ပ်အဖွဲ့

အမျိုးသမီးကေပေါ့ပ်အဖွဲ့ Red Velvet သည် ဩဂုတ်တွင် မီနီအယ်လ်ဘမ်သစ်ထုတ် ဝေမည့်အကြောင်း ကြေညာခဲ့သည်။ Red Velvet သည် မီနီအယ်လ်ဘမ် 'Summer Magic' ကို ဩဂုတ် ၆ ရက်တွင် ဖြန့်ချီမည်ဖြစ်ပြီးခေါင်းစဉ်သီချင်း 'Power Up' အပါအဝင် တေးသီချင်းခုနစ်ပုဒ်ပါဝင်မည်ဖြစ်သည်။ SM Entertainment ကုမ္ပဏီက အမျိုးသမီးအဆိုရှင် ငါးဦးဖြင့်ဖွဲ့စည်းတည်ထောင်ခဲ့သော Red Velvet အဖွဲ့၏ ပထမဆုံးတေးအယ်လ်ဘမ် The Red သည် Billboard World Albums စာရင်းတွင် နံပါတ်(၁)နေရာအထိရရှိတည်နိုင်ခဲ့ပြီးဒုတိယမြောက်အယ်လ်ဘမ် Perfect Velvet သည် Red Velvet အဖွဲ့ကို အအောင်မြင်ဆုံးအမျိုးသမီးကေပေါ့ပ်အဖွဲ့တစ်ဖွဲ့အဖြစ် ပိုမိုကျော်ကြားလာစေသည်။

လရောင်
allkpop





ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်စာရင်းမှာ သီတင်းလေးပတ်ကြာ ရပ်တည်နေတဲ့ ဒရိတ်

ကနေဒါရက်ပ်ပါ အဆိုတော် ဒရိတ်သည်၎င်း၏ Scorpion တေးအယ်လ်ဘမ်ဖြင့် အမေရိကန်နိုင်ငံ၏ ရောင်းအား အကောင်းဆုံးတေးအယ်လ်ဘမ်စာရင်း Billboard ၂၀၀ တွင် နံပါတ် (၁) နေရာ၌ရပ်တည်နေသည်မှာ လေးပတ်မြောက်ရှိလာပြီဖြစ်သည်။ထို့ကြောင့် အသက် (၃၁) နှစ်အရွယ် ဒရိတ်သည် ၂၀၁၈ အတွင်း Billboard ၂၀၀ စာရင်း ထိပ်ဆုံး၌ သီတင်းပတ်အများဆုံးရပ်တည်နိုင်သည့် အနုပညာရှင်အဖြစ်မှတ်တမ်းဝင်ခဲ့သည်။

ဒရိတ်၏ ငါးခုမြောက်အယ်လ်ဘမ် Scorpion သည် တနင်္ဂနွေနေ့အထိ အချုပ်ရေ ၁၈၄,၀၀၀ကျော် အထိစံချိန် တင်ရောင်းချခဲ့ရသည်။

ထို့အပြင် ယင်းအယ်လ်ဘမ်တွင် ပါဝင်သည့် 'God's Plan'၊ 'Nice for What'၊ နှင့် 'In My Feelings' စသည့်သီချင်းများသည် Billboard Hot ၁၀၀ စာရင်း၏ နံပါတ် (၁) နေရာတွင် ရပ်တည်ခဲ့သည်။

ဒရိတ်သည် Degrassi: Next Generation ကနေဒါလူငယ်ဒရာမာဇာတ်လမ်းတွဲတွင် မင်းသားအဖြစ်ပါဝင်ရာမှ ကနဦးလူသိများခဲ့သော်လည်း ၂၀၁၀ ကစ၍ တေးအယ်လ်ဘမ်များစတင် ထုတ်ဝေခဲ့ရာ ၎င်း၏ဂီတသက် တမ်းတစ်လျှောက်၀ရစ်မီဆုသုံးဆု၊ MTV Video Music Awards နှစ်ဆုနှင့် American Music Awards ခြောက်ဆုစသည်ဖြင့် ဂီတထူးချွန်ဆုများစွာ သိမ်းပိုက်နိုင်ခဲ့သည်။

လရောင်
allkpop

ရော်နယ်ဒိုမရှိတော့သည့် ရီးရဲလ်ကို ပြန်တည်ဆောက်ခြင်းသည် ရင်ခုန်စရာကောင်းသောစိန်ခေါ်မှုဟု လိုပါတီဂူ ပြော



အသင်းရာဇဝင်တွင် အရေးအပါဆုံး ကစားသမားများအနက် တစ်ဦးဖြစ်သော ရော်နယ်ဒိုမရှိတော့သည့် ရီးရဲလ်အသင်းကို ပြန်လည်တည်ဆောက်ရခြင်းသည် ရင်ခုန်စိတ်လှုပ်ရှားစရာကောင်းသော စိန်ခေါ်မှုဖြစ်ကြောင်း ရီးရဲလ်နည်းပြ လိုပါတီဂူက ပထမဆုံး မီဒီယာနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

လိုပါတီဂူက မိမိတို့ရည်မှန်းချက်များ အောင်မြင်ရေးတိုက်ပွဲဝင်နိုင်သည်ဟု ယုံကြည်ထားကြောင်းလည်း ပြောကြားသည်။

တိုက်စစ်မှူးအသစ်တစ်ဦး ခေါ်ယူနိုင်ခြေနှင့်ပတ်သက်၍ မေးမြန်းရာ လိုပါတီဂူက မဖြစ်သေးသော ကိစ္စများနှင့်ပတ်သက်၍ မပြောလိုဟုဖြေကြားပြီး လက်ရှိတွင် မိမိ၌ကောင်းမွန်သော လူစာရင်းရှိထားကြောင်း ပြောသည်။

မိမိတို့တွင် ရာမို့စ်၊ ဗာရိန်း၊ မိုဒရစ်၊ ကို ဗာဆစ်စသော အထူးကောင်းမွန်သည့် ကစားသမားခြောက်ဦးအထိ အသင့်ရှိကြောင်း နှင့် လာမည့်ရာသီ၌ ဂါရတ်ဘေးလ် အနေဖြင့်လုပ်ဆောင်စရာကိစ္စများစွာရှိကြောင်း လိုပါတီဂူကပြောသည်။

ရီးရဲလ်သည် နိုင်ငံတကာ ချန်ပီယံများဖလားတွင် မန်ယူကို ၂-၁ ဖြင့် ရှုံးနိမ့်ခဲ့သည်။ အမေရိကန်တွင် ယှဉ်ပြိုင်နေသော အခြားပွဲစဉ်များတွင် စပါးက အေစီမီလန်ကို ၁-၀ ဂိုးဖြင့်နိုင်ပြီး ရိုးမားက ဘာစီလိုနာကို ၄-၂ ဂိုးဖြင့်အနိုင်ရခဲ့သည်။

ရီးရဲလ်သည် လာမည့်ရာသီ၏ ပထမဆုံးတရားဝင်ပွဲအဖြစ် ဩဂုတ် ၁၅ ရက် သန်းခေါင်ကျော်တွင် အက်သလက်တီတို့နှင့် ယူအီးအက်ဖ်အေစူပါဖလား ယှဉ်ပြိုင်ရန်ရှိပြီး လိုပါတီဂူက အကောင်းဆုံး ကြိုတင်ပြင်ဆင်နေကြောင်းပြောသည်။

ဂိုးသမား ကေလာနာဗတ်အနေဖြင့် ယခင်ကဲ့သို့ အရေးပါသောအခန်းကဏ္ဍကနေ၍ ဆက်လက်ပါဝင်မည်ဖြစ်ကြောင်း လိုပါတီဂူကပြောသည်။ ထိုအတောအတွင်း ရီးရဲလမှ ထွက်သွားသော နည်းပြဇီဒန်းကို မန်ယူက မော်ရင်ဟို၏နေရာတွင် အစားထိုးဖွယ်ရှိကြောင်း ကောလာဟလသတင်းများ ထွက်ပေါ်နေသည်။

မြတ်မင်းဇင်



ဘရာဇီးတိုက်စစ်မှူး ဂျီးဆပ်ကို မန်စီးတီးက ငါးနှစ်စာချုပ်သက်တမ်းတိုး

ဘရာဇီးတိုက်စစ်မှူး ဂါဘရီဂျီးဆပ်သည် ပရီးမီးယားလိဂ်ချန်ပီယံ မန်စီးတီးနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

မန်စီးတီးတွင် ပထမ ၁၈ လ အတွင်းခြေစွမ်းပြပြီးနောက် ၎င်းသည် ၂၀၂၃ အထိဆက်ရှိမည့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။ ၂၀၁၇ ဇန်နဝါရီက ပါမီးရက်စ်အသင်းမှ ရောက်ရှိလာသော ဂျီးဆပ်သည် မန်စီးတီးအတွက် ၅၃ပွဲ ကစားပြီး ၂၄ဂိုးသွင်းယူခဲ့သည်။

"ကျွန်တော်ဟာ ဒီမှာရှိနေတုန်းမှာ ပရော်ဖက်ရှင်နယ် ဘောလုံးသမားတစ်ယောက်အနေနဲ့ လူပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ တိုးတက်လာတဲ့အတွက်ကြောင့် မန်စီးတီးကိုလာဖို့ဆုံးဖြတ်ခဲ့တာဟာ ကျွန်တော့်ဘဝမှာ အကောင်းဆုံး ဆုံးဖြတ်ချက်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်" ဟု ဂျီးဆပ်(၂၁) နှစ်က မန်စီးတီးအသင်းတရားဝင်တက်ဘ်ဆိုက်မှ တစ်ဆင့်ပြောကြားသည်။

မိမိကိုခေါ်ယူရာတွင် နည်းပြ ဂွာဒီယိုလာတင်မဟုတ်ဘဲ အသင်းသည်လည်း အရေးပါသောအခန်းကဏ္ဍက ပါဝင်ခဲ့သည်ဟု ဂျီးဆပ်ကပြောသည်။

မန်စီးတီးအသင်း ညွှန်ကြားရေးမှူး ဘီဂျီရီစတိန်းက ဂျီးဆပ်သည် ကမ္ဘာ့အကောင်းဆုံး လူငယ်တိုက်စစ်မှူးများအနက် တစ်ဦးဖြစ်ပြီး ၎င်းကိုအသင်းတွင် ဆက်ရှိစေသောကြောင့် ပရိသတ်များပျော်ရွှင်မည်ဟု မျှော်လင့်ကြောင်းပြောကြားသည်။

ဘရာဇီးအတွက် ၂၂ ပွဲကစားပြီး ကမ္ဘာဖလားတွင် ငါးပွဲပါဝင်ကစားခဲ့သော်လည်း ဂျီးဆပ်သည် ဂိုးပေါက်ရာမတွေ့ဖြစ်ခဲ့သည်။

သို့သော် မန်စီးတီးနှင့်အတူ ပြီးခဲ့သည့် ရာသီက ပရီးမီးယားလိဂ်ဖလားနှင့် ကာရာဘောင်းဖလားတို့ရရှိပြီးနောက် ပွဲထွက်နေရာအတွက် ဂျီးဆပ်သည် အာဂျင်တီးနားတိုက်စစ်မှူး အဂူရိန့်ယှဉ်ပြိုင်ရန် အသင့်ရှိနေသည်။

မြတ်မင်းဇင်

တောင်ကိုရီးယားအတွက်ကစားရန် စပါးမှထွက်သွားခြင်းအတွက် ဆွန်ဟောင်မင်တောင်းပန်

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာရှအားကစားပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းအတွက် ကစားရန်ထွက်ခွာခဲ့သဖြင့် စပါးအသင်းဖော်များအား ဆွန်ဟောင်မင်က တောင်းပန်သည်။

ဩဂုတ် ၁၄ ရက်မှ စက်တင်ဘာ ၁ရက် အထိကျင်းပမည့် ယင်းပြိုင်ပွဲအတွက် တောင်ကိုရီးယား ယူ-၂၃စာရင်းတွင် သက်ကြီးကစားသမားသုံးဦး၌ ဆွန်ဟောင်မင် (၂၆) နှစ်လည်းပါဝင်သည်။

စပါးအနေဖြင့် ၎င်းကိုစေလွှတ်ရန် တာဝန်မရှိသော်လည်း ဆွန်ဟောင်မင်သည် တောင်ကိုရီးယားအတွက် ဖလားရရေး ကူညီပေးနိုင်ပါက ၂၁ လကြာ စစ်မှုထမ်းရမည့် အရေးမှ ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ ၎င်းသည် တောင်ကိုရီးယားနှင့် အတူ ၂၀၁၄ က အာရှဖလားရရှိခဲ့သည်။

ဆွန်ဟောင်မင်ကို ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုထားသော စပါးက ၎င်းကို တောင်ကိုရီးယားအတွက်သွားရောက်ကစားခွင့်ပေးခဲ့သည်။ စပါးသည် ဩဂုတ် ၁၁ ရက်တွင် ပရီးမီးယားလိဂ်အဖွင့်ပွဲ၌ နယူးကာဆယ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

"ကျွန်တော့်ရဲ့စပါးအသင်းဖော်တွေကို ချန်ထားခဲ့ရလို့ ကျွန်တော်ဝမ်းနည်းမိပါတယ်" ဟု ဆွန်ဟောင်မင်က ပြောသည်။

တောင်ကိုရီးယားသည် ကမ္ဘာ့ဖလားတွင် ဆွီဒင်နှင့် မက္ကဆီကိုကိုရှုံးကာ ဂျာမနီကို နိုင်ခဲ့သော်လည်း အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ ကမ္ဘာ့ဖလားအုပ်စုမှထွက်ရ၍ စိတ်ပျက်ရသော်လည်း ဖီဖာအဆင့် နံပါတ် (၁) ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီကို အနိုင်ရခဲ့၍ ဝမ်းသာမိကြောင်း ဆွန်ဟောင်မင်က ပြောသည်။

ဆွန်ဟောင်မင်က အသင်းဖော် တိုက်စစ်မှူး ဟယ်ရီကိန်း ကိုချီးကျူးပြီး ၎င်းသည် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးများအနက် တစ်ဦးဖြစ်ကြောင်း ပြောသည်။ တောင်ကိုရီးယားသည် အုပ်စု (E) တွင် မလေးရှား၊ ကာဂျစ်စတန်၊ ဘာရိန်း၊ ယူအေအီးတို့နှင့်အတူ ကျရောက်နေပြီး ဩဂုတ်၁၂ ရက်တွင် ဘာရိန်းကို ပွဲဦးထွက်ရင်ဆိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု (F) တွင် အီရန်၊ မြောက်ကိုရီးယား၊ ဆော်ဒီအာရေးဗီးယားတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

မြတ်မင်းဇင်



ပီအက်စ်ဂျီ၏ စိတ်ဝင်စားမှုကို တားဆီးရန် ချယ်လ်ဆီးက ကန်တီကို တစ်ပတ်လစာ နှစ်ဆနီးပါးဖြင့် ကမ်းလှမ်း



ပီအက်စ်ဂျီနှင့် ဘာစီလိုနာအသင်း၏ စိတ်ဝင်စားမှုရှိနေစဉ် ချယ်လ်ဆီးအသင်းက ၎င်းတို့သမိုင်းတွင် အများဆုံးလစာဖြင့် ကမ်းလှမ်း၍ ကွင်းလယ်လူ ကန်တီကို ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆိုရေး အဆိုပြုသည်။

ချယ်လ်ဆီးအသင်းက ပြင်သစ်နှင့် ကမ္ဘာ့ဖလားရရှိခဲ့သောကွင်းလယ်လူကို တစ်ပတ်လစာ ပေါင် ၂၉၀,၀၀၀ ဖြင့် အီဒင်ဟာဇက်ရရှိနေသော တစ်ပတ်ပေါင် ၂၀၀,၀၀၀ ထက် ဂိုသောလစာဖြင့် ကမ်းလှမ်းခြင်းဖြစ်သည်။

ကန်တီ၏လက်ရှိစာချုပ်သည် နောက်ထပ်သုံးနှစ်ကျန်ရှိသေးသော်လည်း ကာတာလူမျိုးတစ်ဦးပိုင်ဆိုင်သော ပီအက်စ်ဂျီထံမှ စိတ်ဝင်စားမှုကိုပယ်ရှားရေး ကန်တီ (၂၇) နှစ်ကို စာချုပ်သစ်ကမ်းလှမ်းခြင်းဖြစ်သည်။ ကန်တီ၏ လက်ရှိလစာသည် တစ်ပတ်လျှင် ပေါင် ၁၅၀,၀၀၀ ဖြစ်ပြီး နှစ်ဆခန့်အထိချယ်လ်ဆီးက တိုးမြှင့်ပေးခြင်းဖြစ်သည်။

ကန်တီ (၂၇) နှစ်သည် ပြင်သစ်အသင်းကမ္ဘာ့ဖလားဆွတ်ခူးရာတွင် အဓိကနေရာမှ ပါဝင်ပြီး မည်သည့်ပြင်သစ်ကစားသမားထက်မဆို တစ်ဖက်အသင်းမှ ဘောလုံးလုယူနိုင်ရေး အများဆုံးစွမ်းဆောင်နိုင်သူဖြစ်သည်။

လက်စတာအသင်းမှ ပေါင် ၃၂ သန်းဖြင့် ချယ်လ်ဆီးသို့ ရောက်ရှိလာပြီးနောက် ၂၀၁၆-၁၇ ပရီးမီးယားလိဂ်ဖလားရရှိသော အသင်းတွင်လည်း ကန်တီ (၂၇)နှစ်က အဓိကနေရာမှပါဝင်ခဲ့သည်။ အခြားအသင်းများက စိတ်ဝင်စားနေသော်လည်း ကန်တီသည် ချယ်လ်ဆီးအသင်းတွင် ပျော်ရွှင်နေပြီး လာမည့်နှစ် ချန်ပီယံလိဂ်နှင့် ချယ်လ်ဆီးလွဲချော်ခဲ့သော်လည်း ၎င်း၏အနာဂတ်အပေါ်လည်း ပူပန်ပုံမရပေ။

လက်စတာနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆုရရှိသော ကန်တီသည် ချယ်လ်ဆီးနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံနှင့် အက်ဖ်အေဖလားချန်ပီယံဆုများ ရရှိခဲ့သည်။ ကန်တီသည် ကမ္ဘာ့ဖလားပြိုင်ပွဲပြီးနောက် သီတင်းသုံးပတ်ကြာအနားယူနေပြီး ဩဂုတ် ၆ ရက်တွင် အသင်းသို့ပြန်လည် ရောက်ရှိလာမည်ဖြစ်သည်။

ထိုအတောအတွင်း ချယ်လ်ဆီးက ကွင်းလယ်လူ ဟာဇက်ကိုလည်း တစ်ပတ်လစာ ပေါင် ၃၀၀,၀၀၀ ဖြင့် စာချုပ်သစ်ကမ်းလှမ်းရန် ပြင်ဆင်နေသည်ဟုဆိုသည်။ ဂိုးသမား ကော့တွိုက်စ်ကို စာချုပ်သစ်ကမ်းလှမ်းမည်ဖြစ်သော်လည်း ကော့တွိုက်စ်က စိတ်မဝင်စားဟုဆိုသည်။

မြတ်မင်းဇင်







ကယ်လီဖိုးနီးယားတွင် ကမ္ဘာ့အကြီးဆုံးမီးသတ်လေယာဉ် အသုံးပြုခဲ့

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် မြောက်ပိုင်းတွင် တောမီးအကြီးအကျယ်လောင်နေခြင်းကြောင့် မီးသတ်သမား ၂ဦး အသက်ဆုံးရှုံးခဲ့ရပြီး လူသောင်းနှင့်ချီ၍ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ တောမီးသည် ကယ်လီဖိုးနီးယား မြောက်ပိုင်းတွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှုကြောင့် လေဆင်နှာမောင်းပုံစံမျိုး ပြင်းပြင်းထန်ထန်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု မီးသတ်အရာရှိတစ်ဦးမှ ပြောသည်။

မီးလောင်နေသည့် သစ်ပင်များသည် အမြစ်မှ ကျွတ်ပါသွားခဲ့ပြီး ကားများ ဇောက်ထိုးမိုးမျှော်ဖြစ်သွားခဲ့သည်။ ရေဂါလဲ ၂သောင်းနီးပါးဆုံးသည့် ကမ္ဘာ့အကြီးဆုံး မီးသတ်လေယာဉ်ဖြင့် မီးငြိမ်းသတ်ရန် ပြင်ဆင်နေသည်။ မီးကြောင့်အဆောက်အဦ ၅၀၀ထက်မနည်း ပျက်စီးလောင်ကျွမ်းခဲ့ပြီး ထောင်နှင့် ချီသည့် လူနေအိမ်များကိုပါ ကူးစက်လောင်ကျွမ်းနိုင်သည့် အခြေအနေတွင်ရှိနေသည်။

မီးသတ်သမားများ အားစိုက်ကြိုးစား ငြိမ်းသတ်နေပြီး ၅ရာခိုင်နှုန်းမျှသာ ငြိမ်းသတ်နိုင်ခဲ့သည်။ ဇက ၄၈၀၀၀ကျော်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ထိုအကျယ်အဝန်းသည် ဆန်ဖရန်စစ္စကိုမြို့ဧရိယာထက်ကြီးသည်။ ထောင်နှင့်ချီသည့် မီးသတ်သမားများသည် တောမီးများကို ငြိမ်းသတ်နိုင်ရန် ဆက်လက်ကြိုးစားနေဆဲဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် မီးသတ်အရာရှိတစ်ဦးနှင့် မီးသတ်ဌာနမြေထိုးစက်မောင်းသူတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။


မီးကြောင့် လေပူများ မွှေ့ရမ်းလည်ပတ်ရာမှ လေပွေမွှေ့သလိုဖြစ်ပြီး မီးလောင်နေသည့် သစ်ရွက်သစ်ကိုင်းများကို သယ်ဆောင်တိုင်ခတ်ခဲ့သည့် အတွက် အလျင်အမြန်ကူးစက်လောင်ကျွမ်းခဲ့ရခြင်းဖြစ်သည်။ မီးလေဆင်နှာမောင်းသည် ပေ ၂၀၀ကျော်အမြင့်အထိရောက်ပြီး အပူချိန်မှာ ၁၀၀ဝစင်တီဂရိတ်အကျော်တွင်ရှိနေနိုင်သည်။ လူများကယ်ထုတ်ရာတွင် ကားလမ်းပိတ်ဆို့မှုများကြောင့် ခြေကျင်ဘေးလွတ်ရာ ပြေးခဲ့သူများလည်းရှိသည်။ ကျန်နေသည့်သူများကိုလည်း နေအိမ်များမှ ထွက်ခွာသွားကြရန် မီးသတ်နှင့် ရဲများက တစ်အိမ်တက်ဆင်းလိုက်လံ စော်အော်နေကြသည်။ တောမီးသည် အမေရိကန်ပြည်ထောင်စုတွင် အမြဲလောင်ကျွမ်းလေ့ရှိသည့် တောမီး ၉၀များထဲမှ တစ်ခုဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် ပြင်းထန်သည့်နွေရာသီရောက်လျှင် တောမီးလောင်လေ့ရှိပြီး ယခုတောမီးသည် ၁၀စုနှစ်အတွင်း အဆိုးဆုံးလောင်ကျွမ်းမှုဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။ အထူးသဖြင့် ၂၀၁၈ခုနှစ်မှ ၂၀၁၇ခုနှစ်အတွင်း မိုးခေါင်ပြီး သစ်ပင်များသေဆုံး၍ ခြောက်သွေ့နေခြင်းကြောင့် မီးကို ပိုမိုဆိုးရွားစေခြင်းဖြစ်သည်။



လရောင်

ကန်ဒေါ်လာတစ်ထရီလီယံတန်ဖိုးရှိ ပထမဆုံးအများပိုင် ကုမ္ပဏီအက်ပ်ပဲလ်ဖြစ်လာ



အက်ပ်ပဲလ်ကုမ္ပဏီသည် ကန်ဒေါ်လာတစ်ထရီလီယံတန်ဖိုးရှိသည့် ကမ္ဘာ့ပထမဆုံးအများပိုင်ကုမ္ပဏီဖြစ်လာသည်။ iPhone ထုတ်လုပ်သည့် ယင်းကုမ္ပဏီ၏ စျေးကွက်တန်ဖိုးသည် နယူးယောက်တွင် ကြာသပတေးနေ့က ယင်းတန်ဖိုးသို့ ရောက်ရှိပြီးရုပ်ယာစျေးကွက် ပိတ်ချိန်တွင် စျေးနှုန်း ၂၀၇ဒသမ ၃၉ ဒေါ်လာသို့ စံချိန်တင်မြင့်တက်ခဲ့သည်။

ဖွန်လအထိ သုံးလအတွက် မျှော်လင့်ထားသော ရလဒ်ထက်ပိုကောင်းကြောင်း သတင်းထွက်ပေါ်မှုနှင့် အတူရုပ်ယာစျေးသည် အဂိါနေကတည်းက မြင့်တက်ခဲ့သည်။ အက်ပ်ပဲလ်သည် ဆီလီကွန်တောင်ကြားပြိုင်ဘက်များဖြစ်သော အမေဇုန်နှင့် မိုက်ကရိုဆော့ဖ်တို့ကဲ့သို့ ကုမ္ပဏီများကို ကျော်တက်ကာတန်ဖိုးကန်ဒေါ်လာတစ်ထရီလီယံသို့ ရောက်ရှိသောပထမဆုံးကုမ္ပဏီဖြစ်လာခဲ့သည်။

၂၀၀၇ က iPhoneများပထမဆုံးရောင်းချပြီး နောက်ပိုင်းအက်ပ်ပဲလ်၏ ရှယ်ယာများ ၁,၁၀၀ရာခိုင်နှုန်းမြင့်တက်ပြီး ယမန်နှစ်ကသုံးပုံတစ်ပုံခန့်မြင့်တက်ခဲ့သည်။

၁၉၈၀ က ယင်းကုမ္ပဏီပထမဆုံးစာရင်းဝင်ပြီးနောက်ပိုင်းဆိုပါက ၅၀,၀၀၀ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ အက်ပ်ပဲလ်သည် ၁၉၇၆ က ပူးတွဲတည်ထောင်သူစတီဗ်ဂျော့ဘ်၏ ကားဂိုဒေါင်၌ စတင်ခဲ့ပြီး Mac တစ်ကိုယ်ရေသုံးကွန်ပျူတာများဖြင့် လူသိအများဆုံးဖြစ်ခဲ့ကာစမတ်ဖုန်းများဖြင့် အက်ပလီကေးရှင်းစီးပွားရေးတွင် လမ်းပွင့်ခဲ့သည်။

၂၀၁၁ က ဆုံးပါးသွားသောဂျော့ဘ်၏ နေရာကိုအမှုဆောင်အရာရှိချုပ်တင်မိကွတ်ခ်က ဆက်ခံပြီး အက်ပ်ပဲလ်၏ ချမ်းသာမှုအဖြစ် အသွင်ပြောင်းလာမည့် iPhone များ တီထွင်မှုကို ၎င်းက ဦးဆောင်ခဲ့သည်။ ၂၀၀၆ က ယင်းကုမ္ပဏီ၏ ရောင်းအားကန်ဒေါ်လာဘီလီယံ ၂၀ ထက် လျော့နည်းခဲ့ပြီးအမြတ်ကန်ဒေါ်လာ နှစ်ဘီလီယံခန့်ရရှိခဲ့သည်။

ပြီးခဲ့သည့်နှစ်က ၎င်းတို့၏ ရောင်းအားကန်ဒေါ်လာ ၂၂၉ ဘီလီယံအထိရှိပြီး အမြတ်ကန်ဒေါ်လာ၄ဒသမ ၄ ဘီလီယံရရှိရာ အမြတ်ဆုံးရုပ်ယာစျေးကွက်စာရင်းဝင် အမေရိကန်ကုမ္ပဏီဖြစ်လာသည်။ ၂၀၀၇ က ရှန်ဟိုင်းတွင် စတင်သည့် Petro China ကုမ္ပဏီသည် အချိန်တိုအတွင်း တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၁ ထရီလီယံသို့ အလျင်အမြန်ရောက်ရှိခဲ့သော်လည်း တရုတ်အစိုးရက ရှယ်ယာအများစုကို ထိန်းချုပ်ထားသည်။ ယင်းကုမ္ပဏီသည် ယခုအခါ ကန်ဒေါ်လာဘီလီယံ ၂၂၀ တန်ဖိုးရှိသည်။

လရောင်

Ref: BBC